TWO CATS PUBLICATION

မောင်မျိုး
စီစဉ်သည်

# တာရာမင်းဝေ

## ကတ်ကြေးတစ်လက်နှင့် ကောင်းကင်တစ်ထည်



## ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ........ | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ........ | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ........ | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းကမ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
★ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
★ ပြည်တွင်း၊ ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ ။ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာမူခွင့်ပြုချက်အမှတ်
၅၀၀၁၂၃၀၅၀၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၇၂၁၀၅၀၆

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

**မောင်မျိုး**
(ကြောင်နှစ်ကောင်စာပေ)
စီစဉ်သည်

## အပျိုကြီးမမ

နှစ်ဆယ်ကျော် အစိတ်ပိုင်းမှာလ
အရွယ်တော် တစ်ဆိတ်ဟိုင်းပြီမို့
စိတ်တိုင်းကျ တွေ့မယ်မထင်။

မတန်မှ ရွေးလှချည်ရဲ့
ကံပေးလျှင် လိုရာရောက်လိမ့်မပေါ့
ဖောက်စရာ မာန်ကိုယ့်လို့
ကြောင်းမဆုံ နှောင်းပုံအလုပ်ကာယ်နှင့်
ခေါင်းသုံးလျှင် ရောင်းကုန်ပုပ်မှဖြင့်
(ခင်ရယ်) ကောင်းကောင်း မပဟုတ်ချင်…။

ရမလို လိုတာမရတာနှင့်
မအပျို ကိုယ်မှာ သ,တော့မပဟဲ့လို့
အိုကာမှ တန်ဆာဆင်
ချော်… ဇရာအသွင်ဟာမို့ မြင်သူမုန်း။

ဈေးမကွဲခင်
ကြေးနည်းတာ မမြော်မြင်နဲ့တော့
ခေါင်ငင်ကာ တွင်အောင်ရောင်းပါမှ
ကုန်ကောင်းဆို အမြန်မနှင်လို့
အမှန်ပင် ရက်ကြာလို့ နေးတော့ကာမ
လျှော့ဈေးလေလံဆိုင်၌
ဈေးမကိုင် အနိုင်ထုတ်ရတော့
ရေးမသာ ဆွေးကာစုတ်တယ်
အိုကွယ်… ကြေးယုတ်လို့ရှုံး။

မဟာဂီတ ဦးပြုံးချို

# နိဒါန်း

[က]

ဆိတ်သိုး(ခေါ်)ထွန်းမြင့်သည် လက်ဖက်ရည်ကြိုက်သူ ဖြစ်၏။ လက်ဖက်ရည်စွဲနေသူဟု ပြောလျှင် ပိုမှန်မည်။ ထားပါတော့…။ ထိုအချက်တွေက အရေးမကြီးပါ။ ယခု ထွန်းမြင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲမှာ လက်ဖက်ရည်ကျဆိမ့်ကို မှာယူသောက်သုံးနေသည်။ နာမည်ကြီးလက်ဖက်ရည်ဆိုင်ဖြစ်၏။ တစ်ငုံသောက်ကြည့်ရုံနှင့် လျှာကြောထဲမှာ စိမ့်သွားသည်။

ဆိုင်က ဝိုင်းတိုင်းမှာ လူပြည့်နေသည်။ စကားသံတွေ ဆူညံပွက်လို့က်နေ၏။ မထင်မှတ်သော ဝေဒနာတစ်ရပ်ကို ဆိတ်သိုး(ခေါ်)ထွန်းမြင့် အရေးပေါ် ခံစားလိုက်ရသည်။ ဝမ်းသွားချင်လာခြင်း ဖြစ်၏။ မခံနိုင်လောက်အောင်ကို ဗိုက်က ရစ်ပြီးနာလာသည်။ မည်သို့မျှ မထိန်းချုပ်နိုင်တော့သဖြင့်…

"ဟော့…။ ရှတ်…ရှတ်"

စားပွဲထိုးကို လှမ်းခေါ်သည်။ မည်သည့်စားပွဲထိုးကမှ သူခေါ်သည်ကို မကြား။ စိတ်မရှည်နိုင်သည့်အဆုံး ကောင်တာဆီ သူ ထသွားလိုက်သည်။ ငွေကိုင်နေသည့် ဆိုင်ရှင်ဖြစ်ဟန်တူသူကို…

"ကျွန်တော် အိမ်သာတက်ချင်လာလို့၊ ကူညီပါ"

ထိုလူက ဆိတ်သိုး(ခေါ်)ထွန်းမြင့်ကို တစ်ချက်မော့ကြည့်ပြီး စားပွဲထိုးများကို ဘဲလ်တီးခေါ်လိုက်သည်။

"ဟော့…တစ်ယောက်လာစမ်း။ အိမ်သာလိုက်ပြပေးလိုက်။ တို့အစ်ကို ကျင်ကြီးစွန့်မလို့တဲ့"

"ဟာ…"

အားလုံးက ဝိုင်းကြည့်ကြသဖြင့် ဆိတ်သိုး(ခေါ်)ထွန်းမြင့် ရှက်သွားသည်။ သို့သော်လည်း ထိုခံစားချက်ကလေးကို အမှုမထားအား။ စားပွဲထိုးလေးခေါ်သွားရာ အိမ်သာဆီသို့ ကပျာကယာ လိုက်သွားရသည်။ စားပွဲထိုးလေးက အိမ်သာကို လက်ညှိုးထိုးညွှန်ပြပြီး ထွက်သွားသည်။ ဆိတ်သိုး(ခေါ်)ထွန်းမြင့် ဝမ်းသာအားရဖြင့် အိမ်သာဆီ ပြေးသွားသည်။ (ပြောရတာလည်း မကောင်းချေ)

သို့သော်…

"ဟာကွာ…"

အိမ်သာထဲမှာ လူရှိနေသည်။ သူ အတော်အခံရခက်သွား၏။ ဗိုက်ကိုနှိပ်ရင်း အိမ်သာရှေ့မှာ စောင့်နေရသည်။ ငါးမိနစ်ခန့် ကြာသည်အထိ အိမ်သာထဲမှ လူက ထွက်မလာချေ။ သည်းမခံနိုင်သည့်အဆုံး…

"ဒေါက်…ဒေါက်…ဒေါက်"

အိမ်သာတံခါးကို ခေါက်ကာ…

"အထဲက ပုဂ္ဂိုလ်…ကိစ္စပြီးရင် ထွက်ပါတော့ဗျာ။ ဒီမှာ နောက်လူက မအောင့်နိုင်တော့ဘူး"

ထိုအခါကျမှ အိမ်သာထဲမှ ရေဆွဲချသံ ကြားရ၏။ ဆိတ်သိုး(ခေါ်)ထွန်းမြင့် အတော်နားဝင်ချိုသွားလေသည်။ (ပြောရတာလည်း မကောင်းချေ) ဂျက်ဖွင့်သံ ကြားရ၏။ တံခါး ပွင့်သွား၏။

"ဟင်…"

အိမ်သာထဲမှ ထွက်လာသူလည်း မရှိချေ။ အိမ်သာကတော့ ဟောင်းလောင်းဖြစ်သွားပြီ။ ထွက်သွားသော ခြေသံကိုလည်း ကြားရသည်။ သို့သော် ထိုနေရာမှာ ဆိတ်သိုး(ခေါ်)ထွန်းမြင့်မှလွဲ၍ အခြား

မည်သူမှလည်း မရှိချေ။ အိမ်သာမှာ (ထိုလူ)ဆွဲချသွားသောရေသံက တဝေါဝေါ ကြားနေရဆဲ။ ဆိတ်သိုး(ခေါ်)ထွန်းမြင့် ကြက်သီး တဖြန်းဖြန်းထပြီး...

"အား..."

အစာဟောင်းများက သူ့ကို စွန့်ခွာခွင့် ရလိုက်ပါသည်။ သို့သော် အိမ်သာထဲမှာတော့ မဟုတ်ချေ။

●

[၁]

ညနေခင်းက သာယာပါသည်။ လမ်းပေါ်မှာ လူသူရှင်းလင်းနေသည်။ စုစုမင်းတစ်ယောက် သူ့ထုံးစံအတိုင်း တစ်ကိုယ်တည်း လမ်းလျှောက်လာသည်။ လမ်းလျှောက်နေရင်းနှင့်ပဲ ထူးခြားမှု တစ်စုံတစ်ရာကို သူမ သတိထားမိသည်။ သူမအနောက်မှ တစ်ယောက်ယောက် လိုက်လာခြင်းဖြစ်သည်။ ခြေသံကို ကြားနေရသည်။

သည်လမ်းမှာ သူခိုးတွေ၊ ခါးပိုက်နှိုက်တွေတော့ မရှိ။ သူမကို ရည်းစားစကားပြောရန် လိုက်လာသော လူငယ်တစ်ယောက်ယောက် ဖြစ်လိမ့်မည်။ လှည့်မကြည့်မိရန် စိတ်ကို ချုပ်ထိန်းထားလိုက်သည်။

"ကန်မလေးနော်...၊ အားကြီးလှတယ်။ မာမူနော်...၊ ချိမိတယ်"

'မြတ်စွာဘုရား'ဟု စိတ်ထဲမှ ရေရွတ်မိသည်။ ဘယ်က ကုလားကြီးက ရည်းစားစကားလိုက်ပြောသည် မသိ။ 'ချစ်မိတယ်'လည်း မဟုတ်။ 'ချိမိတယ်'တဲ့။

"ကန်မလေးနော်...၊ မာမူကြီးကို ပြန်ချိရင် နွားနို့ အများကြီးသောက်ရမယ်။ ပလာတာနော်...၊ စားရမယ်"

လာ...လာချည်သေး။ စုစုမင်း ရှက်လည်းရှက်၊ ဒေါသလည်း ထွက်လာသည်။ ခြေလှမ်းကို အရှိန်မြှင့်ပြီး သွက်သွက်လှမ်းလိုက်သည်။ သို့သော်လည်း နောက်မှ ကုလားကြီးက ထပ်ချပ်ပါလာဆဲ။

"ကန်မလေးရဲ့အချိကို ရဖို့နော်...။ မာမူ... မီးနင်းပြမယ်"

"ရှင် ကျွန်မကို..."

စုစုမင်း ချာခနဲလှည့်ပြီး ရန်တွေ့ရန် ပြင်ခြင်းဖြစ်၏။ သို့သော်

စကားကပင် ရှေ့မဆက်ဘဲ ရပ်သွားသည်။ သူမ၏ အနောက်မှာ မည်သူ့ကိုမှ မတွေ့ရသောကြောင့် ဖြစ်သည်။ သူမ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ အခုပဲ သူမနောက်မှာ ရှိနေသူက ခုပဲ ဘယ်ရောက်သွားသည်မသိ။ ခပ်လှမ်းလှမ်းမှာတော့ ထိပ်ပြောင်ပြောင် လူကြီးတစ်ယောက်ကို တွေ့ရသည်။ သို့သော် ထိုလူကြီးတော့ မဖြစ်နိုင်။ ထိုလူကြီးကပင်လျှင် သူမဖြစ်နေပုံကို အံ့ဩသလို လှမ်းကြည့်နေသည်။

စုစုမင်း ဇဝေဇဝါနှင့် လမ်းဆက်လျှောက်လိုက်သည်။

"ကန့်မလေးရယ်…။ လက်ချမားရဲ့ ရင်ထဲကို လှုပ်ခါစေပါတယ်"

လာပြန်ပြီ။ ဘေးဘီဝဲယာကို လှည့်ကြည့်သည်။ မည်သူ့ကိုမှ မတွေ့။ စုစုမင်း အနည်းငယ် တုန်လှုပ်လာသည်။ နောက်မှ ထိပ်ပြောင်ကြီး မီလာသည်ကို စောင့်ပြီး…

"ဦး…။ သမီး ဦးနဲ့အတူ လိုက်ခဲ့ပါရစေ"

"အေး…။ ဦးလည်း လှမ်းကြည့်နေတာ။ သမီးတစ်ယောက်တည်း ဘာဖြစ်နေတာလဲ"

"အသံ…အသံကြားနေရတယ်"

"ဟေ…။ ဘာသံလဲ"

"ဟိုလေ…ကျွန်မကိုပြောတဲ့ စကားသံ။ လူလည်းမမြင်ရဘဲ အသံပဲ ကြားနေရတယ်"

ထိပ်ပြောင်ကြီးက သူမကို မသင်္ကာသလို စေ့စေ့ကြည့်သဖြင့်…

"ကျွန်မ အရူးမဟုတ်ပါဘူး ဦးရယ်…။ အကောင်းကြီးပါ။ ခုလည်း ကျွန်မ တကယ်ပြောတာပါ"

ထိပ်ပြောင်ကြီးက အနီးအပါးကို လှည့်ပတ်ကြည့်ပြီး…

"ဘယ်သူမှ မရှိပါဘူး သမီးရဲ့"

ထိုစဉ်မှာပဲ…

"ကန်ကလေးနော်။ မမြင်ဘဲ မပြောနဲ့။ မာမူ စိတ်ဆိုးတယ်"

ထိပ်ပြောင်ကြီး မျက်လုံးပြူးသွားသည်။ စုစုမင်းက ဆွေ့ဆွေ့ခုန်လျက်…

"အဲဒီ့အသံပဲ…အဲဒီ့အသံပဲ။ သမီးပြောတာ အဲဒါ…"

ထိပ်ပြောင်ကြီးက လက်ထဲမှ ဖိုင်တွဲကြီးကို ဝေ့ရမ်းရင်း…

"ဟော့…ဘယ်သူလဲကွ"

"ငါပဲကွ"

"ဘယ်ကလဲကွ"

"ကာလကတ္တားကကွ"

စုစုမင်း ဒူးတဆတ်ဆတ်တုန်မိရင်းက…

"ဦး…လုပ်ပါဦး။ ဦး…ဟင်…ဦး…ဦး…"

ထိပ်ပြောင်ကြီးက သတိလစ် မေ့မျောပြီး သူမအပေါ် လဲပြိုကျလာသဖြင့် သူမ အနိုင်နိုင် တွန်းထားရလေသည်။

●

[၀]

မောင်မောင်ညွန့်ဝင်းအဖို့ ယခုကဲ့သို့ ယမင်းသူနှင့် တစ်ဝိုင်းတည်း ထိုင်ပြီး စကားပြောရခြင်းသည် ကြည်နူးခြင်းအတိ ပြီးရလေသည်။ သို့သော် တစ်ကိုယ်လုံး ယားယားလာခြင်းက ခက်သည်။

''ယမင်းလို ကောင်းခြင်းငါးဖြာပြည့်စုံတဲ့ မိန်းကလေးတစ်ယောက် အဖို့…။ အား…ဟာ…''

ဂုတ်ပိုးတစ်လျှောက်မှာ တရွရွနှင့် ယားယံခံစားရသည်။ မနေသာသဖြင့် လက်နှင့်ပြန်သပ်လိုက်တော့ ကြက်မွှေးတစ်ချောင်းကို တွေ့ရသည်။ သူ့ကို စူးစူးကြည့်နေသော ယမင်းသူကို ရယ်ပြရင်း…

''ဘယ်က ကြက်မွှေးလည်း မသိဒါဘူး ယမင်းရယ်။ လူ တစ်ကိုယ်လုံးကို ယားနေတာပဲ''

ကြက်မွှေးကို စားပွဲပေါ် ချပြ၍ သက်သေပြုရင်း စကားဆက်ပြောရသည်။

''ခုခေတ်မှာ အရမ်းရှားပြီး အရမ်းတန်ဖိုးရှိ…။ အဟီး… အဟီး…အဟင့်…''

ယမင်းသူက မျက်မှောင်ကြုတ်ကာ မေးသည်။

''ဘာဖြစ်နေတာလဲ''

''ယားလို့''

''ယားရပြန်ပြီ''

မောင်မောင်ညွန့်ဝင်းက နောက်ဘက်ကို လက်နှင့် ပြန်သပ်ရင်း

''ဟာ…ကြက်မွှေးပဲကိုး''

''ရှင် ဘာတွေလုပ်လာလို့လဲ။ ကြက်ခြံထဲ ဝင်လာလား''

''တောက်တီးတောက်တဲ့ ယမင်းရယ်။ ရေမိုးချိုးပြီး ယမင်းဆီ တန်းထွက်လာတာ''

မောင်မောင်ညွှန့်ဝင်းက ထိုကြက်မွှေးကို စားပွဲပေါ်သို့ သက်သေခံ ပစ္စည်းအဖြစ် ထပ်အချ သူ့ဘာသာ မျက်လုံးပြူးသွားကာ ယမင်းသူကို မေးသည်။

''ခုနက ချထားတဲ့ ကြက်မွှေးကော...''

''အခု ရှင့်လက်ထဲကဟာ ခုနက ကြက်မွှေးပဲလေ''

''ဟင်...။ ခုနက ကြက်မွှေးကပဲ ပြန်ခုန်တက်ပြီး...။ ဟို...''

မောင်မောင်ညွှန့်ဝင်း ဘာထပ်ပြောရမှန်း မသိတော့။ ယမင်းသူ ကလည်း အတော်စိတ်ညစ်နေပြီ။ ထိုစဉ်မှာပဲ မောင်မောင်ညွှန့်ဝင်းက မရိုးမရွဖြစ်လာပြီး...

''ဟား...ဟား...ဟီးဟီး...ဟိုးဟိုး...''

တစ်ကိုယ်လုံး ထိုးထိုးထွန့်ထွန့်ဖြစ်လာသည်။ ဘေးဝိုင်းတွေက ဝိုင်းကြည့်နေသဖြင့် ယမင်းသူ ရှက်လာသည်။

''တစ်ယောက်ယောက်က ကလိလာထိုး...။ ဟားဟား... ဟီးဟီး...ဟိုးဟိုး...နေသလိုပဲ။ ဟားဟား...''

ယမင်းသူ ထိုင်ရာမှ ဆတ်ခနဲထကာ...

''ရှင့်မှာ ဝက်ရူးပြန်ရောဂါရှိမှန်း ခုမှပဲ သိတော့တယ်''

''အိုး...။ မဟုတ်...ဟီးဟီး...ဘူးလေ။ ယမင်း...။ ဟား... ယမင်း...ဟိုးဟိုး''

ယမင်းသူကို သူ တား၍ မရလိုက်ပါ။ ချာခနဲ လှည့်ထွက်သွားပါ တော့သည်။ ထွန့်ထွန့်လူးနေသော မောင်မောင်ညွှန့်ဝင်းက ခြေကားယား လက်ကားယားဖြင့် ကျန်ရစ်ခဲ့သည်။

''ယမင်းလို...ဟားဟား...မိန်းကလေးတစ်ယောက်ကို အဟိ... ကိုညွှန့်ဝင်းကလေ...ဟိုးဟိုး''

●

[ဃ]

စာရေးဆရာတစ်ယောက်၏
ကဗျာတစ်ပုဒ်အမည်အတိုင်း ပြောရမည်ဆိုလျှင်

"ဘာတွေ ဖြစ်ကုန်ကြပြီလဲ"

"ဘာတွေ ဖြစ်ကုန်ကြပြီလဲ"

"ဘာတွေ ဖြစ်ကုန်ကြပြီလဲ"

●

[၁]

"နေပါဦး လူလူရဲ့။ မင်းက ဘာရည်ရွယ်ချက်နဲ့ ငါ့ကို ဒီကဗျာ ထုတ်ပြရတာလဲ"

ကိုဂျပန်ကြီးက သူ့ကို နားမလည်သလိုကြည့်ပြီး မေးသည်။

"ခင်ဗျား အရင်တုန်းက ဒီကဗျာကို ဖတ်ဘူးသလား"

ကိုဂျပန်ကြီး တွေဝေသွား၏။ သည်လူနှင့် သည်လူကြားမှာ ပင်လျှင် ဟိတ်ဟန်ထုတ်ပြီး...

"အေး...ဖတ်တော့ ဖတ်ဘူးသလိုပဲ။ ဒါပေမဲ့ ကောင်းကောင်း မမှတ်မိပါဘူး။ နေပါဦး...မင်းက ဘာလုပ်မလို့လဲ။ ငါ့ကို လက်ဖက်ရည် တိုက်ပြီး ဒီကဗျာ ပြတာလား။ ဒီကဗျာပြပြီး လက်ဖက်ရည်တိုက်တာလား"

ကိုဂျပန်ကြီး၏ အမေးစကားကြောင့် သူ့မျက်လုံး ပြူးသွားသည်။

"ဗျာ...။ ခင်ဗျားကို ကျွန်တော်က လက်ဖက်ရည်တိုက်မယ်လို့ များ ပြောမိလို့လား"

"ဘာ...ကွ"

"ဟုတ်တယ်လေ...။ ခင်ဗျားပါးစပ်နဲ့ ခင်ဗျားသောက်ပြီး၊ ခင်ဗျား လျှာနဲ့ခင်ဗျား အရသာခံတဲ့ကိစ္စကို ကျွန်တော်က ကြားကနေ ပိုက်ဆံ

[၁]

"နေပါဦး လူလူရဲ့။ မင်းက ဘာရည်ရွယ်ချက်နဲ့ ငါ့ကို ဒီကဗျာ ထုတ်ပြရတာလဲ"

ကိုဂျပန်ကြီးက သူ့ကို နားမလည်သလိုကြည့်ပြီး မေးသည်။

"ခင်ဗျား အရင်တုန်းက ဒီကဗျာကို ဖတ်ဘူးသလား"

ကိုဂျပန်ကြီး တွေဝေသွား၏။ သည်လူနှင့် သည်လူကြားမှာ ပင်လျှင် ဟိတ်ဟန်ထုတ်ပြီး…

"အေး…ဖတ်တော့ ဖတ်ဘူးသလိုပဲ။ ဒါပေမဲ့ ကောင်းကောင်း မမှတ်မိပါဘူး။ နေပါဦး…မင်းက ဘာလုပ်မလို့လဲ။ ငါ့ကို လက်ဖက်ရည် တိုက်ပြီး ဒီကဗျာ ပြတာလား။ ဒီကဗျာပြပြီး လက်ဖက်ရည်တိုက်တာလား"

ကိုဂျပန်ကြီး၏ အမေးစကားကြောင့် သူ့မျက်လုံး ပြူးသွားသည်။

"ဗျာ…။ ခင်ဗျားကို ကျွန်တော်က လက်ဖက်ရည်တိုက်မယ်လို့ များ ပြောမိလို့လား"

"ဘာ…ကွ"

"ဟုတ်တယ်လေ…။ ခင်ဗျားပါးစပ်နဲ့ ခင်ဗျားသောက်ပြီး၊ ခင်ဗျား လျှာနဲ့ခင်ဗျား အရသာခံတဲ့ကိစ္စကို ကျွန်တော်က ကြားကနေ ပိုက်ဆံ

င်ပေးရမှာလား။ ခင်ဗျားရဲ့သာယာမှုကို…''

''ဟော့ကောင်…တော်တော်။ ဒီလက်ဖက်ရည်ဆိုင်ကို မင်းခေါ်လို့သာ ငါလိုက်လာတာ။ မင်းပဲ ငါ့ကို ကိုဂျပန်ကြီး ဘာသောက်မလဲလို့ မေးသေးတယ်''

''ကျွန်တော်မေးမိတာ ဘာများ အမှားပါသွားလို့လဲ။ ခင်ဗျား နာမည်က ကိုဂျပန်ကြီးပဲဟာ…''

''ဟော့ကောင် ငါ့နာမည်က မျိုးကြည်ကွ''

''ဟုတ်ပါတယ်…။ ဒါပေမဲ့ အရပ်ထဲကတော့ ဂျပန်ကြီးလို့ပဲ ခေါ်ကြတယ်လေ''

''အဲဒါ ဘာဖြစ်လဲ''

''ကျွန်တော်က ကိုဂျပန်ကြီးလို့ခေါ်တာ ဘာမှားသလဲ''

''ဘာသောက်မလဲလို့ မင်းမေးတယ်လေ''

''ဟုတ်တယ်လေ…။ ခင်ဗျားသောက်မှာလား မသောက်ဘူးလား ကျွန်တော် မသိဘဲ''

''ကျဆိမ့်သောက်မယ်လို့ ငါပြောတယ်လေ''

''ပိုက်ဆံမပါရင်လည်း မသောက်ပါနဲ့လားဗျာ…။ ခု ခင်ဗျားက အတည်ပေါက်ကြီးနဲ့ သောက်ချလိုက်တယ်''

''ဘာ…''

''သူများလက်ဖက်ရည်ဆိုင်မှာ အလကားသောက်ချင်လို့ ရမလား ဗျ''

''မင်း…မင်း တိုက်မလိုလိုနဲ့''

''မပြောမိပါလား''

''မင်း…မင်း…ဒါ…လူပါးဝတာပဲ''

''ကိစ္စမရှိပါဘူးလေ…ထားလိုက်ပါ။ ကျွန်တော်က သဘောထား ကြီးပါတယ်။ ခင်ဗျားရဲ့ လက်ဖက်ရည်ဖိုးကို ကျွန်တော် ရှင်းပေးပါ့မယ်။ အား…ခင်ဗျားက ကျွန်တော့်ကို ပြန်အလိုက်သိတတ်ရမယ်''

''ဘာလဲ''

သူက ရှက်သလိုလို အမူအရာဖြင့် ရိုက်ချင်စရာကောင်းအောင် ပြုံးလိုက်ရင်း…

''အဟီး…''

''ဟောကောင်…ပြောမှာပြောကွာ''

''ခင်ဗျား…ကျွန်တော့်ကို နည်းနည်းရှင်းပြစမ်းပါ''

''ဘာကိုလဲ''

''မိန်းမတွေအကြောင်း…''

ကိုဂျပန်ကြီးက သက်ပြင်းကျဆိမ့်ကြီးကို မှုတ်ထုတ်ရင်း…

''ဒါများကွာ…''

''အင်း…လုပ်စမ်းပါဗျာ''

''ဒီလို…ကွ''

ကိုဂျပန်ကြီးက ကိုယ်နေဟန်ထားကို ပြင်ထိုင်သည်။ စောစောကလို အကြပ်ရိုက်နေသော အနေအထားမျိုးမဟုတ်ဘဲ ဆရာကြီးအသွင်ဖြစ်သွားပြီး တအိအိ ခေါင်းလောင်းတီးလေတော့သည်။

''မင်းလည်း သိတန်သလောက်တော့ သိမှာပေါ့''

''ဟုတ်ကဲ့''

''ငါက မင်းရဲ့အသိကို ချဲ့ပေးမယ်''

''ဟုတ်ကဲ့''

ကိုယ်က 'ကား'ပေးရမလို ဖြစ်သွား၏။

ကိုဂျပန်ကြီးက အိမ်ထောင်အဆက်ဆက် ကွဲခဲ့သူဖြစ်သည်။ ယခုမိန်းမက ငါးယောက်မြောက်။ ခြောက်ယောက်မြောက်၊ ခုနစ်ယောက်မြောက်တွေလည်း လာဦးမည့် အလားအလာ တွေ့ထားရသည်။ (လူတိုင်းမှာ အလားအလာရှိလေသည်)

''မိန်းမတွေမှာ အမှတ်တံဆိပ် ရှိတယ်ကွ''

''ဆိုပါဦး''

''ရှစ်မျိုးတောင် ရှိတယ်''

''အင်း…ကျွန်တော် မသိဘူး''

"တစ်...ကိုယ်လုံးကိုယ်ပေါက်"

"အင်း..."

"နှစ်...ရုပ်ရည်"

"အင်း..."

"သုံး...အနံ့အသက်"

"လိုက်မရှူကြည့်မိပါဘူးဗျာ။ ဘဲဥပုပ်နံ့ နံမယ် ထင်တာပဲ"

"လေး...ဗွေလက္ခဏာ"

"အဲ့ဒါက ဘာတုန်းဗျ"

"ဗွေကောင်း၊ ဗွေဆိုး အဲ့ဒါမျိုးပေါ့ကွာ"

"သိပ်နားမလည်သလိုပဲ။ ထားပါတော့...ဆက်ပြောပါဦး"

"ငါး...သနားတတ်တဲ့စိတ်ဓာတ်"

"ကောင်းသားပဲ။ ကျားသနားတော့ နွားချမ်းသာတာပေါ့ဗျာ"

"ခြောက်...ပြောသံဆိုသံ"

"အင်း...ဖန်ခွက်ကျကွဲသံကိုချည်း ကြားယောင်နေမိတယ်"

"ခုနစ်...သွားဟန်လာဟန်"

"အင်း...ဒန်းကြီးလွှဲနေသလို ဖြစ်မှာပေါ့နော်"

"ရှစ်...အဆင်းအရောင်"

"ပြော...ဟုတ်ပြီ"

"မိန်းကလေးတစ်ယောက်ကို လေ့လာရင် အဲ့ဒီအချက်တွေကို မေ့ထားလို့ မရဘူး"

"ဒါပေါ့ဗျ။ ဒါပေမဲ့ နေပါဦး။ မရှင်းဘူး"

"ဘာလဲ"

"ဒါတွေက မိန်းမမှာမှ မဟုတ်ပါဘူးဗျာ...၊ ယောကျ်ားမှာလည်း ဒီအတိုင်းပါပဲ"

"ဟော့ကောင် ငါက ကျမ်းဂန်ထဲမှာပါတဲ့အတိုင်း ပြောတာကွ"

"ခင်ဗျား ကျမ်းနဲ့ကိုင်ပေါက်တာကိုး...။ ထားပါတော့၊ ဆက်ပြောပါဦး"

''မင်းက အဲ့ဒီလို ဆင်ခြေတက်နေရင် ငါက ဘယ်လိုပြောမလဲ''

''ဆင်ခြေတက်လို့ မရမယ့်ဟာကို ပြောပေါ့ဗျာ''

''အေး…ပြောမယ်။ တွေ့ကြသေးတာပေါ့''

ကိုဂျပန်ကြီးက ရေနွေးတစ်ခွက်ကို အရင်မှုတ်သောက်သည်။ ပြီးမှ သူ့ကိုပါ မှုတ်သောက်တော့သည်။

''ယောက်ျားမှာ ဒွါရဆယ်ပေါက်ရှိတယ်။ မိန်းမမှာက ဆယ့်သုံးပေါက်တောင် ရှိတယ်ကွ''

''အဲ…အဲ့ဒါတွေ ကျွန်တော် မသိဘူး''

''အမတသာဂရဘေသဇ္ဇကျမ်းကြီးအလိုပေါ့ကွာ…''

''ပြောမှာသာ ပြောပါဗျာ''

''ယောက်ျားတွေမှာက နှာခေါင်းနှစ်ပေါက်၊ နားနှစ်ပေါက်၊ မျက်စိနှစ်ပေါက်၊ ပါးစပ်ပေါက်၊ ကျင်ငယ်ပေါက်၊ ကျင်ကြီးပေါက်၊ ငယ်ထိပ်ပေါက်ဆိုပြီး ဒွါရဆယ်ပေါက် ရှိတယ်''

''ငယ်ထိပ်က မပေါက်ပါဘူးဗျာ''

''ဟော့ကောင်…မင်းကို ငါ ကျမ်းနာမည် အရင်ရွတ်ပြထားတယ်နော်''

''ဟုတ်ပါပြီ…ထားပါတော့။ မိန်းမက ဘယ်လိုလုပ် သုံးပေါက်ပိုသွားတာလဲ''

''သူတို့က နို့သားမြတ်နှစ်ပေါက်နဲ့ သားအိမ်ပေါက် ပိုသွားတယ်''

''ဩော်…ဒီလိုကိုး။ ဒါနဲ့ နေပါဦး''

သူ့'နေပါဦး'ကို ကိုဂျပန်ကြီးက အတော်ကြောက်ပုံရသည်။ တွန့်ခနဲဖြစ်သွားပြီး…

''ဘာပြောဦးမလို့လဲ''

''မဟုတ်ဘူး…။ ကျွန်တော်သိချင်တာ အဲ့ဒါမျိုးတွေ မဟုတ်ဘူး''

''ဘယ်လိုမျိုးလဲ''

''မိန်းကလေးတစ်ယောက်ကို ဘယ်လို ရည်းစားစကားပြောရမယ်၊ ဘာညာ၊ သမီးရည်းစားဘဝမှာ ဘယ်လို၊ အိမ်ထောင်ကျရင်

ဘယ်လို...။ အဲဒါမျိုးဗျာ''

''ဩော်...အဲ့ဒီလိုလား''

''ဟုတ်တယ်...။ ကျမ်းဂန်ထဲကစကားတွေ မလိုဘူးဗျာ။ ကိုယ်တွေ့လေးတွေ''

''မင်းလို စာကြမ်းပိုးက ရည်းစားထားချင်ပြီပေါ့''

''စာကြမ်းပိုးမှာလည်း အသည်းနဲ့ပဲဗျ''

''ဟဲ...ဟဲ...။ ဒါဖြင့်လည်း ပြောပြရတာပေါ့ကွာ''

ကိုဂျပန်ကြီးက လက်ဖဝါးနှစ်ဖက်ကို ပွတ်ပြီး အကြာကြီး ရယ်နေသေးသည်။ ပြီးမှ...

''ငါ မင်းကို မြှောက်ပေးတာတော့ မဟုတ်ဘူးကွ''

''ဟုတ်ပါတယ်...။ ပြောပါ''

''မိန်းကလေးတစ်ယောက်ကို ရည်းစားစကားပြောဖို့အတွက် ပထမဦးဆုံးအချက်အနေနဲ့ အရှက်မရှိဖို့ လိုတယ်ကွ။ မှတ်ထား''

''ဟာဗျာ...ခင်ဗျားဟာကလည်း''

''တကယ်ပြောတာကွ။ ရှက်ကြောက်နေရင် မရဘူး။ မိန်းကလေးက မင်းကို ပြန်ပညာပြသွားလိမ့်မယ်''

သူ စိတ်မသက်မသာ ဖြစ်သွားသည်။

''ကဲ...ထားပါတော့။ ကျန်တဲ့အချက်တွကို ဆက်ပြောပါဦး''

''တစ်ယောက်တည်းကိုပဲ စွဲမချစ်ရဘူးကွ။ အပြိုင်လေး ထားပေးထားရတယ်''

''ဘယ်လို...ဘယ်လို''

''ဒီမိန်းကလေးတစ်ယောက်ကိုပဲ အစွဲလန်းလန်း ပုံအောမချစ်ရဘူးကွ။ တခြားမိန်းကလေးတစ်ယောက်ယောက်ကိုလည်း အရန်သဘောစဉ်းစားထားရတယ်။ အဲ့ဒါမှ ခံသာတာ''

''လှေနံနှစ်ဖက် နင်းသလိုချည်း ဖြစ်နေမှာပေါ့ဗျ''

''အမြော်အမြင်ရှိတယ်လို့ ခေါ်တယ်ကွ။ တစ်ယောက်တည်းကိုပဲ နင့်နေအောင် ချစ်ပါတယ်ဆိုရင်တော့ မင်းအသည်း ကွဲဖို့သာပြင်ပေတော့။

အဲ့ဒါမျိုး ဖူးစာက ဆုံခဲ့တယ်။ မိန်းမတွေကိုလည်း သိပ်အထင်မကြီးနဲ့ကွ''

ကိုဂျပန်ကြီး အိမ်ထောင်ငါးဆက်ဖြစ်ရသည့်အကြောင်းကို သူ သဘောပေါက်သလို ရှိလာသည်။ သူ့လမ်းစဉ်ကိုတော့ ကိုယ် မလိုက်ချင်ပါ။ ဆက်မေးချင်စိတ်လည်း မရှိတော့။ ထို့ကြောင့်…

''အေးဗျာ…။ ခင်ဗျားပြောတာတွေကို ကျွန်တော် စဉ်းစားဦး မယ်''

''တခြားအချက်တွေ ရှိသေးတယ်။ မင်းပြတဲ့ ခုနက ကဗျာထဲမှာ လည်း…''

''နေပါဦး။ ဒီအချက်တွေကိုပဲ စဉ်းစားပါရစေဦး''

''ဩော်…လူလူ။ လူလူ…''

''ဘာလဲဗျ''

''ဒီလိုကျတော့လည်း မင်းက ငါ့စကားတွေကို အလေးအနက် ထားသားပဲ''

မျိုးကြည်ဆိုသော ကိုဂျပန်ကြီးက ပြုံးပြုံးကြီး လုပ်နေပြန်သည်။ 'ခေတ်လူ'ဆိုသော သူလို မောင်မြန်မာလေးကတော့ သိပ်မပြုံးနိုင်ပါ။

''ကဲ…ပိုက်ဆံရှင်းမယ်ဟေ့''

''ဟ…သွားတော့မလားကွ''

''သွားတော့မယ်ဗျာ။ ကိစ္စလေးတွေ ရှိသေးတယ်''

''အစကပြောတော့ အားပါတယ်ဆိုကွ''

''အားပြီးပြီလေ…။ အခုမှ မအားတော့တာ''

''အေးလေ…ဒါဖြင့်လည်း လစ်ကြတာပေါ့။ မင်းကို တစ်ချက် တော့ ထပ်မှာလိုက်ဦးမယ်''

''ဘာလဲ''

''ကိုယ်ကြိုက်နေတဲ့ မိန်းကလေးက ကိုယ့်ကို အထင်ကြီးအောင် နေတတ်ရတယ်ကွ။ အဲ့ဒါဆိုရင် တစ်ဝက်အောင်မြင်ပြီ''

''ဟုတ်ပါပြီဗျာ…ဟုတ်ပါပြီ။ ကဲ…လာ သွားကြရအောင်''

ကိုဂျပန်ကြီးက လမ်းမှာလည်း ဆက်ပြောရန် တကဲကဲဟန်ပြင်

သည်။ သူက မသိချင်ယောင်ဆောင်ပြီး တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားဟန် ပြုနေလိုက်သဖြင့် သက်သာသွားသည်။

●●●

[၂]

ခေတ်လူက စိတ်ပညာအဓိက ကျောင်းသားဖြစ်သည်။ ကျောင်းပညာတွင် အလွန်ထူးချွန်သည်။ မိဘများက ကားဝယ်ရောင်းအလုပ်ကို လုပ်ကြသည်။ တစ်ဦးတည်းသော သားကိုလည်း ဖူးဖူးမှုတ် အလိုလိုက်ထားကြသည်။

အဖေလုပ်သူ ဦးမြင့်စိုးမောင်က သားဖြစ်သူကို 'ခေတ်လူငယ်'ဟု နာမည်လှလှလေး ပေးထားခြင်းဖြစ်သည်။ သို့သော် သူက အရွယ်ရောက်လာချိန်မှာပဲ နောက်က 'ငယ်'ကို ဖြုတ်ပစ်လိုက်သည်။ ကြီးလာလျှင် 'ခေတ်လူကြီး'ဖြစ်သွားမည်ကိုး။ မသင့်တော်တော့ဟု သူ ယူဆသည်။ သူ့အမည်ကို သူ့ဘာသာ 'ခေတ်လူ'ဟု ပြန်ပြင်သည်။ မိဘတွေကလည်း ဘာမှ မပြော။

သူ့ လက်ရှိပြဿနာက ရည်းစားထားချင်နေခြင်းဖြစ်သည်။ တစ်လျှောက်လုံးမှာ သူက ကျောင်းစာကိုသာ အာရုံစိုက် ကြိုးစားခဲ့သဖြင့် ထိုဘက်ပိုင်းမှာ လစ်ဟာခဲ့သည်။ တဖြည်းဖြည်းနှင့် ရည်းစားကိုယ်စီတွဲနေသော သူငယ်ချင်းများကို အားကျလာသည်။ သူ့ဆန္ဒကို သူငယ်ချင်းများထံ ဖွင့်ပြောလိုက်လျှင် အားလုံးက တက်ညီလက်ညီ ဝိုင်းကူညီခြင်း

အားဖြင့် ကောင်မလေးတစ်ယောက်ယောက်နှင့် ရည်းစားဖြစ်နိုင်ပါသည်။

သူ့ရုပ်ရည်၊ သူ့အရွယ်၊ သူ့ပညာအရည်အသွေး၊ သူ့နောက်ခံအနေအထားတို့အရ မိန်းကလေးတစ်ယောက်က လက်ခံနိုင်သော အနေအထား ရှိပါသည်။ အနည်းဆုံးတော့ 'အမဲရိုးက ဟင်းအိုးမှ အားမနာ' ဟူသော အပြောမျိုးကို ခံစားရကိန်း မရှိနိုင်။ သူလည်း မီးဖိုပေါ်တက်ရစရာ မရှိ။ သို့သော် သူ့အားနည်းချက်က အရုက်အကြောက် ကြီးလွန်းလှခြင်း ဖြစ်သည်။ ထို့အတွက်ပင် သူငယ်ချင်းများနှင့်လည်း တိုင်ပင်ခြင်း မပြုမိ။

သူ့ဘာသာ ကြိတ်ခံစားရင်း သူ့ကိုယ်သူ အားမလိုအားမရ ဖြစ်နေမိသည်။ လွယ်လွယ်လေးနှင့် ခက်နေသည့်ကိုး။ ဖတ်ဘူးသော နိုင်ငံခြားဟာသတိုတစ်ပုဒ်လို ဖြစ်နေသည်။

**'လူတစ်ယောက် သေနတ်ပစ်ခံရတယ်။**

**သူ့ဘေးမှာ သွေးစွန်းနေတဲ့ဓားတစ်လက် တွေ့တယ်။**

**ဒါနဲ့တောင် ကြိုးဆွဲချသေတာလို့ ပြောကြတယ်။**

**အမှန်တော့ အဲ့ဒီလူ အဆိပ်သောက်သေသွားတာဖြစ်မယ်'**

သူ့မှာလည်း ထိုလူသတ်မှုကဲ့သို့ ရှင်းရှင်းလေးနှင့် ရှုပ်နေခြင်း ဖြစ်တော့သည်။

သူ တန်းတန်းစွဲကြိုက်နေသည့် မိန်းကလေးရှိသည်လားဆိုတော့လည်း မရှိချေ။ လောလောဆယ်မှာ ကောင်မလေးတစ်ယောက်ယောက်နှင့် ရည်းစား ဖြစ်လိုခြင်းပဲ သိသည်။ လျှောက်လည်မည်။ စိတ်ကောက်ကြမည်။ လက်ဆောင် ဝယ်ပေးကြမည်။ တစ်နယ်စီဝေးလျှင် သတိရကြမည်။ အဲ့သလိုဟာမျိုးလေးတွေ ဖြစ်ချင်သည်။

ယခု သူက ဖူးဖူးကို ပစ်မှတ်အဖြစ် ထားထားသည်။

ဖူးဖူးတို့က သူတို့ရပ်ကွက်ထဲမှာ ကုန်စုံဆိုင်ဖွင့်ထားသည်။ မီးပြတ်ပြီး အင်ဗာတာလည်း အားကုန်နေလျှင် ဖယောင်းတိုင် သွားဝယ်တတ်သည်မှလွဲ၍ ထိုဆိုင်သို့ သူ အရောက်အပေါက် မရှိပါ။

ထို့ကြောင့် ဖူးဖူးနှင့်လည်း မရင်းနှီးပါ။ မင်္ဂလာဆောင်တစ်ခုမှာဆိုလျှင် စကားအတော့်အတင်ပင် ဖြစ်ဖူး၏။

ရပ်ကွက်ထဲက မင်္ဂလာဆောင်တစ်ခုဖြစ်၏။ သူက ထိုသို့သော ပွဲမျိုးတွေကို သွားလေ့မရှိ။ သို့သော် အိမ်ကလူကြီးတွေ မအားသဖြင့် သူကပဲ ဝတ်ကောင်းစားလှဝတ်ပြီး လူကြီးလုပ်ကာ သွားရ၏။ ဖူးဖူးတို့၏ နံဘေးကပ်လျက်ဝိုင်းမှာ နေရာရသည်။

ဖူးဖူးက သူ့ဝိုင်းမှာရှိနေသည့် တစ်သျှူးဘူး အပိုတစ်ခုကို လှမ်းတောင်းသည်။

''ဟိုလူကြီး၊ ဟိုလူကြီး''

ပထမတော့ သူ့ကို ခေါ်နေခြင်းဖြစ်မှန်းပင် မသိချေ။ နောက်မှ လှည့်ကြည့်မိတော့…

''ဟိုလူကြီး၊ ဟိုလူကြီး''

''ဘာလဲ…။ ဟိုလူမကြီး''

''ဘာ…ရှင့်။ ရှင် ဘာပြောတယ်''

''ခင်ဗျားကကော ကျွန်တော့်ကို ဘယ်လိုခေါ်တယ်''

''ဟိုလူကြီးလို့ ခေါ်တာလေ''

''ကျွန်တော်ကလည်း ခင်ဗျားကို ဟိုလူမကြီးလို့ ပြန်ခေါ်တာလေ''

''ရှင်က လူကြီးမဟုတ်လို့လား''

''ခင်ဗျားကကော လူမကြီး မဟုတ်လို့လား''

''တော်ပြီ…။ ရှင်နဲ့ စကားမပြောတော့ဘူး''

''မပြော…နေပေါ့''

ဖူးဖူးက တခြားဝိုင်းမှ တစ်သျှူးဘူးကို သူမဘာသာ ထယူသည်။ မျက်နှာသာမက ကိုယ်လုံးကိုယ်ပေါက်ပါ ကြည့်ကောင်းသော ကောင်မလေးဖြစ်မှန်း ထိုအခါကျမှ သူ သတိထားမိသည်။ ပြုံးစိစိဖြစ်သွားသော သူ့မျက်နှာကို ကြည့်ပြီး ဖူးဖူးက မျက်စောင်းထိုးသွားသေး၏။ သူ့ရင်ထဲမှာ ယားကျိကျိဖြစ်သွားသည်။

အချစ်ဆိုတာ အဲဒါမျိုးများလား မသိဘူးဟူသော အတွေးနှင့် သူ ဖူးဖူးကို ရည်းစားထားရန် ရည်ရွယ်လိုက်ခြင်း ဖြစ်သည်။

သူက မြို့ထဲမှာ ပြင်သစ်စကားပြောသင်တန်း တက်နေသည်။

တစ်နေ့… ထိုသင်တန်းသို့အသွား ဖူးဖူးနှင့် တစ်ခါထပ်ဆုံသည်။ ပြင်သစ်စကားပြောသင်တန်းမှ သူငယ်ချင်းအချို့က သူ့ကို အဒေးဆိုင်ထဲမှ လှမ်းခေါ်ချိန်ဖြစ်၏။

"လူလူ…။ ဟေ့ကောင် လူလူ"

လှည့်ကြည့်လိုက်တော့ သီဟရယ်၊ ကျားကြီးရယ်၊ ဆိတ်သိုးရယ်၊ ဆင်ပေါက်ရယ်။ သီဟမှလွဲ၍ ကျန်သူများက နာမည်ပြောင်တွေ ဖြစ်၏။ လှမ်းခေါ်နေသဖြင့် ဝင်သွားရသည်။ စကားအကောင်းပြောပြီး ဝင်သွားသည်တော့မဟုတ်။

"မင်းတို့ဆီလာရတာ တိရစ္ဆာန်ရုံထဲ ဝင်လာရသလိုပဲ"

ဟုတ်လည်း ဟုတ်သည်လေ။ သူတို့နာမည်တွေက ခြင်္သေ့ရယ်၊ ကျားရယ်၊ ဆိတ်ရယ်၊ ဆင်ရယ်။ သူတို့ဝိုင်းမှာ ဝင်ထိုင်ရမှာ လူဆိုလို့ သူတစ်ယောက်တည်းရှိသည်။ ခေတ်လူကိုး…။

သူတို့က လူကို လှမ်းသာခေါ်သည်၊ သူတို့ဝိုင်းမှာက ထိုင်ခုံအလွတ် မရှိ။ ဆိုင်ကလည်း လူကျနေသည်။ မျက်လုံးဝေ့ပတ်ရှာကြည့်တော့ ကောင်မလေးတစ်ယောက်တည်း ထိုင်နေသောဝိုင်းမှာ ထိုင်ခုံတစ်လုံး အားနေသည်။ ထိုဝိုင်းဆီ လျှောက်သွားလိုက်ပြီး အနားရောက်မှ တန့်ခနဲဖြစ်မိ၏။ (ကောင်မလေး၏ မျက်လုံးများက သူ့ကို လှမ်းတွန်းလိုက်ပြီး…)

ထိုကောင်မလေးက ဖူးဖူးဖြစ်နေလေသည်။

သို့သော် မထူးတော့ပြီ။ သူ့ဘာသာ ဖူးဖူးဖြစ်ဖြစ်၊ ပွင့်ပွင့်ဖြစ်ဖြစ် ကုန်ကုန်ပြောရလျှင် မပွင့်တစ်ပွင့်ပဲဖြစ်ဖြစ် လျှောက်လက်စခြေလှမ်းကို ဆက်လျှောက်ရတော့၏။ အနားရောက်သွားတော့ ဖူးဖူးက သူ့ကို မော့ကြည့်သည်။ သူက မရယ်မပြုံးမျက်နှာနှင့်…

"ဒီထိုင်ခုံ အားသလား မသိဘူး"

ဖူးဖူးက မချိုမချဉ်ဖြင့်…

"ယူသွားမလို့ဆိုရင် အားပါတယ်"

သူမအနားမှာ ဝင်ထိုင်ဖို့ဆိုလျှင် မအားဘူးဟူသော သဘော။

သူ ရယ်ချင်သွားသည်။ မျက်လုံးတစ်ချက်လှန်ကြည့်ပြီး မခိုးမခန့် အမူအရာနှင့် ထိုင်ခုံကို ဆွဲယူလာခဲ့သည်။

ဝိုင်းသို့ရောက်တော့ သူငယ်ချင်းများက လေးထောင့်စားပွဲမှာပဲ 'ဝိုင်း' ပြောကြသည်။

''အဲ့ဒီကောင်မလေး မဆိုးဘူးကွနော်''

''ဟုတ်လား''

''ဘာအူကြောင်ကြောင် လုပ်နေတာလဲ၊ ဒီလောက်တောင် မင်း မကြည့်တတ်ဘူးလား''

''ငါ့မျက်စိထဲမှာတော့ သိပ်မထူးခြားပါဘူး''

''ဘာဖြစ်လို့လဲ''

''ငါတို့ရပ်ကွက်ထဲက ကောင်မလေးကွ''

''ဟာ…ဒါဆို ငါတို့နဲ့ မိတ်ဆက်ပေးလေကွာ''

''ငါနဲ့တောင် မရင်းနှီးဘူး''

''ဟင်…။ ရင်းနှီးအောင် လုပ်လေကွာ။ မင်းဟာကလည်း ခုတော့ မင်းလည်း အကျိုးမရှိ သူများလည်း အကျိုးမရှိ။ ဘာလဲကွ''

ဖူးဖူးအတွက်နှင့် သူ ထိုသို့လည်း အပြောအဆို ခံခဲ့ရဘူးသည်။ ဖူးဖူးကို သူ မကျေနပ်။ ထို့ကြောင့် ရည်းစားမူပြုခြင်းအားဖြင့် ဖူးဖူးကို ဒဏ်ခတ်ရန် သူ ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ပထမဦးဆုံး သူ့လှုပ်ရှားမှုက ဒေါ်အေးစိန်ကို ချဉ်းကပ်ခြင်းဖြစ်သည်။

ဒေါ်အေးစိန်က သူနှင့်တစ်လမ်းတည်းနေသူ၊ တစ်ခုလပ်အဘွားအို၊ ဖူးဖူးတို့ကုန်စုံဆိုင်ကို ကူညီလုပ်ကိုင်ပေးနေသူ။ ပစ္စည်းဝယ်သည့်နေရာမှာရော၊ ဆိုင်တင်ရောင်းချသည့် နေရာမှာပါ ဖူးဖူးတို့မိသားစုက အားကိုးယုံကြည်ရသည့် အလုပ်သမား။ ဖူးဖူးအနားမှာ အမြဲရှိတတ်သည်။ ဖူးဖူးဈေးသွားလျှင်လည်း ဒေါ်အေးစိန် ပါတတ်သည်။ တစ်ခါတစ်ခါ ဖူးဖူးနှင့် ဒေါ်အေးစိန်တို့ ဆိုင်ထဲမှာ စကားတွတ်ထိုးနေကြတာ ဈေးဝယ်လာသူကို မမြင်ကြ။

တစ်ညနေမှာ ဒေါ်အေးစိန်ကို အအေးဆိုင်ထဲခေါ်၍ ထောပတ်သီး ဖျော်ရည်တိုက်ရင်း ဟိုဟိုသည်သည် စကားသွားရသည်။ အောင်သွယ် တော် လုပ်ခိုင်းရန်တော့ မဟုတ်ချေ။

''ခေတ်က မတူတော့ဘူး ဒေါ်အေးစိန်ရဲ့''

''နင်က ဘာကို ပြောချင်တာလဲ''

''ဒေါ်အေးစိန်တို့တုန်းက လူပျိုက အပျိုကို ဘယ်လိုရည်းစား စကားပြောလဲ''

''ဟဲ့...။ တို့ငယ်ငယ်တုန်းကတော့ စာပေးတာတို့ အောင်သွယ် တော်နဲ့ စကားပြောတာတို့ပဲ များတယ်ဟဲ့။ အပျိုလူပျို ဒွဲဒိုးကြီး ရည်းစား စကားလိုက်ပြောတာ သိပ်မရှိဘူး''

''အခုတော့ စကားလိုက်ပြောကြတာက များတယ်ဗျ။ အဲ့ပုံးခေတ် လည်း သိပ်မရှိတော့ဘူး''

''အေး...။ ငါလည်း တွေ့ပါတယ်''

''မိန်းကလေးက ဆက်ဆံရေး တတ်ဖို့ လိုတယ်ဗျ''

''ဘာသဘောလဲ။ နင်ပြောတာကို ငါ မရှင်းဘူး''

''ကိုယ့်ကို လူပျိုစကားလိုက်ပြောတဲ့ ကောင်လေးကို ဝူးဝူးဝါးဝါး ပြန်လုပ်တာ မကောင်းဘူးဗျ။ တကယ်ဆို တစ်ဖက်သားက ကိုယ့်ကို ချစ်မြတ်နိုးလို့၊ တန်ဖိုးထားလို့ လာကမ်းလှမ်းတဲ့ကိစ္စပဲ။ ကိုယ်က ဂုဏ် တောင် ယူရဦးမယ်''

''အင်း...။ ငါတို့ခေတ်တုန်းကတော့ အဲ့ဒီလို ဂုဏ်မယူခဲ့ရပါဘူး ဟယ်''

''ကိုယ် ဝူးဝူးဝါးဝါးပြန်လုပ်လို့ သူ အရှက်ကွဲသွားရင် သူလည်း မကောင်းဘူး၊ ကိုယ်လည်း မကောင်းဘူးလေ။ မဟုတ်ဘူးလား''

''အင်း...အေးပေါ့။ ဟုတ်တာပေါ့''

''တကယ်ဆို လက်ခံတာ၊ ငြင်းပယ်တာက သူ့အပိုင်းပဲ၊ ဒါပေမဲ့ တုန့်ပြန်မှုအပိုင်းမှာ ယဉ်ကျေးရမှာပေါ့။ ပညာသားပါရမှာပေါ့။ ကိုယ်က လည်း မိကောင်းဖခင် သားသမီးပဲဟာ''

''အေး...ဟုတ်တာပေါ့''

''တစ်ဖက်သားကလည်း အငြင်းပယ်ခံရရင်တောင် ကျေကျေနပ်နပ်ရှိမယ်။ သူ့ကို အထင်ကြီးလေးစားပြီး စွန့်လွှတ်လိုက်ရတယ်။ ဒါဆိုရင် ဘယ်လောက်ကောင်းသလဲ''

''အေး...နင်ပြောတာ ဟုတ်တယ်''

''ကိုယ်အပျိုဖြစ်ကတည်းက လူပျိုတွေက လိုက်စကားပြောနိုင်တယ်ဆိုတာ သိထားရမယ် မဟုတ်လား''

''ဒါပေါ့ဟ''

''ယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို လိုက်စကားပြောခွင့်ဆိုတာကလည်း သဘာဝက ပေးထားတဲ့ အနေအထားတစ်ရပ် မဟုတ်လား''

''အေး...ဟုတ်ပါတယ်။ ဒါနဲ့ နင်က အဲ့ဒါတွေ ငါ့ကို ဘာလို့ လာပြောနေတာလဲ''

''အဲ...''

ဒေါ်အေးစိန်၏ လျှပ်တပြက်မေးခွန်းကြောင့် သူ ကြောင်အမ်းအမ်းဖြစ်သွားသည်။ ချက်ချင်းမှာ ဘာမှပင် ပြန်မဖြေနိုင်။ ပြီးမှ 'ဒေါ်အေးစိန်ကို ကျွန်တော်က ရည်းစားစကား လိုက်ပြောချင်လို့'ဟု မတုန့်ပြန်ဖြစ်ဘဲ

''ဒီလိုလေ...ဒေါ်အေးစိန်ရဲ့''

''ဆိုပါဦး''

''ကျွန်တော်နဲ့ ဒေါ်အေးစိန်ဆိုရင် အသက်အရွယ် ကွာတယ်။ ဖြတ်သန်းလာရတဲ့ ခေတ်ချင်း ကွာတယ်။ ဒါပေမဲ့ အခု ကျွန်တော်ပြောတဲ့ လူငယ်ယဉ်ကျေးမှုကို ဒေါ်အေးစိန် လက်ခံတယ် မဟုတ်လား''

''အေးလေ...။ လက်ခံပါတယ်ဆို''

''ပြီး...ဒေါ်အေးစိန်အနားမှာက ခုခေတ်အပျိုလေးတွေ ဝိုင်းနေတတ်တယ်။ သူတို့ကို ပြန်ပြောပြထားလို့ ရအောင်ပါ။ ဒေါ်အေးစိန် သင်ကြားပေးထားသင့်တာပေါ့''

ဒေါ်အေးစိန်တစ်ယောက် ထိုစကားကို သဘောတွေ့ မနောခွေ့

ကြောင်နှစ်ကောင်စာအုပ်တိုက်

သွားပုံရသည်။ တခွိခွိရယ်လျက်...

''ဟယ်...အခု အရင်လောက် မဟုတ်တော့ပါဘူးဟယ်။ ဖူးဖူးကို ပဲ အချိန်ပေးနေရတယ်''

''အဲ့ဒါဆိုလည်း ဖူးဖူးကိုပဲ ပြောဆိုသင်ပြထားပေါ့ ဒေါ်အေးစိန် ရယ်။ သူ့သူငယ်ချင်းတွေကို သူ ပြန်ပြောမှာပေါ့''

''အေး...။ သူ့ကိုပဲ ပြောပြရတော့မှာပေါ့''

လိုချင်တာကလည်း ဒါပဲဖြစ်သည်။ သူ ကျေနပ်ဝမ်းမြောက် လျက်...

''ဒေါ်အေးစိန် လက်ဖက်သုပ် စားဦးမလား''

''ဖျော်ရည်သောက်ပြီးမှတော့ မစားတော့ပါဘူးဟယ်''

''ဒါဖြင့် ကျွန်တော်တို့ လစ်ကြရအောင်''

''အေး...။ ငါလည်း ဖူးဖူးတို့ဆိုင် ဝင်ရဦးမယ်''

''ဖူးဖူးနဲ့ ကျွန်တော်နဲ့တော့ မသိဘူးဗျ''

''နင့်ကို သူ သိပါတယ်''

''ဒေါ်အေးစိန်ကို ပြောလို့လား''

''အေး...''

သူ စိတ်လှုပ်ရှားသွားသည်။

''ဘယ်လိုပြောသလဲ''

''နင့်ကို မီးပြတ်နေတဲ့လူ...တဲ့''

''ဘာရယ်...''

''နင်က မီးပြတ်ရင် ဖယောင်းတိုင် လာလာဝယ်တတ်တယ်တဲ့။ အဲ့ဒါကြောင့် မီးပြတ်နေတဲ့လူလို့ ခေါ်တာ''

''ဒီကောင်မလေး မော်ဒန်ကဗျာတွေ အတော်ဖတ်တယ်ထင် တယ်''

''ဘာကဗျာ...''

''ထားပါ...။ ဒါတွေကို ဒေါ်အေးစိန် မသိပါဘူး။ ဩော်...မေ့လို့ ရော့ရော့ ဒီစာရွက်ယူထား။ ဖတ်ကြည့်''

''ဘာလဲ''

''မိန်းကလေးတစ်ယောက် ဘယ်လိုယောကျ်ားမျိုးကို ရွေးချယ်သင့်တယ်ဆိုတာ ရေးကျမ်းထဲက ပို့ချချက်''

ပါဠိလိုတွေ ပါဝင်နေ၍ နူတ်တိုက်ချပေးလျှင် ဒေါ်အေးစိန် မှတ်မိမည်မဟုတ်။ သူ့ဘာသာသူပင် မမှတ်မိ။ ကိုဂျပန်ကြီးလိုလည်း ဒါတွေကို အလွတ်ကျက်မထားနိုင်။ ဒေါ်အေးစိန်နှင့် လူချင်းခွဲပြီး အောင်မြင်သူ တစ်ယောက်ပမာ တကျကြွသော ခြေလှမ်းများနှင့် အိမ်သို့ သူ ပြန်လာခဲ့၏။ ရွေးချယ်သင့်သော ပါဠိယောကျ်ားထဲတွင် သူ ပါဝင်နေသည်ကို။

ဤသို့ စကားသွင်းပြီးမှတော့ အရက်အကြောက်ကြီးလှသော သူ့အတွက် ဖူးဖူးကို ရည်းစားစကား လိုက်ပြောရဲစရာဖြစ်လာပြီ၊ ချက်ချင်းတော့ မပြောသေး။ ပေါ်တင်ကြီးဖြစ်သွားမည်။ တစ်ဆယ့်ငါးရက်၊ အရက်နှစ်ဆယ် အောင့်အီးပြီး စောင့်လိုက်ဦးမည်။ ထို့နောက်မှာတော့ စကားလိုက်ပြောတော့မည်။ တွေ့လိုက်တိုင်း ရင်ခုန်နေမိသည်။

ဘာရယ်မဟုတ်သော်လည်း ထိုရက်ပိုင်းထဲမှာ ဖူးဖူးနှင့် မတွေ့အောင်ပင် ရှောင်နေလိုက်သေးသည်။ နှစ်ပတ်မြောက်သောနေ့တွင် မမျှော်လင့်ဘဲ ဒေါ်အေးစိန်နှင့် လမ်းထိပ်မှာ ပြန်ဆုံ၏။ ဒေါ်အေးစိန်က သူ့ကို ဝမ်းသာအားရ လှမ်းခေါ်၏။

''ဟဲ့...လူလူ''

''ပြောလေ...ဒေါ်အေးစိန်''

''နင်ပြောပြတာတွေ ငါ ဖူးဖူးကို ပြန်ပြောပြလိုက်တယ်ဟဲ့''

ရင်ထဲမှာ ဒိတ်ခနဲ ဖြစ်သွားသည်။

''အဲ့ဒီတော့...''

''သူ လက်ခံတယ်လေ''

''ကောင်းတာပေါ့''

''အခု သူ ရည်းစားရသွားပြီလေ''

''ဗျာ...''

''အရင်ကတည်းက သူ့ကို ရည်းစားစကားလိုက်ပြောနေကု

ကောင်လေးတစ်ယောက် ရှိတယ်။ သူက ဝူးဝူးဝါးဝါး ပြန်လုပ်နေတာ။ နင်ပြောတာတွေကို ငါ ပြန်ပြောပြလိုက်တော့ သူ စိတ်ပြောင်းသွားတယ်။ နင် ရေးပေးလိုက်တဲ့ ပါဠိအမျိုးအစားတွေထဲမှာလည်း ကောင်လေးက ရွေးသင့်တဲ့အထဲမှာ ပါနေတယ်လေ။ အဲ့ဒါနဲ့ သူတို့ ကြိုက်သွားကြပြီ"

"ဘယ်...ဘယ်ကကောင်နဲ့များလဲဗျာ။ တကယ်ကြိုက်ကြတာ ဟုတ်...ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ဟဲ့။ ဟိုဘက်လမ်းထဲက အောင်သန်းကြွယ်ဆိုတဲ့ ကောင်လေးနဲ့လေဟယ်။ သူတို့နှစ်ယောက်တွဲ အဆင်ပြေသွားလို့ ငါ့ကို မုန့်ဖိုးတောင် ပေးကြသေးတယ်။ ဟိုတစ်လောက နင် ငါ့ကို ထောပတ်သီးဖျော်ရည် တိုက်ထားတယ် မဟုတ်လား။ အခု ငါ ပြန်တိုက်မယ်။ အပြန်အလှန်ပေါ့"

ဩော်...ကျေပါတယ် မအေးစိန်ရယ်။

အသွ ယောက်ျား ။ ။ ပစ္စည်းတပ်မက်၏။ လိမ်ညာတတ်၏။ သစ္စာမဲ့၏။ အရှက်အကြောက်မရှိ။

ပြဿဒ ယောက်ျား ။ ။ အပျော်အပါးမက်၏။ ပြုံးရွှင်စောင်းမြောင်း တတ်၏။ မေထုံအမှုတွင် လွန်ကဲတတ် ၏။

မြိဂ ယောက်ျား ။ ။ သည်းခံ၏။ သနားတတ်၏။ ရိုသေ ထိုက်သူကို ရိုသေ၏။ ပညာကို လိုလား ၏။ ကောင်းသောစကားကို ဆို၏။

အဿဂ ယောက်ျား ။ ။ အသားအရည် နူးညံ့၏။ လက်ချောင်း ခြေချောင်းရှည်သွယ်၏။ ရင်ဘတ်ကျယ် ၏။ သနားတတ်၏။ သီလရှိ၏။

ဒေါ်အေးစိန်ကို ရေးပေးလိုက်သော ရှေးဟောင်းကျမ်းဂန်လာ ယောက်ျားလေးမျိုးကို မှတ်မိသလောက် ပြန်တွေးကြည့်နေမိ၏။ ရင်ထဲမှာ တနုံ့နုံ့ဖြစ်နေမိသည်။ လုပ်ရက်လိုက်တာ ဒေါ်အေးစိန်ရယ်...။ မဟုတ်သေးပါဘူး။ လုပ်ရက်လိုက်တာ ဖူးဖူးရယ်...။ ဗိုင်းတာမ။

အောင်သန်းကြွယ်ဆိုသော ကောင်ကိုလည်း မကျေနပ်။ အောင်သန်းဖြင့်လည်း အောင်သန်း၊ သန်းကြွယ်ဆိုလည်း သန်းကြွယ်ပေါ့။ ခုတော့ နာမည်ကိုက အောင်သန်းကြွယ်...တဲ့။ လူပါးဝသည်။

ဘယ်သူကမှ မသိသော်လည်း သူ့ဘာသာသိသော ဝေဒနာအတွက် နှစ်ပတ်ခန့် အိမ်ထဲ အောင်းနေမိသည်။ ဪ...အကြောင်းတစ်ခုလည်း ရှိသေးသည်။ ရပ်ကွက်ထဲမှာက သတင်းတစ်ခု ဖြစ်နေသည်။ ရှက်စရာ။

သူက ဒေါ်အေးစိန်ကို စာပေးသည်တဲ့လေ။

●●●

[၃]

သူတို့အားလုံး လက်ဖက်ရည်ဆိုင်ပိုင်ရှင် မလှလှသန်း၏ စကားကို စိတ်ဝင်တစား နားထောင်နေမိကြသည်။

''အဲ့ဒီတုန်းက ကျွန်မရဲ့ ပိုက်ဆံအိတ်ထဲမှာ ငွေရှစ်သောင်းလောက် ပါသွားတယ်။ ပိုက်ဆံအိတ်ကို ချိုင်းကြားမှာ ညှပ်ထားတာ။ အိမ်အတွက် အသုံးလိုတာလေးတွေ ဝယ်မယ်ပေ့ါ။ အမေ့အတွက်လည်း လုံချည်တစ်ကွင်းလောက် ဝယ်သွားမယ်ပေ့ါ။ အဲ့ဒီလိုစိတ်ကူးပြီး ဈေးထဲမှာ လျှောက်ကြည့်နေတာ''

''ခင်ဗျားတစ်ယောက်တည်းလား''

''အင်း…တစ်ယောက်တည်းပေ့ါ။ ရှင်တို့သူငယ်ချင်း ကျော်ကျော်နိုင်က ထန်းရည်မူးပြီး အိပ်ပျော်နေလို့ ခေါ်မရဘူး။ ထားခဲ့ရတယ်''

''အင်း…ဆက်ပြောပါဦး''

''ကားပေါ်က ဆင်းကတည်းက ကျွန်မနောက်ကနေ မိန်းမသုံးယောက် လိုက်လာတာကို သတိတော့ ထားမိတယ်။ ဒါပေမယ့် သူတို့ကိစ္စနဲ့ သူတို့လို့ သွေးရိုးသားရိုးပဲ အောက်မေ့မိတာ…''

''နောက်တော့''

''သူတို့ ကျွန်မကို တိုးဝှေ့ပြီး ကျော်တက်သွားတာ သတိထားမိတယ်။ နောက်တော့ ဘာဖြစ်သွားမှန်း မသိ၊ ဈေးထဲမှာ သွားပြီးသားနေရာတွေကိုပဲ ကျွန်မ တဝဲလည်လည် လျှောက်သွားနေမိတယ်။ ဘယ်လောက်ကြာသွားလည်း မသိဘူး။ ကျွန်မ သတိဝင်လာတော့ ကျွန်မရဲ့ ပိုက်ဆံအိတ် မရှိတော့ဘူး''

''တို့ဆေးနဲ့တို့ပြီး ယူသွားတာပေါ့''

''အင်း...အဲ့ဒီလို ထင်ရတာပဲ။ တို့ဆေးဆိုတာကို ကျွန်မက ကြားရုံ ကြားဘူးတာ၊ တစ်ခါမှ မကြုံဖူးဘူး။ အဲ့ဒါ ပထမဆုံးအကြိမ်ပဲ''

''နောက်အကြိမ်ကကော...''

''ဖွဟဲ့...လွဲပါစေ ဖယ်ပါစေ။ နောက်အကြိမ်လည်း မရှိပါစေနဲ့''

သူတို့ ဝိုင်းရယ်ဖြစ်ကြသည်။

ထိုအချိန်မှာပဲ ဆိုင်ထဲသို့ ဆိတ်သိုးတစ်ကောင် ပျာရိပျာယာ ဝင်လာပြီး သူ့ကို...

''ဟေ့ကောင် လူလူ''

''ဘာလဲဟ''

''မင်းကောင်မလေးက အတွဲနဲ့ဟ။ ငါ ခုပဲ တွေ့ခဲ့တယ်''

''ဘယ်က ငါ့ကောင်မလေးလဲ''

''ဟို...မင်းတို့ရပ်ကွက်ထဲက ကောင်မလေးကွာ...။ တစ်ခါ တို့တွေ အအေးဆိုင်မှာ ဆုံတာ''

''ဖူးဖူးလား''

''အေး...ဟုတ်မှာပေါ့။ မင်း ခုံသွားယူတဲ့ ကောင်မလေး။ သူက အတွဲနဲ့ဟ''

စိတ်ထဲမှာ တစ်မျိုးဖြစ်မိသော်လည်း မျက်နှာအမူအရာကို မပျက်စေဘဲ...

''အေး...။ အဲ့ဒါ ဘာဖြစ်လို့လဲ''

''မင်းက ကြိုပြောမထားဘူးကွာ''

''ဘာလဲဟ''

''ဩော်...အဲ့ဒါကို ကြိုသိထားရင် ငါ ညညတွေ အိပ်ရေးမပျက် ရဘူးပေါ့ကွာ...။ ခုတော့...''

''အောင်မာ...ဆင်ပေါက်အော်ရင်တောင် မနိုးတဲ့ ဆိတ်သိုးက များ''

သူ့စကားကြောင့် ဝိုင်းရယ်ဖြစ်ကြပြန်သည်။ နေရင်းထိုင်ရင်း အထိခိုက်ခံရသဖြင့် ဆင်ပေါက် သိပ်မကျေနပ်ချင်။ သူ့ကို ဆင်ကြည့် ကြည့်သည်။ ပြီး... ဘုပြောသည်။

''မင်းတို့ကိစ္စကို ထားစမ်းပါကွာ။ မလှလှသန်းပြောတာကို ဆက် နားထောင်စမ်းပါ''

မလှလှသန်းက...

''ပြီးပြီလေ...အဲ့ဒါပဲ။ ရှင်တို့လည်း တို့ဆေးကို သတိထားပေါ့''

''ခင်ဗျားပိုက်ဆံတွေ ပါသွားတော့ ဘာမှ မဝယ်ဖြစ်တော့ဘူးပေါ့''

''အင်းပေါ့''

''အိမ်ကို ဘယ်လိုပြန်လာလဲ''

''ကကာ ငှားလာပြီး အိမ်ကျမှ ပိုက်ဆံရှင်းပေးရတာပေါ့''

''ကျော်ကျော်နိုင် ခင်ဗျားကို မရိုက်ဘူးလား''

''ပိုက်ဆံတွေ နှမျောပြီး ကျွန်မငိုနေလို့ သူက ချော့ရတယ်လေ''

''တို့ဆေးက ကြောက်ဖို့ ကောင်းတယ်ဗျ''

အခုမှ ရောက်လာသည့် ဆိတ်သိုးက နားစွန်နားဖျားဖြင့် ဝင်ပြော ခြင်းဖြစ်သည်။

''မင်းကရော ကြုံဘူးလို့လား''

သူ့အမေးကို ဆိတ်သိုးက 'ပဲ...ဟဲဟဲ'ဟု ရယ်ရင်း ပြန်ဖြေသည်။ (သူက ထိုအတိုင်းပဲ ရယ်တတ်သည်။ ထို့ကြောင့် ထွန်းမြင့်ဆိုသော နာမည်ရင်းပျောက်ပြီး ဆိတ်သိုးဟု တွင်သွားခြင်းဖြစ်သည်)

''ငါက အသုံးချဖို့တော့ ကြိုးစားဘူးတယ်''

''ဒါဆို... တို့ဆေးကို မင်း မြင်ဘူးတာပေါ့''

''အေး...မြင်ဘူးတာပေါ့''

''ငါက သိပ်တောင် မယုံဘူး။ တို့ဆေးဆိုတာ တကယ်မရှိဘူး တောင် ထင်တယ်''

''ဘယ်ကလာ...သိပ်ရှိတာပေါ့''

''ဘယ်လိုပုံစံမျိုးလဲ။ ဘယ်လိုဆေးမျိုးလဲ''

''ပဲ...ဟဲဟဲ...။ မသိချင်ပါနဲ့ကွာ။ မကောင်းပါဘူး''

''ဒါနဲ့များ မင်းက အသုံးချဖို့တောင် ကြိုးစားဘူးတယ်ဆို''

''တကယ်မလုပ်ဖြစ်ပါဘူး''

''ဘာလဲ...။ မင်းကလည်း ခါးပိုက်နှိုက်မလို့လား''

''မဟုတ်ပါဘူးကွ။ ငါက အဲ့ဒီလိုလူစား မဟုတ်ပါဘူး''

''ဒါဖြင့်... ဘာလုပ်မလို့လဲ''

''ခပ်ချောချောကောင်မလေးတစ်ယောက်ကို ရည်းစားစကား ပြောမလို့''

''ဟော...''

ဆိတ်သိုး၏ စကားကြောင့် သူအပါအဝင် အားလုံးက အံ့သြသွားကြသည်။ ပါးစပ်အဟောင်းသားဖြင့် ဆိတ်သိုးကို မယုံကြည်နိုင်သလို ဝိုင်းကြည့်ရင်း...

''မင်း တော်တော်အကြံကြီးတဲ့ ကောင်ပဲ''

''မလုပ်ဖြစ်လိုက်ပါဘူးဆို...''

''ဘာဖြစ်လို့လဲ''

''ငါ့ညီမရဲ့သူငယ်ချင်း ဖြစ်နေလို့''

''ကောင်မလေး ကံကောင်းသွားတာပေါ့။ ဒါနဲ့ အဲ့ဒီတို့ဆေးကို ဘာလုပ်လိုက်လဲ''

''ငါ့ညီမက ယူလွှင့်ပစ်လိုက်တယ်''

စကားဝိုင်းက တို့ဆေးဆီမှ မထွက်နိုင်အောင် ဖြစ်နေသည်။ မလှလှကလည်း သူ မကျေမချမ်းဖြစ်ခဲ့ရသောကိစ္စမို့ ဝင်မေးသည်။

''ကိုဆိတ်သိုး...။ အဲ့ဒီတို့ဆေးက ဘယ်လိုလုပ်ထားတာလဲ။ ဘာတွေနဲ့ ဖော်စပ်ထားတာလဲ''

"မသိချင်ပါနဲ့ဆိုဗျာ...။ မကောင်းပါဘူး"

အားလုံးက ဝိုင်းမေးကြသည်။ မည်သို့ပင် မေးမေး ဆိတ်သိုး ကလည်း လုံးဝ မပြော။ ကြာတော့ ငြင်းရတာကို မောလာပုံရသည်။ ထလစ်ဖို့ ပြင်သည်။

"ပြန်တော့မယ်ကွာ...။ မင်းတို့နဲ့ လေကန်နေဖို့ အချိန်မရဘူး။ မင်းတို့ ဒီဆိုင်မှာရှိတတ်တယ်ဆိုပြီးတော့ ခဏဝင်လာတာ။ အိမ်မှာ အလုပ် တွေ ရှိသေးတယ်ကွ"

"ငါလည်း ပြန်မှာ။ အတူသွားမယ်လေ"

သူကပါ ဆိတ်သိုးနှင့်အတူပြန်ရန် ပြင်သည်။ ဆိတ်သိုးနှင့်သူက ပြန်ရမည့်လမ်းကြော တူသည်။

"ဟ...လူလူ။ မင်းကပါ ပြန်တော့မလို့လား"

"အေး...ပြန်လိုက်ဦးမယ်ကွာ"

ဘယ်သူကမှလည်း အတင်းမတားကြပါ။ လက်ဖက်ရည်ဖိုးတော့ ရှင်းခိုင်းသဖြင့် ရှင်းပေးခဲ့ရ၏။ အပြန်လမ်းကျမှ ဆိတ်သိုးကို ထပ်မေးကြည့်မိ ၏။

"မင်းပြောတဲ့ တို့ဆေးကိစ္စက နောက်နေတာလား၊ တကယ် လား"

"တကယ်"

"ငါ အဲ့ဒီဆေး လိုချင်တယ်ကွာ"

"ဘာလုပ်မလို့လဲ"

"မင်းလိုပဲ လုပ်မလို့"

"ဘာ..."

"ကောင်မလေးတစ်ယောက်ကို တို့ဆေးနဲ့တို့ပြီး ရည်းစားစကား ပြောမလို့"

"မင်းက..."

"အေး..."

"သွားစမ်းပါကွာ...။ သတ္တိလည်း မရှိဘဲနဲ့"

''အဲ့ဒီလို အနေအထားမျိုးဆိုရင်တော့ သတ္တိရှိတာပေါ့ကွာ။ သူက ကိုယ့်ကို ပြန်မှ မကောနိုင်တာ''

''အဲ့ဒါတောင် မင်းက ပြောတတ်မှာ မို့လို့လား''

''ဒီလောက်တော့ ရပါတယ်ကွ''

''ဘယ်နေရာကို တို့ရသလဲဆိုတာကော သိလို့လား''

''ဒါကတော့ မင်းပြောပြပေါ့''

''မိန်းကလေးကိုဆိုရင် ဘယ်ဘက်တံတောင်ဆစ်ကို တို့ရတယ်''

''ဒါဆို လွယ်ပါတယ်ကွ''

''မင်းက ဘယ်သူ့ကို ရည်းစားစကား ပြောမှာလဲ''

''စုစုမင်းကိုကွ''

ဆိတ်သိုး အနည်းငယ် စဉ်းစားသွားသည်။ စုစုမင်းဆိုသည်က မလှလှသန်းတို့ လက်ဖက်ရည်ဆိုင်အနီး စာအုပ်အငှားဆိုင်မှ ဖြစ်သည်။ ထိုအငှားဆိုင်မှာ စာအုပ်ငှားကြရင်း သူတို့နှင့်လည်း မျက်မှန်းတန်းမိသည်။ ရင်းရင်းနှီးနှီးတော့ မရှိလှ။ လှသလောက် စွာသောကောင်မလေးဖြစ်သည်။

''အဲ့ဒါ ငါ့ကို မင်း 'တို့ဆေး'ဖော်ပေးကွာ''

ဆိတ်သိုးက တွေဝေနေဆဲ။ သူက ထပ်တိုက်တွန်းလိုက်သည်။

''လုပ်ပါကွ။ မင်းကျေးဇူးကို ငါ မမေ့ပါဘူး''

''မင်းက စုစုမင်းကို တကယ်ကြိုက်လို့လား''

''မေးမနေနဲ့တော့လေကွာ''

''ဒါဖြင့်လည်း ပြီးရောလေ...''

သူ ဝမ်းသာသွားသည်။ ဒါဖြင့် မင်း'တို့ဆေးဖော်ပေးမယ်ပေါ့'ဟု ဝမ်းသာအားရ ပြောလိုက်မိသည်။ ဆိတ်သိုးက 'ဆေးလို့ပဲ ပြောစမ်းပါကွာ' ဟု ဆို၏။ ရပါသည်။ ဘာခက်တာမို့လို့။

''အေး...အေး...။ ဆေးဆိုလည်း ဆေးပေါ့ကွာ။ ဖော်ပေးမယ်ပေါ့''

ဆိတ်သိုးက အင်တင်တင်လေသံဖြင့်...

"အင်း"

ပြီးမှ…

"သုံးလေးငါးရက်တော့ မင်း စောင့်ရမယ်"

"ရတယ်…စောင့်မယ်။ သုံးလေးငါးရက်အတွင်းမှာတော့ စုစုမင်း ရည်းစား ရမသွားနိုင်ပါဘူး"

သူ့ကိုယ်သူ ဖြေသာအောင် ပြန်အားပေးထားရခြင်း ဖြစ်၏။ တစ်ဆက်တည်းမှာ သတိတရဖြင့် …

"အဲ့ဒီဆေးအတွက် ကုန်ကျစရိတ် ငါ ဘယ်လောက်ပေးရမလဲ"

"မလိုပါဘူးကွာ"

သည်လိုကျတော့လည်း ဆိတ်သိုးက မဆိုးချေ။

လေးရက်မြောက်သောနေ့မှာ ဆိတ်သိုးထံမှ ဆေးထုပ်လေး တစ်ထုပ် ရ၏။ အဖြူရောင်အမှုန့်ကလေးများ ဖြစ်သည်။

"မင်း လေလုံအောင် သိမ်းထား။ အသုံးချခါနီးမှ လက်ကို ရေဆွတ်ပြီး တို့။ ပြီး… ထိထိမိမိတို့"

"အေး…အေး"

"အဲ့ဒါ ဆေးမှုန့်တွေကို မင်း သွားပြီးလည်း ရှူမကြည့်နဲ့ဦးနော်"

"သြော်…အေး"

ထိုဆေးမှုန့်လေးတွေယူပြီး သူ ဝမ်းသာအားရ အိမ်ပြန်လာခဲ့ သည်။ အပြန်လမ်းတစ်လျှောက်လုံးမှာ ရင်ခုန်နေမိသည်။ စုစုမင်းကို ပြောရန် စကားများလည်း စဉ်နေမိသည်။

နောက်တစ်နေ့မှာပဲ စုစုမင်းရှိရာသို့ သူ ရောက်သွား၏။ စာအုပ် ဆိုင်ကို လူစောင့်နှင့်ထားခဲ့ပြီး သူမက ပြန်မလာသော စာအုပ်တွေကို လိုက်သိမ်းချိန်ဖြစ်သည်။ စုစုမင်းတစ်ယောက်တည်း အပြင်ထွက်ချိန်ဖြစ်၍ သူ့အတွက် အဆင်ပြေသည်။ ခြေလှမ်းကို ထိန်း၍ နောက်မှ လိုက်သွား ရင်း

"အဲ…စုစုမင်း"

စုစုမင်းအနားရောက်မှ ခြေလှမ်းယိမ်းယိုင်သွားဟန်ဖြင့် သူမ၏

ဘယ်ဘက်တံတောင်ဆစ်ကို တို့ဆေးနှင့် တို့လိုက်ကာ ကိုယ်ဟန်ပြန်ထိန်းရင်း...

"စုစုမင်း...။ တစ်ယောက်တည်းလား"

စုစုမင်းက သူ့ကို ကြောင်ကြည့်နေသည်။

"ကိုယ့်ကို မမှတ်မိဘူးလား...။ ခေတ်လူလေ"

စုစုမင်းက ကြောင်ကြည့်နေဆဲ။ ဆေးစွမ်းက ချက်ချင်းပြလေသည်ထင့်။ သူက အခွင့်အရေးကို လက်လွှတ်မခံဘဲ...

"ကိုယ့်ကို မမှတ်မိရင်တောင် မေတ္တာရိပ်လွှမ်းတဲ့ ကိုယ့်ရဲ့မျက်ဝန်းအစုံကို မှတ်မိသင့်ပါတယ်ကွယ်"

လမ်းလယ်ခေါင်မှာ စုစုမင်းက တွေတွေကြီးရပ်နေပြီး သူက စုစုမင်းကို လှည့်ပတ်ကာ စကားပြောနေမိသည်။ သူကပါ တို့ဆေးမိခံထားရသူလို ဖြစ်နေသည်။

"နူးညံ့ငြင်သာတဲ့ ကိုယ့်ရဲ့စကားသံကိုလည်း မှတ်မိဖို့ ကောင်းပါတယ်"

" "

"သိမ်မွေ့ပြီး နိုင်မာတဲ့ စုစုမင်းအပေါ် ကိုယ့်မျှော်လင့်ချက်ကိုလည်း နားလည်သိမြင်ဖို့ ကောင်းပါတယ်"

" "

"ကိုယ့်ကို မမှတ်မိရင်တောင် ကိုယ့်ကို မှတ်မိဖို့ကောင်းပါတယ် စုရယ်။ တကယ်ဆို... စုအပေါ်ထားတဲ့ ကိုယ့်ရဲ့ချစ်ခြင်းမေတ္တာဟာ ပေတသီး ကျီးတစ်သားလို..."

စကားကို ဆုံးအောင် ဆက်မပြောလိုက်ရ။ စုစုမင်းက သူ့မျက်နှာကို လက်ညှိုးထိုးပြီး တဟားဟား ထရယ်သည်။ 'ဘာဖြစ်တာလဲဟ' ဟူသောအတွေးနှင့် သူ အူကြောင်ကြောင် ဖြစ်သွားသည်။ စုစုမင်းက...

"ကိုခေတ်လူ...။ ရှင် တော်တော်ပေါပါလား"

"ဗျာ..."

"ကျွန်မကို တို့ဆေးနဲ့တို့ပြီး ရည်းစားစကားပြောတာပေါ့...။

ဟုတ်လား''

''ဗျာ…''

''ရှင် ကျွန်မကို အဲ့ဒီလို စကားပြောလိမ့်မယ်လို့ ကိုဆိတ်သိုးက ကျွန်မကို ပြောပြထားပြီးသား။ ရှင် ကျွန်မကို တို့တာလည်း ဘာတို့ဆေးမှ မဟုတ်ဘူး။ မြေဖြူမှုန့်တွေ။ ကျွန်မလည်း ဘာမှ မဖြစ်ဘူး။ ရှင် ဘယ်လောက် ပေါသလဲဆိုတာကို သိချင်လို့ ဟန်ဆောင်နေပေးတာ။ အခု ရယ်ချင်တာကို မအောင့်နိုင်တော့ဘူး။ ဟား…ဟား…ဟား''

စုစုမင်းက စကားအဆုံးမှာ အူလှိုက်သည်းလှိုက် ရယ်ပြန်သည်။ သူ့မျက်နှာ ထူပူထွက်သွားသည်။ ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်တော့ ဈေးဆိုင်များ၊ လမ်းသွားလမ်းလာများကလည်း သူ့ကို ပြုံးစိစိ ဝိုင်းကြည့်နေကြ၏။ သူ အလွန်ရှက်သွားမိ၏။ ထိုအရှက်ကို စာဖြင့်၊ စကားဖြင့် ဖော်ပြ၍ မရတော့။

နေရာမှ ချာခနဲ လှည့်ထွက်ခဲ့သည်။ မျက်လုံးတွေတောင် ပြာနေ၏။ စုစုမင်း၏ ရယ်သံနှင့် လူတချို့၏ရယ်သံက နောက်မှာ ကျန်ခဲ့သည်။

သည်လိုမျိုးကျတော့ ဆိတ်သိုးက မကောင်းချေ။ မကောင်းတာမှ နည်းနည်းလေးတောင် မကောင်း။ နောက်နေ့တွေမှာ စုစုမင်းရှိရာဘက်ကို ခြေဦးပင် မလှည့်တော့။ ဆိတ်သိုးတို့ သူငယ်ချင်းအုပ်စုကိုလည်း အတွေ့မခံတော့။ သူတို့နှင့်ဆုံမည်စိုး၍ ပြင်သစ်စကားပြောသင်တန်းကိုပင် အချိန်ပြောင်းတက်လိုက်သည်။

သည်ကြားထဲ မလှလှသန်းနှင့် ဈေးထဲမှာ တွေ့ပြီး အမေးခံရသေးသည်။

'ဘယ်လိုလဲ…။ တို့ဆေးကပေးတဲ့ ဒုက္ခကို သိပြီမို့လား'…တဲ့။ သိပ့ါ။ ဟုတ်ပါ့။

●●●

[၄]

"မင်္ဂလာပါရှင်"
"မင်္ဂလာပါခင်ဗျာ"
"ဒီနေ့ ကျွန်မပြောမယ့် အကြောင်းအရာက…"
"ဒီနေ့ ကျွန်တော်တို့ နားထောင်ရမယ့် အကြောင်းအရာက…"
"ဘယ်သူလဲ မသိဘူး"
"ဘယ်သူလဲ သိတယ်"
"တစ်ယောက်ယောက် နောက်နေတယ် ထင်တယ်"
"တစ်ယောက်ယောက် အနောက်ခံနေရတယ် ထင်တယ်"
"ရှင်တို့နော်"
"ကျွန်တော်တို့ ကျွန်မတို့နော်"
"ဆရာ…။ ဒီမှာ လုပ်ပါဦး"
"ဆရာ…။ ဒီမှာ မလုပ်ပါနဲ့"

ကျန်သော အတန်းသားများက ဝိုင်းရယ်ကြသည်။ ကောင်မလေ ကလည်း ဆရာ့ကို ခေါ်မရသဖြင့် ဆူဆူအောင့်အောင့်ဖြင့် ဘာစကား ဆက်မပြောတော့ဘဲ စတိတ်ခုံပေါ်မှ ဆင်းသွားသည်။ ပြင်သစ်စကာ

ပြောဆရာကို ကောင်မလေးက ပြင်သစ်လို လှမ်းခေါ်ခြင်း ဖြစ်ပါ၏။ သို့သော် ဆရာက ပြင်သစ်စကားကို မတတ်၍လား မသိ။ လှည့်ပင် မကြည့်ဘဲ သူ့ဧည့်သည်နှင့် မြန်မာလိုတွေပြောရင်း စကားလက်ဆုံ ကျနေသည်။

ကောင်မလေး၏နာမည်က 'မိုးပန်းပွင့်'ဟူ၏။ သူ ပြောင်းတက်သော တန်းခွဲမှာ အတော်ဆုံးကောင်မလေး။ ကျန်သော သင်တန်းသားများကို သူက ထိုသို့ပင် ပြင်သစ်လို စကားပြောနေကျ။ ထိုတန်းခွဲသို့ သူ ပြောင်းလာမှပဲ ကောင်မလေး အခက်တွေ့ရတော့၏။

သူကလည်း စာတော်သူဖြစ်သည်။ (ထိုအကြောင်းကို ရှေ့မှာ ဆိုထားပြီး) ကောင်မလေးကို သူက ပြန်နောက်ပြောင်နိုင်စွမ်း ရှိနေသည်။ ထိုနေ့က သူ နောက်ပြောင်သဖြင့် ကောင်မလေးက သူ့ကို စိတ်ဆိုးသွားလေသည်။ သူကလည်း အဘယ်ကြောင့် ဤမျှ အာသွက်လျှာသွက် ဖြစ်နေမှန်း သူ့ကိုယ်သူပင် မသိချေ။

ကောင်မလေးက စာတော်သည်။ ရုပ်ရည်က အလှချည်းမဟုတ်သော်လည်း ဆွဲဆောင်မှုရှိသည်။ ကြည်လင်ထက်မြက်သည်။ ဤလို ကောင်မလေးမျိုး။ ဤတန်းခွဲမှာ ရှိမှန်းသိလျှင် အစကတည်းက ဤတန်းခွဲမှာပဲ သူ တက်ခဲ့ပါသည်။ ဖူးဖူးတို့၊ စုစုမင်းတို့နှင့်လည်း ပတ်သက်စရာ မရှိ၊ ခုတော့ အသိနောက်ကျသွားသည်။ ဆန့်ကျင်ဘက်စကားကို ဆိုရဦးမည်။

သို့သော်… အချိန်မီပါသည် ဟု။

သူနှင့် မိုးပန်းပွင့်တို့ အတန်းထဲမှာ မျက်လုံးချင်း ခလုတ်တိုက်မိကြသည်။ စကားအသွားအလာချင်း ခလုတ်တိုက်မိကြသည်။ ထို့မှတစ်ဆင့် နှလုံးသားချင်း ခလုတ်တိုက်မိကြခြင်းမျိုး မဖြစ်ဟု မည်သူမှ မဆိုနိုင်။

တစ်နေ့… သူသူငယ်ချင်း ထွန်းထွန်းဦးရှိရာသို့ သွားလည်သည်။ ထိုသတ္တဝါက မိုးလင်းသည်နှင့် အိမ်မှ ထွက်တတ်သောကြောင့် သူက အုပ်မိရန် မနက်စောစော သွားရသည်။ လမ်းမှာ…

မိုးပန်းပွင့်နှင့် တွေ့ခြင်း မဟုတ်ပါ။ နွားနို့သည် ကုလားမကြီး

တစ်ယောက် ခြံတစ်ခြံ၏ အုတ်တံတိုင်းမှ ဘဲလ်ကို မမီမကမ်း လှမ်းနှိပ်ရန် ကြိုးစားနေသည်ကို တွေ့ရ၏။ ဘဲလ်တပ်ထားပုံက နည်းနည်းမြင့်သည့်အပြင် နွားနို့သည်ကုလားမကြီးကလည်း အရပ်အတော်ပုသောကြောင့် အဆင်မပြေ ဖြစ်နေသည်။ သူ ကူညီရန် ဆုံးဖြတ်လိုက်၏။ ငယ်သောသူကို ကြင်နာရမည်ဖြစ်သလို ပုသောသူကိုလည်း ကြင်နာရမည်လေ။ သူ့ခမျာ ကာတွန်းစိုးသော်တာ မဟုတ်သောကြောင့် မရှည်ရခြင်းဖြစ်၏။

"အဒေါ်ကြီး...။ ဘာလုပ်မလို့လဲ"

ကုလားမကြီးက သူ့ကို ဇဝေဇဝါလှည့်ကြည့်ကာ...

"နင်က ရဲလား"

"မဟုတ်ပါဘူး...။ ဘာကူညီရမလဲလို့ပါ"

"ကူညီပါရစေဆိုရင် နင်က ရဲပေါ့"

"မဟုတ်ပါဘူး။ ရဲကမှ မဟုတ်ပါဘူး။ လူသားအချင်းချင်းလည်း ကူညီတတ်ပါတယ်"

"နင်က ရိုးရိုးလူပေါ့"

"ဩော်...ဟုတ်တယ်လေ"

စကားပြောရတာ လက်ပေါက်ကပ်လှလေသည်။

"ငါ ဒီ လူခေါ်ခေါင်းလောင်းကို နှိပ်မလို့"

"ဘာလုပ်မလို့လဲ"

"ဒီနွားနို့ပုလင်း ပေးမလို့"

"ခါတိုင်း ဘယ်လိုပေးလဲ"

"ခါတိုင်းတော့ ဒီအိမ်ရှေ့မှာ ထားပေးသွားတာပဲ။ သူတို့ဘာသာ ထွက်ယူတာပဲ။ ခုတော့ တခြားလူတွေ၊ တခြားကလေးတွေက နောက်ပြောင်ပြီး ယူသွားကြလို့ သူတို့ မရဘူးတဲ့။ သူတို့လက်ထဲကို တိုက်ရိုက်ထည့်ပါတဲ့။ အဲဒါကြောင့် လူခေါ်ခေါင်းလောင်းကို နှိပ်မလို့ မမီဘူးဖြစ်နေတယ်"

"အေးဗျာ...။ အဒေါ်ကြီးအရပ်နဲ့စာရင် လူခေါ်ခေါင်းလောင်းက ရှည်နေတယ်"

''ဘာဖြစ်တယ်...''

သူ့ကို ထွေထွေထူးထူး ရှင်းပြမနေတော့ပါ။ သွက်သွက်လက်လက် ရှေ့တိုးသွားလိုက်ပြီး...

''ကဲ...ထား...ထား။ ကျွန်တော် နှိပ်ပေးမယ်''

နှိပ်ပေးလိုက်သည်။ အိမ်ထဲမှ ဘဲလ်မြည်သံကို သဲ့သဲ့ကြားရ၏။

''ကဲ...အထဲကလူတွေ ထွက်လာတော့မယ်''

''ဒါဆို ဒီနွားနို့ပုလင်းကို နင်ပဲ ပေးလိုက်ပါလား''

''ဗျာ...''

''အချိန်မရှိဘူးဟယ်...။ ငါက သွားရတော့မယ်။ တခြားအိမ်တွေ သွားရဦးမယ်''

''ပိုက်ဆံ မယူတော့ဘူးလား''

''သူတို့က လပေး သောက်တာ''

ပြောပြောဆိုဆိုနှင့်ပင် ကုလားမကြီးက သူ့လက်ထဲသို့ နွားနို့ပုလင်းကြီးထည့်ကာ ခပ်သုပ်သုပ် ထွက်သွားတော့သည်။ နွားနို့ပုလင်း လက်မှာကိုင်ကာ အူကြောင်ကြောင်ဖြင့် သူ ကျန်ခဲ့သည်။ ပြူတင်းတံခါး ပွင့်သွားသည်။ ထိုအခါကျမှ...

ထွက်လာသူက မိုးပန်းပွင့်...။

သူ့ကို မြင်တော့ မိုးပန်းပွင့်ကလည်း သူ့လိုပဲ အူကြောင်ကြောင် ဖြစ်သွားလေသည်။ ပြီးမှ...

''ဩော်...နင်လား''

သူ့စိတ်ထဲမှာ ပျော်သွားသဖြင့် နောက်ပြောမိပြန်သည်။

''ဩော်...ငါလား''

မိုးပန်းပွင့် အောင့်သက်သက်ဖြစ်သွားပုံရ၏။ အံတစ်ချက်ကြိတ်ပြီး

''နင်က နွားနို့ လာပို့တာလား''

''ငါက နွားနို့ လာပို့တာပဲ''

''နင်က နွားနို့လည်း ပို့သလား''

''နင်က နွားနို့လည်း သောက်သလား''

''နင် ဘာပြောတယ်''

''ငါ ဘာပြောတယ်''

''နွားနို့ကို ထားခဲ့ပြီး နင်ပြန်တော့''

''နွားနို့ကို ထားခဲ့ပြီး ငါပြန်မယ်''

''နောက်နေ့ နင် လာမပို့နဲ့''

''နောက်နေ့ ငါ လာမပို့ဘူး''

''ခါတိုင်းကုလားမကြီးက ဘာဖြစ်လို့လဲ''

''ခါတိုင်းကုလားမကြီးက ဘာမှ မဖြစ်ဘူး''

''ဒါဖြင့် ဘာဖြစ်လို့လဲ''

''ဒါဖြင့် ဘာမှ မဖြစ်ဘူး''

''အဲ့ဒီကုလားမကြီးက ဘယ်မှာလဲ''

''အဲ့ဒီကုလားမကြီးက ဘယ်မှာမှန်း မသိဘူး''

''နင် ဘာကောင်လဲ''

''ငါ ဘာကောင်လဲ''

''တော်ပြီ...တော်ပြီ...။ နင် သွားတော့''

''တော်ပြီ...တော်ပြီ...။ ငါ သွားပြီ''

''ဟွန်း...''

''ဟမ်း...''

ထိုခြံရှေ့မှ လှည့်ထွက်လာခဲ့ပြီး ဘာကိုမှန်းမသိ ကျေနပ်နေမိသည်။ မိုးပန်းပွင့်၏ စူပုတ်ပုတ်မျက်နှာလေးကလည်း ချစ်စဖွယ် ကောင်းလွန်းသည်ဟု မြင်မိ၏။ မြားနတ်မောင်က သူတို့ကို ကျီစယ်လေပြီ။ ဘာပဲပြောပြော မိုးပန်းပွင့်၏အိမ်ကို မမျှော်လင့်ဘဲ သူ သိပြီ၊ ဖူးစာပါသော တိုက်ဆိုင်မှုဟု သူ ယူဆမိသည်။

ရပ်ကွက်ထဲမှလူတွေ စကားပြောလျှင် 'ယုံမလားတော့ မသိဘူး' ဆိုတာ ပါတတ်သည်။ ထို့နောက်ပိုင်း ရက်တွေမှာတော့ သူကလည်း ထိုစကားလုံး သုံးစရာအကြောင်း ပေါ်လာသည်။

ယုံမလားတော့ မသိဘူး။

သူနှင့်မိုးပန်းပွင့်တို့ ချစ်သူဖြစ်သွားကြလေသည်။ ခေတ်ဟောင်းစာရေးဆရာကြီးမိုးဝေ၏ စာသားထဲမှာ 'တင်မောင်ဆွေ မည်သို့မည်ပုံ လုပ်လိုက်သည် မသိ။ ရှမ်းကိုးယောက်မှာ အတုန်းအရုန်း' ဆိုတာမျိုး ပါဝင်ဘူးသည် ထင်သည်။ ယခုလည်း 'သူ မည်သို့မည်ပုံ လုပ်လိုက်သည် မသိ။ မိုးပန်းပွင့်မှာ အတုန်းအရုံး' ဆိုတာမျိုး။

သူနှင့် မိုးပန်းပွင့်တို့ ချစ်သူတွေ ဖြစ်သွားကြလေသည်။

ထိုအခါ...

ချစ်သူတို့ဘာသာဘာဝ ချိန်းတွေ့ကြသည်။ လျှောက်လည်ကြသည်။ စိတ်ကောက်ကြသည်။ ပြန်ချော့ကြသည်။ ကြည်နူးဖွယ်ရာလေးတွေ ကြုံကြရသည်။

"အောင်သွယ်တော်ဆိုတာ ရုရှားနဲ့တူတယ် မိုးပန်းရဲ့"

"ဘာဖြစ်လို့လဲ"

"ရုရှားက အာရှနဲ့ ဥရောပကြားက နိုင်ငံကိုး"

"အဲ့ဒါ ဘာဖြစ်လဲ"

"သူတို့ခံစားရတာ ရှိတယ်"

"စကားကို ရှင်းအောင်ပြောကွာ"

"ဩော်...။ အာရှနိုင်ငံတွေဆီ ရောက်သွားရင် သူတို့ကိုယ်သူတို့ ဥရောပသားလို့ ထင်မိတယ်"

"အင်း..."

"ဥရောပနိုင်ငံတွေဆီရောက်သွားရင် သူတို့ကိုယ်သူတို့ အာရှသားလို့ ထင်ပြန်ရော"

"ဩော...အင်း...ထားပါတော့။ အဲ့ဒါနဲ့ အောင်သွယ်တော်နဲ့ ဘာဆိုင်သလဲ"

"ဩော...အောင်သွယ်တော်ကလည်း အဲ့ဒီလိုပဲလေ။ ရည်းစားမရှိသူတွေနဲ့ ကြုံရင် သူတို့ကိုယ်သူတို့ ဆရာကြီးပဲ။ ရည်းစားရှိထားပြီးသူတွေနဲ့ကြုံရင် သူတို့ခမျာ အမြီးမရှိ၊ ငုံးတိတိနဲ့ ငေါင်းစင်းစင်းကြီးတွေ။ ပြောစရာစကား မရှိဘူး"

မိုးပန်းပွင့်က ကြောင် ချောင်းဆိုးသလို ခစ်ခနဲ ရယ်သည်။

''ကိုကလည်း ကြဲကြဲဖန်ဖန်''

''ကိုယ်က အကောင်းပြောတာ''

''ကဲ...ထားပါတော့။ အခု တိရစ္ဆာန်ရုံ သွားကြရအောင်''

''ဘာသွားလုပ်မှာလဲ''

''မရောက်တာ ကြာလို့''

''သွားလေ...။ ကိုယ်ကလည်း သွားချင်နေတာနဲ့ အတော်ပဲ''

''ဘာဖြစ်လို့လဲ''

''အဲ့ဒီတိရစ္ဆာန်ရုံထဲက ခြင်္သေ့ရယ်၊ ကျားရယ်၊ ဆင်ရယ်၊ ဆိတ်ရယ်ကို ပျစ်ပျစ်နှစ်နှစ် ဆဲမလို့''

''အို...ဘာဖြစ်လို့လဲ''

''ဘာမှ မဖြစ်ဘူး။ ဆဲကို ဆဲချင်လို့''

''ကိုဟာလေ...ဘာမှန်းမသိဘူး''

သူတို့တွေ ပျော်ပျော်ပါးပါး တိရစ္ဆာန်ရုံကို ရောက်သွားကြလေသည်။

တစ်ခါတစ်ခါကျတော့လည်း မိုးပန်းပွင့်က ပေါက်ကရလေးတွေ ပြောသည်။

''ကို...။ မိုးပန်းတို့ချစ်ကြတာ ၁၅၀၀ မေတ္တာပေါ့နော်''

''ကျမ်းဂန်တွေထဲမှာတော့ ၁၅၀၀ ကိလေသာလို့ သုံးကြတယ်။ ထားပါတော့...။ ဘာဖြစ်လို့လဲ''

''၁၅၀၀ ထဲကနေ '၁'လောက်နှုတ်ပြီး ချစ်ကြရင် မကောင်းဘူးလား''

''ဘာဖြစ်လို့လဲ''

''ဩော်...သူငယ်ချင်းတွေက ပြောကြတယ် ကိုရဲ့''

''ဘာပြောတာလဲ''

''ထောင့်ငါးရာဆိုတာ မောင့်အနားမှာဆိုတဲ့ သဘောပဲရှိတယ်တဲ့''

''အင်း...''

''တစ် လေး ကိုးကိုးဆိုရင် အချစ်ကလေး တိုးတိုး သွားတယ်တဲ့''

''အာ…။ မဟုတ်တာ''

''ဘာဖြစ်လို့လဲ ကိုရဲ့''

''၁၅၀၀ ထဲက '၁'နှုတ်ရင် ဘယ်လိုလုပ် ၁၄၉၉ ကျန်မှာလဲ''

''ကိုကလည်း ဘာကြောင်တာလဲ၊ သေသေချာချာပဲ တွက်ကြည့်ပါဦး''

''၁၅၀၀ ထဲကနေ '၁'ကို ဖယ်လိုက်ရင် ၅၀၀ ပဲ ကျန်တော့မှာပေါ့။ ၅၂၈ ဆိုတဲ့ မောင်နှမအချစ်ကိုတောင် မမီတော့ဘူး။ သမီးရည်းစားအချစ်ဆိုတာ ဝေးရော''

''ကိုကလေ…။ တကယ်စကားတတ်တာပဲ''

ထိုသို့ပင် သူတို့တွေ တွတ်တီးတွတ်တာ ရှိခဲ့ကြပါ၏။ သူတို့စုံတွဲက ကယုကယင်နှင့် လမ်းပေါ်တွဲအလျှောက်မှာ သီဟ၊ ကျားကြီး၊ ဆင်ပေါက်၊ ဆိတ်သိုးတို့အုပ်စုနှင့် ဆုံမိပါသေး၏။ မယုံကြည်နိုင်လောက်အောင် အံ့သြသောမျက်လုံးများနှင့် သူ့ကို ဝိုင်းကြည့်ကြသည်။ သူကတော့ ဘာကိုမှ မမြင်မိသလို တည်ကြည်ခန့်ငြားသော အသွင်အပြင်ဖြင့် ကျော်ဖြတ်ခဲ့သည်သာ။

တစ်နေ့… မနက်စောစောမှာ မိုးပန်းပွင့်တို့အိမ်ရှေ့သို့ သူရောက်တော့ နွားနို့သည် ကုလားမကြီးနှင့် ပြန်ဆုံသည်။

''အဒေါ်ကြီး ရောက်နေပြီကိုး''

''နင် ရောက်နေပြီကိုး''

''အဒေါ်ကြီး နွားနို့ ပို့မလို့လား''

''နင် နွားနို့ ပို့မလို့လား''

''ကျွန်တော်က ဒီအိမ်က ကောင်မလေးဆီ လာတာ''

''ငါလည်း ဒီအိမ်က ကောင်မလေးဆီ လာတာ''

''ခေါ်လိုက်လေ။ အထဲမှာ သူရှိတယ်''

''မခေါ်တော့ဘူး။ အထဲမှာ သူမရှိဘူး''

''သူရှိတယ်။ သူ့ရည်းစား ကျွန်တော်လာမှာကို သူသိတယ်''

"သူ မရှိဘူး။ သူ လင်နောက်လိုက်သွားတာကို ငါသိတယ်"

"ခင်ဗျား ဘာတွေ လာပြောနေတာလဲ"

"နင် ဘာတွေ လာပြောနေတာလဲ"

"လက်ရှိ ကျွန်တော်က သူ့ရည်းစားလေ"

"လက်ရှိ ဟိုက သူ့လင်လေ"

"သူက ဘာကိစ္စ လင်နောက်လိုက်ရမှာလဲ"

"သူက ကိစ္စရှိလို့ လင်နောက်လိုက်တာ နေမှာပေါ့"

စကားအဆုံးမှာ ကုလားမကြီးက လှည့်ထွက်သွားသည်။ သူ စိတ်ရှုပ်ထွေးစွာဖြင့် လမ်းဆုံ လက်ဖက်ရည်ဆိုင်ဆီသို့ ထွက်လာခဲ့၏။ လက်ဖက်ရည်ဆိုင်ရောက်တော့ ကုလားမကြီးပြောသည့်စကား မှန်မှန်း သိရလေသည်။ တစ်ဆိုင်လုံး မိုးပန်းပွင့် လင်နောက်လိုက်ပြေးသည့် သတင်းကိုသာ ပြောနေကြသည်။ သူ တုန်လှုပ်ခြောက်ခြား မိလေသည်။

'ဘယ်လို ဖြစ်တာလဲ။ ငါက သူ့ရည်းစားလေ'

ထိုသို့ ထပ်ကာထပ်ကာ တွေးနေမိသည်။ သူနှင့် ချစ်သူရည်းစား ဖြစ်နေပါလျက် တခြားယောကျာ်းနောက် လိုက်ပြေးရသည်လို့၊ ရှက်လည်း ရှက် ဝမ်းလည်းနည်းမိသည်။ ဘာလဲဟာ။

ကိုဂျပန်ကြီးကတော့ 'မိန်းမတွေကို သိပ်အထင်မကြီးနဲ့'ဟု ပြောဘူးလေသည်။ ခု ခံရပြီ။

●●●

[၅]

နောက် ကောင်မလေးတစ်ယောက်နှင့် သူ ဆုံသေးသည်။ ထိုကောင်မလေးနှင့်ကျမှပဲ ရပ်ကွက်ရုံးသို့ ရောက်ဖူးတော့သည်။ ကောင်မလေးက ဆိုးသည်လား၊ သူက ဆိုးသည်လားတော့ မသိ။

ကောင်မလေးက သူ့ရှေ့မှာ။ ရပ်ကွက်လူကြီးက အလယ်မှာ။

ရပ်ကွက်လူကြီးက သူ့ကို မေးသည်။

''မင်းက သူ့ကို မဖွယ်မရာ ပြောတယ်ဆို''

''မဟုတ်ရပါဘူး''

ကောင်မလေးက မခံနိုင်ချေ။

''ဘာ မဟုတ်ရမှာလဲ။ ရှင် ကျွန်မကို ပြောတယ်လေ...''

''ဘာပြောလို့လဲ''

''ဘာမှန်းတော့ မသိဘူး''

''ဟင်...မသိဘဲနဲ့များ''

''ရှင် ကျွန်မကို တစ်ခုခုတော့ ပြောမှန်း သိတယ်ရှင့်။ အဓိပ္ပါယ်ကိုသာ မသိတာ''

''အဓိပ္ပါယ် မသိဘဲနဲ့များ၊ မဖွယ်မရာတဲ့''

ရပ်ကွက်လူကြီးက ဝင်မေးသည်။

"မင်းက သူ့ကို ဘာပြောလို့လဲ"

"သူ့ကို မေးကြည့်လေ။ သူက တိုင်ကြားသူပဲ။ သူပြောမှ ကျွန်တော် ဖြေရှင်းရမှာပေါ့"

ရပ်ကွက်လူကြီးက ကောင်မလေးဘက်ကို လှည့်ကြည့်သည်။

"ဟုတ်တယ် သမီး။ သူ ဘာပြောလဲဆိုတာကို သမီးက တိုင်လေ"

ကောင်မလေးက တွေဝေသွားပြီး…

"သူပြောတဲ့စကားကို သမီး မသိဘူး"

"ဟင်း…မသိဘဲနဲ့"

"မဟုတ်ဘူး…။ သူပြောတဲ့ စကားလုံးကို သမီးမမှတ်မိတာ"

ရပ်ကွက်လူကြီးက သူ့ဘက် ပြန်လှည့်လာသည်။

"မင်းက ဘာသွားပြောလို့လဲ"

"ကျွန်တော် ဘာမှ မပြောဘူး"

"မဟုတ်ဘူး။ သူ ပြောတယ်"

"ဘာပြောလဲ"

"ဘာမှန်း မသိဘူးလို့ ပြောနေတယ်"

"ဘာမှန်းမသိဘဲနဲ့များ"

"ရှင် မကပ်နဲ့နော်"

"ဟင်…။ တစ်ယောက်တစ်ခုံစီ ထိုင်နေတယ်"

"မဟုတ်ဘူး။ ရှင် ယောကျ်ား မဟုတ်ဘူးလား"

"ဘယ်လို သက်သေပြရမှာလဲ"

"ရှင် ကိုယ့်အပြစ် ကိုယ်ဝန်ခံလေ"

"ခင်ဗျားကို ကျွန်တော် ဘာပြောလို့လဲ"

"အခု လူကြီးရှေ့မှာ ရှင်ရွတ်ပြလေ"

"ခင်ဗျားကို ကျွန်တော် ရည်းစားစကား ပြောတာလည်း မဟုတ်"

"ဆဲတာ"

"မဆဲပါဘူး"

"ဒါဖြင့် ရှင် ဘာပြောတာလဲ"

"ခင်ဗျားကို စားပြီးပြီလားလို့ မေးတာပါ"

"မဟုတ်ဘူး"

"ဟုတ်ပါတယ်"

ကြားထဲမှ ရပ်ကွက်လူကြီး စိတ်ညစ်လာသည်။

"ကဲ…ကဲ…တော်ကြစမ်းပါဦး။ ငါမေးမယ်"

ထိုအခါကျမှ နှစ်ယောက်သား ကိုယ်ရှိန်သပ်သွား၏။ ရပ်ကွက်လူကြီးက ကောင်မလေးကို…

"သမီးကို သူက ဘာပြောလိုက်လို့လဲ"

"သူ့အသံထွက်ကို သမီး မထွက်တတ်ဘူး။ မကောင်းတာဆိုတာတော့ သေချာတယ်"

"ဘယ်လိုပြောလဲ"

"မပြောတတ်ပါဘူးဆို"

ရပ်ကွက်လူကြီးက သူ့ဘက် လှည့်လာပြန်သည်။

"မင်းက ဘယ်လိုပြောလိုက်လို့လဲ"

"ဘယ်လိုမှ မပြောပါဘူးဆို"

"မင်း ဘာမှမပြောဘဲနဲ့ သူက မတိုင်ဘူး"

"ကျွန်တော်က ဆဲတာမှ မဟုတ်ဘဲ"

"အေး…။ ဘယ်လိုပြောသလဲဆို"

"အာဗလာ ကာတာအစ်ညို"

ရပ်ကွက်လူကြီး နဖူးကြော ရှုံ့သွားသည်။

"ဘာ…ဘာဖြစ်တယ်"

"အာဗလာ ကာတာအစ်ညို"

"အဲဒါ ဘာစကားလဲ"

"ဘာစကားမှ မဟုတ်ဘူး။ ကျွန်တော့်ဘာသာ ပါးစပ်ထဲတွေ့တာ ပြောလိုက်တာ"

''အဲဒါ ဘာအဓိပ္ပါယ်လဲ''

''ဘာအဓိပ္ပါယ်မှ မရှိဘူး''

''ဘာအဓိပ္ပါယ်မှ မရှိရင် ဘာအဓိပ္ပါယ်လဲ''

''ဟင်...။ အဓိပ္ပါယ်မရှိပါဘူးဆို''

''မဟုတ်ဘူး။ ငါမေးတာ မင်းက ဘာကိစ္စ သူ့ကို အဲ့ဒီလို အော်ရတာလဲ''

''ဦးရယ်...။ အပျို့လူပျို့ ကြည်စယ်တဲ့ သဘောပါ''

ရပ်ကွက်လူကြီးက ကောင်မလေးဘက် ပြန်လှည့်သွားသည်။

''သမီးရယ်...''

''ဘာလဲ ဦးကြီး''

''ဒါလေးလောက်တော့ ခွင့်လွှတ်လိုက်ပါကွယ်။ သူလည်း ဘာရယ် မဟုတ်ပါဘူး''

''ဒါဖြင့် သူပြောတဲ့စကားက ဘာလဲ''

''ဟိုလေ...''

ရပ်ကွက်လူကြီးက သူ့ထံ ပြန်လှည့်လာသည်။

''ကောင်လေး...။ မင်းပြောတာ ဘာ...''

''အာဗလာ ကာတာအစ်ညှိလေ...''

''အဲ့ဒါ ဘာလဲ...တဲ့''

''ဘာမှ မဟုတ်ပါဘူးဆို''

''မင်း တော်တော်ခက်တဲ့ကောင်ပဲ။ ကဲ...ဘာပဲဖြစ်ဖြစ် နောက် တစ်ခါဆို မင်းကို ပြင်းပြင်းထန်ထန် အပြစ်ပေးမယ်။ ဒီတစ်ခါတော့ ရှိစေတော့။ ဒီကလေးမကို နောက် မစတော့ပါဘူးလို့ ဝန်ခံချက် ရေးသွား။ မင်းပြောတာ ဘာ...''

''အာဗလာ ကာတာအစ်ညှိပါဆို''

''အေး...အဲ့ဒီစကားကိုပါ ထည့်ရေးသွား''

သူက ခံဝန်ကို လက်မှတ်ရေးထိုးရသည်။ ကောင်မလေးက ဆူဆူအောင့်အောင့်နှင့် ပြန်သွားသည်။ ကောင်မလေးက ရုပ်ရည်သန့်

ပြန့်၏။ ဖြူဖြူသွယ်သွယ်လေး ဖြစ်သည်။ နာမည်က ယမင်းသူတဲ့။ သူတို့ရပ်ကွက်ထဲသို့ ပြောင်းလာတာ မကြာသေး။ ငွေကြေးလည်း ချမ်းသာသည်။ ထိုကောင်မလေးကို သူ မျက်စေ့ကျနေမိသည်။

သူတင်မှ မဟုတ်ပါ။ ထိုကောင်မလေးကို မျက်စေ့ကျနေသူတွေက မနည်း။ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ်တွေ အကုန်ပါသည်။ ကောင်မလေးက မျက်နှာကြော တင်းသည်။ သို့သော် ထိုမျက်နှာကြောတင်းမှုကပင် ယောကျ်ားသားတွေကို ဆွဲဆောင်နိုင်သည်။ သူသည်လည်း ယောကျ်ားဖြစ်တာ သေချာသောကြောင့် ကောင်မလေး၏ ဆွဲဆောင်မှုကို ခံရလေသည်။

ထိုရက်ပိုင်းများအတွင်းမှာ ရပ်ကွက်လူကြီးနှင့် လမ်းသွားရင်းဆုံသည်။ သူ့ကို…

"ဟိုကောင်လေး"

"ဗျာ…"

"အခုတော့လည်း မင်းက အပြစ်ကင်းတဲ့ ရုပ်ကလေးနဲ့ပါလား"

"ဘာအပြစ်မှ…မှ မရှိဘဲ ခင်ဗျာ"

"ဟိုကောင်မလေးကို မင်း ထပ်နောက်သေးလား"

"မနောက်တော့ပါဘူး ခင်ဗျ"

"ဘာလဲ…။ မင်းက အဲ့ဒီကောင်မလေးကို ကြိုက်နေတာလား"

"ဦးကလဲ…"

"ရုံးမှာ စစ်တာမဟုတ်ပါဘူးကွ။ အပြင်မှာ အလွတ်မေးတာပါ။ ရဲရဲသာဖြေပါ"

"ဦးရယ်…။ ယောကျ်ားဘဝဆိုတာ ရခဲလှပါတယ်"

"ဘာဆိုင်လို့လဲကွ"

"ဒီလိုမိန်းကလေးမျိုးကို မကြိုက်ဘူးဆိုရင် ကျွန်တော့်ယောကျ်ားဘဝကို ကျွန်တော် စွန့်လွှတ်ရာ ရောက်သွားမှာပေါ့။ ဘယ်ကောင်းမလဲ"

ရပ်ကွက်လူကြီးက တဟားဟား ထရယ်ပါသည်။ 'ဟုတ်လည်းဟုတ်တဲ့ကောင်'ဟု ပြောပြီး ထွက်သွားပါသည်။ သူကလည်း သူ့ကိုယ်သူ

ဟုတ်သလိုလို အထင်ကြီးမိလေသည်။

ရပ်ကွက်လူကြီးက သူ့ရှေ့မှ အရင်ထွက်သွားခြင်းဖြစ်ပြီး သူက နောက်မှ လိုက်ရခြင်းဖြစ်သော်လည်း ဘတ်စ်ကားတို့၏ တရားမျှတမှုကြောင့် သူတို့ ဘတ်စ်ကားပေါ်မှာ ပြန်ဆုံကြပြန်သည်။

''မင်းက ဘယ်သွားမလို့လဲ''

''ဟိုနားဒီနားပါပဲ။ ဦးကကော…''

''ငါလည်း ဟိုနားဒီနားပါပဲ''

ဘယ်နားတွေမှန်းလည်း မသိချေ။ ထိုအချိန်မှာပဲ ရပ်ကွက်လူကြီးက ထပ်ပြောလာသည်။

''မင်းကလည်းကွာ…။ ကောင်မလေးတစ်ယောက်ကိုကြိုက်ရင် မစရ၊ မနောက်ရဘူးကွ။ အချိုသပ်ရတယ်''

''ဘယ်လိုအချိုသပ်ရမှာလဲ''

''ဟိုကွာ…။ ဖော်ဖော်ရွေရွေပြုံးပြတာတို့၊ ဘာတို့ပေါ့''

''လုပ်တာပေါ့ ဦးရဲ့။ ပြုံးပြဘူးတာပေါ့''

''မင်းက ဘယ်လိုပြုံးပြတာလဲ''

''တစ်ကိုယ်လုံး ပြုံးပြတာပေါ့''

''ဘာကွ…။ တစ်ကိုယ်လုံး ပြုံးပြတယ်''

''ဟုတ်ကဲ့''

''နှုတ်ခမ်းနဲ့ပြုံးတာတို့ မျက်လုံးနဲ့ပြုံးတာတို့ပဲ ကြားဘူးပါတယ်ကွာ။ မင်းလက်ထက်ကျမှ တစ်ကိုယ်လုံး ပြုံးပြတယ်လို့''

''ကျွန်တော်က ပိုအဆင့်မြင့်တယ်လေ။ နှုတ်ခမ်းတွေ မျက်လုံးတွေနဲ့တင်မကဘူး၊ တစ်ကိုယ်လုံးနဲ့ ပြုံးပြတာ။ ဒါတောင် အဆင်မပြေဘူး။ အဲ့ဒါနဲ့ပဲ အာဗလာ ကာတာအစ်ညှိတွေ ဘာတွေ ဖြစ်ကုန်တာ''

''အဲ့ဒီလို နောက်ရင်းပြောင်ရင်း မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို ရတယ်ဆိုတာက ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲမှာပဲ ဖြစ်တာကွ။ မင်း ခေတ်မီတဲ့လူကြီးတစ်ယောက်၊ လူငယ်ဆန်တဲ့ လူကြီးတစ်ယောက် ယောက်ဆီမှာ အကြံဉာဏ်တောင်းကြည့်။ နည်းကောင်း လမ်းကောင်း

ရနိုင်တယ်''

''အင်း…ဟုတ်မယ်နော်။ အဲ့ဒီနည်း ကောင်းမယ်''

နောက်တော့ ကိုယ်စီ သက်ဆိုင်ရာ ဟိုနားသည်နားတွေမှာ ဆင်းကြသည်။ ရပ်ကွက်လူကြီး၏ ပြောစကားအတိုင်း အကောင်အထည် ဖော်ကြည့်ရန် သူဆုံးဖြတ်လိုက်သည်။ ခေတ်ဆန်သော လူကြီးတစ်ယောက် ကို ရှာဖွေရပေမည်။ မမျှော်လင့်ဘဲ ဘီယာစတေရှင်တစ်ခုတွင် ရှာတွေ့လိုက် လေသည်။

သူ ရောက်သွားတော့ ဘီယာစတေရှင်တစ်ခုလုံး လူပြည့်နေပြီ။ သာယာသော ညနေခင်းဖြစ်၍ စားပွဲလွတ်ပင် မရှိတော့။ ဟိုဟိုသည်သည် မျက်လုံးကစားကြည့်တော့ တစ်ယောက်တည်း ထိုင်နေသော စားပွဲတစ်လုံး ကို တွေ့ရသည်။ ထိုစားပွဲမှာပဲ သူ ထိုင်ရလိမ့်မည်။ စားပွဲမှာ ထိုင်နေသူ ကလည်း လူငယ်ဆန်ဆန် ဝတ်စားဆင်ယင်ထားသော ခေတ်လူကြီး တစ်ယောက်။

သူ အကြိုက်တွေ့သွားသည်။ ထိုဝိုင်းဆီသို့ လျှောက်သွားပြီး ဝင်ထိုင်လိုက်သည်။ သူ့အတွေးနှင့်သူ ငေးနေသော အန်ကယ်လ်ကြီး သူ ဝင်ထိုင်သည်ကိုပင် သတိထားမိပုံ မပေါ်။ ထိုင်နေကျဆိုင်ဖြစ်၍ ထူးထူးထွေထွေ မှာစရာမလို။ စားပွဲထိုးတွေက သူတို့ဘာသာ လာချပေး လိမ့်မည်။ ထိုအချိန်မှာပဲ…

''အောင်မယ်လေး''

ဦးခေါင်းလှည့်လာပြီး ယခုမှ သူ့ကိုမြင်သွားပုံရသော အန်ကယ်လ် ကြီးက အလန့်တကြားအော်သည်။ ပြီးမှ သူ့ကို မကျေမနပ်ကြည့်ကာ…

''မင်းကလည်းကွာ…။ လန့်သွားတာပဲ''

''အန်ကယ့်လ်ကိုလည်း ကျွန်တော် ဘာမှ မလုပ်ဘဲနဲ့''

အန်ကယ်လ်ကြီး စကားဆက်ရ ခက်သွားသည်။ စားပွဲထိုးက စည်ဘီယာတစ်ဂျားနှင့် ဝက်အူချောင်းကြော်တစ်ပွဲ၊ ကန်စွန်းပလိန်းတစ်ပွဲ လာချပေးသည်။ အန်ကယ်လ်ကြီးက မျက်မှောင်ကြုတ်ကြည့်ကာ သူ့ကို မေးပြန်သည်။

"ဒါ… မင်းမှာထားတာလား"

"ဟုတ်ကဲ့"

"မင်းက ငါ့စားပွဲမှာလာထိုင်ပြီး ငါမှာသလို ဘာလို့ လိုက်မှာရတာလဲ"

အန်ကယ်လ်ကြီးပြောမှပဲ သူ သတိထားမိသည်။ အန်ကယ်လ်ကြီးကလည်း သူမှာသလိုပဲ မှာထားပြီး သုံးစွဲလက်စဖြစ်နေသည်။ သူက မပွင့်တပွင့်ပြုံးမိပြီး…

"တိုက်ဆိုင်နေတာ အန်ကယ်လ်။ ကျွန်တော်က ဒီဆိုင်မှာ ထိုင်နေကျ။ ဒီလိုပဲ မှာနေကျ။ ဒီစားပွဲကို လာထိုင်တာကတော့ ကျန်တဲ့ စားပွဲတွေ လူကြပ်နေလို့ပါ။ အန်ကယ်လ်ပြောမှ ကျွန်တော်လည်း အံ့သြမိတယ်။ ပဌာန်းဆက်ပါလို့ ဆိုကြတာလို့ သဘောထားပေါ့ အန်ကယ်လ်ရယ်။ ဒီတွေ့ဆုံမှုအတွက် ကျွန်တော် တစ်ခွက်သောက်မယ်"

သူ့ကို အမီလိုက်မော့သောက်၏။ သူနှင့် အန်ကယ်လ်ကြီးတို့ တရင်းတနှီး ဖြစ်သွားကြလေသည်။ ငယ်ပေါင်းကြီးဖော်များကဲ့သို့ စကားစမြည် ပြောဖြစ်ကြသည်။

"ကျွန်တော်က ဒီဆိုင်မှာ ဒီအချိန် ထိုင်နေကျ အန်ကယ်လ်ရဲ့။ ဒီဆိုင်ကအမြည်း အစပ်အဟပ်တည့်တယ်"

"အန်ကယ်လ်ကတော့ ဒီနေ့ကျမှ ထိုင်ဘူးတာပါ။ မင်းပြောတာ ဟုတ်တယ်။ အမြည်းတွေ အစပ်အဟပ်တည့်တာကို အစောကတည်းက သတိထားမိတယ်။ ဒါ့ထက် မင်းက ဒီဆိုင်လာတိုင်း ဒီအတိုင်းပဲ မှာလေ့ရှိသလား"

"ဟုတ်ကဲ့။ တစ်ခါတလေတော့လည်း ပုစွန်အစိမ်းသုပ်တွေ၊ ကဏန်းချက်တွေ မှာတတ်တယ်"

"နေ့တိုင်း ဒီလိုသောက်နိုင်၊ စားနိုင်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။ မင်းက စီးပွားရေးမှာ အတော်အောင်မြင်ထားပုံရတယ်။ ဘာအလုပ်လုပ်သတုန်းကွ"

လယ်ယာပြန်စားရေးဆိုသော ရိုးအီနေသည့် စကားလုံးကို သူ

မသုံးပါ။ ရိုးရိုးတန်းတန်းပင် တည့်တည့်ပြန်ပြောလိုက်ပါသည်။ သည်လို ကိစ္စမျိုးတွင်တော့ သူက ရှက်လေ့မရှိပါ။

"ကျွန်တော်က ဘာအလုပ်မှ မလုပ်ပါဘူး။ တက္ကသိုလ် တက် တုန်းပါပဲ"

"ဪ...။ ဒါဆိုမင်းက သူဌေးသားကိုးကွ"

"အဲ့ဒီလိုလည်း မဟုတ်ဘူးအန်ကယ်လ်၊ ကျွန်တော် ရှင်းပြမယ်"

"အေး...ပြောပါဦး။ စိတ်ဝင်စားစရာပါပဲ"

"ကျွန်တော့်မိဘတွေက မရှိမရှားတွေပါဘဲ။ မဆင်းရဲဘူး။ ဒါပေ မယ့် မချမ်းသာဘူး။ သူတို့က တစ်ဦးတည်းသော သားဖြစ်တဲ့ ကျွန်တော့်ကို တင့်တောင်းတင့်တယ် ထားနိုင်ပါတယ်။ မုန့်ဖိုးကောင်းကောင်းပေးတယ်"

"အေး...။ သူတို့ပေးတဲ့မုန့်ဖိုးက များလှချည်လား"

"ကျွန်တော့်အဖေဘက်က အဘိုးအဘွားက ကွဲနေကြတယ်"

"ဪ..."

"ကျွန်တော့်အမေဘက်က အဘိုးအဘွားကလည်း ကွဲနေကြ တယ်"

"ဟော..."

"သူတို့အားလုံးက ပိုက်ဆံရှိတယ်။ လေးပွင့်ဆိုင် အဘိုးအဘွား တွေကလည်း ကျွန်တော့်ကို အပြိုင်အဆိုင် မုန့်ဖိုးဝိုင်းပေးကြတယ်။ တစ်ဦးတည်းသောမြေးကိုး။ ကျွန်တော်ကလည်း ညာစားတယ်"

"ဪ...။ အဲ့ဒါကြောင့် မင်းက သုံးနိုင်၊ ဖြုန်းနိုင်တာကိုး။ အိုး...ဟိုး...ဟိုး"

အန်ကယ်လ်ကြီးနှင့်သူ လေပေးလေယူ ဖြောင့်နေကြတော့၏။ ဟိုအကြောင်း သည်အကြောင်း စကားကောင်းနေကြသဖြင့် အချစ် အကြောင်းဆီကိုပင် မရောက်လိုက်။ ကိစ္စမရှိပါ။ လူချင်းရင်းနှီးသွားပြီပဲ။ နောက်မှပဲ မေးတော့မည်။ သူတို့တွေ စကားကောင်းပြီး သောက်ရှိန်မြင့် သဖြင့် အတော်ပင် မူးယစ်လာကြသည်။ လူချင်းခွဲကာ ပြန်ရန် ပြင်ရ၏။

"ဒီဝိုင်းကို ငါပဲ ရှင်းလိုက်မယ်"

''မဟုတ်ဘူး အန်ကယ်လ်။ ကျွန်တော် ရှင်းလိုက်ပါ့မယ်''

''ဟား...ဟား...မင်းအဘိုးအဘွားတွေပေးတဲ့ မုန့်ဖိုးကို ငါ မစားရက်ပါဘူးကွ''

အန်ကယ်လ်ကြီးကပဲ စားသောက်စရိတ်ကို အတင်းလုရှင်းသွား၏။ ပိုက်ဆံအတော်ရှိပုံ ရသည်။ ဆိုင်အပြင် ကားလမ်းမဆီရောက်တော့ သူကပဲ စမေးလိုက်သည်။ လျှာလေးအာလေးကြီးဖြင့်...

''အန်ကယ်လ်က ဘယ်ကို ပြန်ရမှာလဲ''

''ငါက ဘူတာဘက်ကို''

''ဟာ...အတော်ပဲ။ ကျွန်တော်လည်း ဘူတာဘက်ကို ပြန်ရမှာ။ ကားအတူ ငှားသွားကြရအောင်''

ခပ်လှမ်းလှမ်းမှာ အငှားကားဂိတ်ရှိပါသည်။ လှမ်းအော်ခေါ်သော်လည်း မကြားကြချေ။ ထို့ကြောင့် သူက...

''ကျွန်တော် ဟာသတစ်ပုဒ်ဖတ်ဘူးတယ်။ ငှက်ကြီးလို ပျံပြရင် လေယာဉ်ကွင်းသွားမယ့် ခရီးသည်မှန်းသိပြီး အငှားကားက ရောက်လာတယ်တဲ့။ အခု ကျွန်တော်တို့က ဘူတာရုံဆီသွားမှာဆိုတော့ ရထားလို လုပ်ပြလိုက်မယ်''

''အေး...ကောင်းတယ်''ဟု လျှာလေးအာလေးဖြင့် အန်ကယ်လ်ကြီးကလည်း ပြန်ဖြေသည်။

''ဒါဖြင့် အန်ကယ်လ်က ရထားခေါင်းတွဲလုပ်၊ ကျွန်တော်က နောက်တွဲလုပ်မယ်''

အန်ကယ်လ်ကြီးက ရှေ့မှ၊ သူက အကယ်လ်ကြီး၏ အင်္ကျီစကို ဆွဲပြီး နောက်မှ အငှားကားဂိတ်ဆီ မျှော်ကြည့်ပြီး ရထားသဏ္ဌာန်လုပ်ပြကြသည်။ အရက်နည်းသွားလောက်အောင်ကို မူးရူးနေကြပြီကိုး။

''တူ...တူ...။ ဂျုံးဂျုံးဂျက်ဂျက်...ဂျုံးဂျက်ဂျက်...ဂျုံးဂျုံးဂျက်''

အငှားကားဂိတ်မှ လူများက သူတို့ကို မြင်မမြင် မသိပါ။ ဖြတ်သွားသောကားများ၊ လူများက သူတို့ကို အထူးအဆန်းလုပ်ပြီး ကြည့်သွား၊ ရယ်သွားကြသည်။ သူတို့ကတော့ နှစ်ယောက်တည်းနှင့်

ရထားသဏ္ဍာန်လုပ်ပြ အော်မြည်နေဆဲ။

"အငှားကားဂိတ်ဆီ ငါတို့ ဒီအတိုင်းသွားကြမယ်။ သူတို့မြင်တဲ့အထိပေါ့။ တူတူ…ဂျုံးဂျုံးဂျက်ဂျက်"

အငှားကားဂိတ်ဆီ သူတို့ ရထားထွက်ခဲ့ကြသည်။ မျက်လုံးပေါင်းများစွာက သူတို့ကို တအံ့တသြ ဝိုင်းကြည့်နေကြဆဲမှာ ကိုယ်ပိုင်ကားလုလုတစ်စီးက သူတို့အနားမှာ ဖြူးခနဲ ထိုးရပ်ပြီး ဒေါသသံစွာစွာကိုလည်းကြားရ၏။

"ဖေဖေ မရှက်ဘူးလား။ မကြီးမငယ်နဲ့။ အဲ့ဒါ ဘာလုပ်တာလဲ။ လာ…ကားပေါ်တက်"

"ဟင်…သမီး"

"ဟာ…ယမင်းသူ"

ရထားခေါင်းတွဲက ကားပေါ် ပါသွားသည်။ နောက်တွဲလုပ်သည့်သူက အူကြောင်ကြောင်ဖြင့် ပလက်ဖောင်းပေါ်မှာ ကျန်ရစ်ခဲ့သည်။ အမူးပြေသွားသည်။ အားလုံးက ဝိုင်းရယ်ကြသည်။ ပြော်…ဆိုးလိုက်သည့်ဘဝနှယ်။

တစ်ခါတစ်ခါကျတော့လည်း
ကိုယ့်ဘဝ ကိုယ်စိတ်နာတယ်။
ကိုယ့်တံတွေး ကိုယ်ပြန်မြို့ချရသလို
ဘာအရသာမှကို မရှိဘူး။

နောက်ပိုင်းကာလများတွင်တော့…
သူသည် မည်သည့်မိန်းကလေးအပေါ်မှာမှ စိတ်အာရုံ မထားတော့ပေ။
ဖြစ်ပြီးသမျှကိုလည်း ပြန်တွေးကြည့်တိုင်း ရက်စိတ်မွှန်မိ၏။
ဘာကိုမှန်း မသိသော်လည်း နာကျည်းနေမိတာ သေချာသည်။
ကျောင်းပညာရပ်ကိုသာ ဖိကြိုးစားနေမိသည်။
မူလကတည်းက ကျောင်းပညာမှာ ထူးချွန်သော သူသည် ပို၍ ထူးချွန်လာသည်။
အရောင်စိတ်ပညာ (Color Psychology)ကို အလေးထားခဲ့၏။
မဟာဝိဇ္ဇာဘွဲ့ရပြီးသည့်နောက်ပိုင်း…
နိုင်ငံခြားသို့ ပညာတော်သင် ထွက်ခဲ့၏။
အရောင်စိတ်ပညာနှင့်ပတ်သက်သော ဘွဲ့တစ်ခုကို ထပ်ယူခဲ့သည်။
မြန်မာပြည်ပြန်လာပြီး ထိုပညာနှင့်ပင် သက်မွေးဝမ်းကျောင်းပြုသည်။
ထူးထူးကဲကဲ အောင်မြင်သည်။
ဇာတ်လမ်းက ခုမှ စသည်ဟု ဆိုနိုင်သည်။

●●●

[၆]

သူ့ရုံးခန်းက ဆေးခန်းသဖွယ် ဖြစ်နေသည်။ လူစည်သည်။ သူ့ကို တွေ့ဆုံဆွေးနွေးလိုသူများက ကြိုတင်၍ တုံကင်ယူရသည်။ သူကလည်း တစ်နေ့ကို လူအယောက်နှစ်ဆယ်ပဲ လက်ခံတွေ့ဆုံသည်။ လာရောက်သူ အများစုကတော့ ကြေးရတတ် လူတန်းစားတွေ။ ပြီး… လုပ်ငန်းရှင် သူဌေးတွေ။

"နောက်တစ်ယောက် ဝင်လို့ရပါပြီရှင်"

သူ့အတွင်းရေးမှူးမလေး၏ အသံချိုချိုလေးကို ကြားရသည်။ ထို့နောက် အခန်းတွင်းသို့ ဝင်ရောက်လာသူက ဝဝဖိုင့်ဖိုင့် လူကြီး တစ်ယောက်။ လည်ပင်းမှာလည်း ရွှေဆွဲကြိုးအကြီးကြီး ဆွဲထားသည်။ သူက အပြုံးချိုချိုနှင့် နှုတ်ဆက်ရလေသည်။ စကားကလည်း သမားတော် လေသံဖြင့်…

"ပြောပါ…ဦး။ ကျွန်တော် ဘာအကူအညီပေးရမလဲ"

"ကျွန်တော်က စက်ရုံတစ်ခု ထောင်ထားပါတယ်။ အလုပ်သမား တစ်ရာကျော် ရှိပါတယ်"

"ဟုတ်ကဲ့…။ ပြောပါ…"

စက်ရုံဝန်ထမ်းများအတွက် ယူနီဖောင်းအရောင်ကို ရွေးချယ်နိုင်းခြင်းဖြစ်သည်။ ရာထူးအဆင့်အတန်းနှင့်အညီ ယူနီဖောင်းလေးမျိုးလောက် ချုပ်ရမည်။ ပြီး... အလုပ်သမားနားနေခန်းအတွက် သုတ်ရမည့် ဆေးရောင်ကို ပေးသည်။ ရှင်းပြသင့်သည်များကို ရှင်းပြပြီး သင့်တော်သည့် အရောင်များကို ရွေးပေးလိုက်သည်။

ထိုလူကြီး ထွက်သွားပြီးသည့်နောက် ဝင်လာသည်က အမျိုးသမီးကြီးတစ်ဦး။ တင့်တောင်းတင့်တယ် ဝတ်စားဆင်ယင်ထားသော်လည်း အပူသည်ရုပ် ပေါက်နေသည်။

''ဆရာ...။ ကျွန်မကို ကူညီပါဦး''

''ဘာများဖြစ်လို့လည်းခင်ဗျာ...''

''ကျွန်မမှာ သားတစ်ယောက်ရှိပါတယ်၊ အရက်အရမ်းသောက်ပါတယ်''

''ဟုတ်ကဲ့''

''ခါတိုင်းအချိန်မှာတော့ ယဉ်ယဉ်ကျေးကျေးပါပဲ။ အရက်သောက်ထားချိန်မှာတော့ မူးပြီး ရမ်းလေ့ရှိပါတယ်။ ထိန်းမရ သိမ်းမရပါဘဲ''

''ဟုတ်ကဲ့...။ အဲ့ဒီတော့''

''သူမူးလာတဲ့အချိန်မှာ အေးအေးဆေးဆေးနေအောင် ဘယ်လိုလုပ်ရမလဲလို့ပါ''

''သူက အခန်းသက်သက်ရှိလား''

''ရှိပါတယ်။ သူ့အခန်းနဲ့ သူပါ''

''သူ့အခန်းက ဘာအရောင်သုတ်ထားလဲ''

''ရိုးရိုး အဖြူရောင်ပါပဲ''

''အဲ့ဒါကို ပန်းနုရောင် ပြောင်းသုတ်လိုက်ပါ''

''ရှင်...။ ဟုတ်ကဲ့''

''နောက်ပြီး...သူ့အိပ်ရာ၊ ခြင်ထောင်တွေကိုလည်း ပန်းနုရောင်သာ အဓိကထား သုံးပေးပါ''

''ဟုတ်ကဲ့''

"ပန်းနုရောင်က ရိုင်းတဲ့စိတ်ကို ယဉ်စေတယ်။ အိပ်ပျော်စေတယ်။ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်စေတယ်"

"ဟုတ်ကဲ့"

"အဲ့ဒါလေးသာ လုပ်လိုက်ပါ။ အဆင်ပြေသွားမှာပါ"

"ကျွန်မ ဆွေးနွေးခ ဘယ်လောက်ပူဇော်ရမလဲ ဆရာ"

"မပေးပါနဲ့။ ဒါလေးကူညီပြောရတာ အပန်းမကြီးပါဘူး"

အမျိုးသမီးကြီးက ကျေးဇူးတင်စကား တွင်တွင်ပြောပြီး ပြန်သွားသည်။ သူမ ပြန်သွားပြီး ဝင်လာသည်က ခေတ်ရေ့ပြေးသည်အထိ ဝတ်ဆင်ထားသော အသက်လေးဆယ်အရွယ် အမျိုးသမီးတစ်ဦး။

"ဆရာ့ကို ကျွန်မ တိုင်ပင်ချင်တာ ရှိလို့"

"ဟုတ်ကဲ့...။ အမိန့်ရှိပါ"

"အဟင်း...ဒီလိုလေ။ ကျွန်မက အလုကြိုက်တယ်"

"ဪ...မိန်းကလေးပဲ ရှိမှာပေါ့။ ဆို...ကျွန်တော် ဘာကူညီရမလဲ"

"ဟိုလေ...။ ကျွန်မနှုတ်ခမ်းကို ဘာအရောင်ဆိုးရင် ကောင်းမလဲလို့"

အမျိုးသမီးကို အကဲခတ်ကြည့်ရှုရင်း သူ တွေဝေသွားသည်။ ငွေရှိလျှင် ရှိသလို ချယ်လှယ်သည်မျိုး ဖြစ်နေပါသည်။ ဘာမှ အရေးကြီးသောကိစ္စလည်း မဟုတ်သလိုပင်။ သို့သော် ပညာရပ်အမြင်က ရှိနေသဖြင့်...

"အစ်မကြီးရဲ့ သွေးအုပ်စုက ဘာလဲ"

"ဘာလဲ သွေးအုပ်စုဆိုတာ"

"သွေးအမျိုးအစားကို ပြောတာပါ"

"ကျွန်မက ဘီသွေးပါ"

"ဪ...။ အဲ့ဒါဆိုရင်..."

သင့်တော်မည့် နှုတ်ခမ်းဆိုးဆေးရောင်ကို ရွေးပေးလိုက်သည်။ အမျိုးသမီး ကျေနပ်ပြီး ပြန်သွားသည်။ သူ ထွက်သွားပြီး ဝင်လာသည်က

သတို့သား သတို့သမီးစုံတွဲ။

"ဆရာ…။ ကျွန်တော်တို့ မင်္ဂလာပွဲအတွက်"

"ဟုတ်ကဲ့…။ ကျွန်တော် စီစဉ်ပေးပါ့မယ်"

ဒါမျိုးကျတော့ ခွင်ကျယ်သည်။ အသေးစိတ် ရွေးချယ်စီစစ်ပေးရသည်။ ဉာဏ်ပူဇော်ခလည်း မြိုးမြိုးမြက်မြက် ရတတ်လေသည်။

ဧည့်သည်များကို တစ်ယောက်ပြီးတစ်ယောက် လက်ခံတွေ့ဆုံရင်းနှင့်ပင် ရုံးခန်းပိတ်ချိန်သို့ ရောက်လာသည်။ သူ၏ အတွင်းရေးမှူးမလေးက အခန်းတွင်း ဝင်လာပြီး…

"ဆရာ…။ ဧည့်သည်တစ်ယောက်ပဲ ကျန်တော့တယ်"

"ဟုတ်လား။ ခေါ်လိုက်လေ…"

"မဟုတ်ဘူး…။ အပြင်ကပဲ စောင့်နေမယ်တဲ့၊ ဆရာ့ဆီလာလည်တဲ့ ဆရာ့သူငယ်ချင်း"

"ဘယ်သူပါလိမ့်…"

"မသိဘူး…။ နာမည်လည်း မပြောဘူး။ ဆရာ့ထက် နည်းနည်းကြီးမယ့် အမျိုးသားတစ်ယောက်ပဲ"

အပြင်ထွက်ကြည့်လိုက်တော့ ကိုကျော်ဒွေးကို တွေ့ရသည်။ တက္ကသိုလ်ဂုဏ်ထူးတန်းတုန်းက သူနှင့်တွဲဖက်။ ကိုကျော်ဒွေးက ကဗျာရူး၊ စာရူးဖြစ်သည်။ မော်ဒန်ကဗျာစာအုပ်တစ်အုပ်ကို လက်ထဲမှာ ကိုင်လျက်သူ ပျော်သွားသည်။ ခပ်ရွှင်ရွှင် နှုတ်ဆက်လိုက်သည်။

"ဘယ်သူတုန်း အောက်မေ့တယ်၊ လက်စသပ်တော့ ဘယ်သူကိုး…"

"မင်း အလုပ်ပြီးပြီလား"

"အင်း…ပြီးပြီ၊ နေပါဦး…။ ခင်ဗျားက ဘယ်လို မျက်စေ့လည်လာတာလဲ၊ ကျွန်တော့်ရုံးခန်းကို အရင်က ခင်ဗျား တစ်ခါမှ မလာဖူးပါဘူး"

"နက္ခတ်မှားပြီး ရောက်လာတာပေါ့ကွာ။ ကဲ…သွားကြရအောင်"

"ဘယ်ကိုလဲ"

"ဗျစ်ရည်ဆိုင်ကိုပေါ့ကွာ"

ဘီယာဆိုင်ကို ဆိုလိုခြင်းဖြစ်သည်။ သူ အတန်ငယ် တွေဝေသွားမိသည်။

''ကျွန်တော်က မသောက်တော့တာ ကြာပြီဗျ''

''အဲ့ဒါဆိုလည်း ငါက အရည်သောက်မယ်။ မင်းက အဖတ်ဝါးပေါ့ကွာ''

''မူးလာရင် ခင်ဗျား ကဗျာမရွတ်ရဘူးနော်''

''မင်းက အလင်္ကာတွေကို တံခါးပိတ်ထားချင်တဲ့ ကောင်ပဲ''

''ခင်ဗျားက မူးပြီး အရှိန်နဲ့ ရွတ်နေတာ။ ကျွန်တော်က တခြားပိုင်းတွေကို ရက်တာပါဗျ''

''အနုပညာမှန်ရင် ဘီယာလို နည်းနည်းတော့ ခါးမှာပေါ့ကွာ''

''ဟော့လူ...လျှောက်ပြောမနေနဲ့ ဘာမှမဆိုင်ဘူး''

''ကြာပါတယ်ကွာ။ လာ...သွားကြမယ်''

သူက အတွင်းရေးမှူးမလေး မိုးကေရီကို လှည့်ပြောလိုက်သည်။

''ကဲ...ရုံးခန်းပိတ်လိုက်တော့။ ဆရာ လိုက်သွားလိုက်ဦးမယ်''

''ဟုတ်ကဲ့''

''ဖုန်းနဲ့ အကြောင်းပြန်စရာတွေရှိရင် ပြန်ထားလိုက်ဦး။ မေ့မနေနဲ့''

''ဟုတ်ကဲ့ပါ...ဆရာ''

အနီးဆုံးဘီယာစတေရှင်ကိုပဲ သူ့ကားနှင့် ထွက်လာခဲ့ကြသည်။ လမ်းမှာ ကိုကျော်ဌေးက ပြော၏။

''မင်း အတွင်းရေးမှူးကောင်မလေးက ချစ်စရာလေး''

''အင်း...။ ကိုယ်ရေးအတွင်းရေးမှူးဆိုတဲ့ အလုပ်မျိုးကလည်း ရုပ်သန့်မှ ဖြစ်တာ''

''ရောဝတီမြစ်ကတော့ အသစ်တစ်စင်း ပေါ်ဦးမယ် ထင်ပါရဲ့''

''ဘာလဲဗျ''

''ဩော်...။ ဒီကောင်မလေးရှိရင် မင်းဆီကို ခဏခဏလာလွန်းလို့ ချောင်းပေါက်ရုံတင်မကဘူး မြစ်ပါ အသစ်တစ်စင်း ဖြစ်လာဦးမယ်လို့''

''ခင်ဗျားက စကားပြောရင် ရိုးရိုးကို မပြောဘူး''

"ဟဲဟဲ…။ ကဗျာသမားကိုးကွ"

ဆိုင်ရောက်တော့ ကိုကျော်ဌေးက စားသောက်ဖွယ်ရာများကို သဘောကျ မှာသည်။

"မင်းလည်း တစ်ခွက်လောက် သောက်ကွာ"

"ဒီလောက်တော့ ရပါတယ်"

ချိုးယာစ်လုပ်ကာ ပထမခွက်ကို မော့ကြသည်။ ထို့နောက် ကိုကျော်ဌေးက…

"မသောက်ခင်၊ မစားခင် လာရင်းကိစ္စကို အရင်ပြောထားရမယ်"

"ပြော"

"ဒီလိုကွ…"

စကားကို ရှေ့မဆက်သေးဘဲ အမြည်းတစ်ဖတ် ကောက်ဝါး သည်။ ပြီးမှ…

"ငါ့မိတ်ဆွေ တရုတ်သူဌေးတစ်ယောက်ရှိတယ်၊ ဆေးဝါးလုပ်ငန်း လုပ်တယ်။ စက်ရုံတွေ၊ ကုမ္ပဏီတွေ ထောင်ထားတယ်ပေါ့ကွာ"

"အင်း…"

"အဲ့ဒါ သူတို့ဆီက ဆေးဝါးအသစ်တစ်မျိုး ထုတ်မလို့။ အဲ့ဒီ ဆေးကို ဘာအရောင်သုံးရင် ကောင်းမလဲ၊ ပက်ကင်မှာကော ဘာအရောင် နဲ့ ထုပ်ပိုးရင် ကောင်းမလဲ။ အဲ့ဒါတွေ မင်းနဲ့ တိုင်ပင်ချင်လို့တဲ့"

"ကျွန်တော့်ရုံးခန်းကို လွှတ်လိုက်လေဗျာ"

"မဟုတ်ဘူးကွ။ သူက မင်းနဲ့ နှစ်ယောက်တည်း အေးအေးဆေး ဆေး စကားပြောချင်တယ်တဲ့။ သူတို့လုပ်ငန်းရဲ့ အနေအထားနဲ့ သဘော သဘာဝတွေကိုလည်း မင်းသိအောင် ရှင်းပြချင်တယ်တဲ့"

"အဲ့ဒီတော့…"

"မင်းအားတဲ့တစ်ရက် မင်းကို ဖိတ်ပေးပါလို့ ငါ့ကို အကူအညီ တောင်းတယ်ကွာ။ မင်းနာမည်ကို သူက ကြားဘူးထားတယ်။ တလေး တစားရှိတယ်"

"အင်းလေ…။ မိုးကေရီနဲ့ ညှိရဦးမယ်"

"မိုးကေရီဆိုတာ ဘယ်သူလဲ"

"ခုနက ခင်ဗျားပြောတဲ့ ကောင်မလေးလေ။ ကျွန်တော့်အတွင်းရေးမှူးမလေး။ ကျွန်တော် အေးအေးဆေးဆေးရှိမယ့်ရက်က သူ့ဗိုင်ထဲမှာ ကြည့်ရမှာ"

"အေးကွာ…။ မင်း အခုလို အောင်မြင်တာကို တွေ့ရတော့ ငါ ဝမ်းသာတယ်"

"ဒီလိုပါပဲဗျာ…"

"ဒါဖြင့် ငါ ရှေ့အပတ်ထဲမှာ ထပ်လာခဲ့မယ်။ ဟုတ်လား…။ မလာခင် ဖုန်းကြိုဆက်လိုက်မယ်"

"ဟုတ်ပြီ"

အလုပ်စကားပြောပြီးသည့်နောက်မှာတော့ ကိုကျော်ဌေး ဘီယာဖိသောက်ပါတော့သည်။ သောက်သောက်စားစား စကားလည်းတပြောပြော။ အားမရလျှင် လေချဉ်ပါ တက်လိုက်သေးသည်။

"ဟေ့ကောင် လူလူ"

"ဗျ"

"မင်း အိမ်ထောင်ပြုဖို့ မစဉ်းစားတော့ဘူးလား"

"တော်ပါပြီဗျာ…"

"မင်းလို အစစအရာရာပြည့်စုံနေတဲ့ လူငယ်တစ်ယောက်က အိမ်ထောင်ပြုသင့်ပြီ"

"ကျွန်တော့်ကိုသာ ပြောနေတယ်၊ ခင်ဗျားကကော…"

"ငါက မပြည့်စုံသေးလို့ကွ။ နောက်ပြီး… ငါ့ကဗျာလေးတွေနဲ့ငါ ငြိမ်းချမ်းနေတာ"

"ကျွန်တော်လည်း ကျွန်တော့်အရောင်တွေနဲ့ကျွန်တော် ငြိမ်းချမ်းပါတယ်ဗျာ"

ကိုကျော်ဌေးက ခေါင်းကို တွင်တွင်ခါယမ်းသည်။

"မဟုတ်သေးပါဘူးကွာ…"

သူ ဘာမှ ပြန်မပြောဘဲ ပြုံးနေလိုက်သည်။ သူ့အပြုံးမှာ

အစိပ္ပါယ်အမျိုးမျိုး ပါဝင်နိုင်လေသည်။ ကိုယ့်ဝမ်းနာ ကိုယ်သာသိပါသည် လေ။ ကိုယ် ဘာတွေကို အစားမှားခဲ့သည်ဆိုတာကိုလည်း ကိုယ်ပဲ ပြန်တွေးမိသည်။

"လူလူ...။ မင်း အခု ငါပြောတာကို ခေါင်းထဲမှာ အသေအချာ ထည့်ထားစမ်းပါကွ။ ဒါမှမဟုတ် မင်းအတွက် ငါ ရှာပေးရမလား။ ငါလည်း အောင်သွယ်တော်တော့ မဟုတ်ပါဘူး"

"ကိုယ့်ဘာသာ အေးအေးနေစမ်းပါဗျာ"

တစ်ဆက်တည်းမှာ အပြုံးနှင့် ဆက်ပြောဖြစ်သည်။

"ကျွန်တော်တို့ငယ်ငယ်တုန်းက လမ်းထိပ်မှာ ကုန်စုံဆိုင်ဖွင့်ထား တဲ့ လူဝကြီးတစ်ယောက် ရှိတယ်"

ကိုကျော်ဒွေးက သီဟိုဠ်စေ့ကြော် ဝါးနေရင်း သူ့ကို စူးကြည့် နေသည်။

"တစ်နေ့တော့... သူ့ဆိုင်မှာ ကြက်ဥကုန်သွားတယ်။ အဲ့ဒါနဲ့ သူက 'ကြက်ဥကုန်ပြီလို့' စာရေးထားလိုက်တယ်"

"အင်း..."

"အဲ့ဒါကို လူတစ်ယောက် ကြက်ဥလာဝယ်တယ်။ ကုန်ပါပြီလို့ ပြောတာလဲ မရဘူး။ ရောင်းဖို့ပဲပြောပြီး အတင်းလာဝယ်နေတယ်၊ လူဝကြီး စိတ်ညစ်တာပေါ့။ ဝယ်တဲ့ကြက်ဥက လေးငါးလုံးရယ်ပါ"

"အင်း..."

"နောက်ပြီး အဲ့ဒီလူက ပြောသေးတယ်။ ပိုက်ဆံကို တစ်ပတ် အတွင်း လာပေးပါ့မယ်တဲ့"

"ဩော..."

"ဘယ်လောက်စိတ်ညစ်ဖို့ ကောင်းလဲ။ မရှိတဲ့ ကြက်ဥကို အကြွေးလာဝယ်နေတယ်။ ဖြေရှင်းရတာ လက်ပေါက်ခက်တာပေါ့ဗျာ"

"အင်း...ကပ်သီးကပ်သပ်ကိစ္စပဲ။ အဲ့ဒါ ဘာဖြစ်လို့လဲ"

"အခု ခင်ဗျားနဲ့ ကျွန်တော်လည်း အဲ့ဒီလိုဖြစ်နေပြီ။ ခင်ဗျားက မရှိတဲ့ ကြက်ဥကို အတင်းအကြွေးဝယ်ချင်နေတာကိုးဗျ။ ကျွန်တော့်မှာ

ဖြေရှင်းစရာစကား မရှိလှဘူး''

''အင်း…။ သုံးနှုန်းသွားတဲ့ အလင်္ကာလေးက လှသားပဲ။ ငါတို့ မော်ဒန်ကဗျာမှာဆိုရင်…''

''ဟာ…ခင်ဗျားက လုပ်လာပြန်ပြီ''

''ဘာလုပ်ရမှာလဲ။ မော်ဒန်ကို တော်လှန်ချင်တဲ့သူတွေ အော် ပြန်ရမှာပဲ။ ကဗျာဆရာကြီး သစ္စာနီဆိုရင်…''

''ခင်ဗျားက တားလို့လည်း မရပါလား။ ကဲ…ပြောဗျာ…ပြော။ ကဗျာတွေသာ ထထ မရွတ်နဲ့''

ကိုကျော်ဌေးက ကဗျာအကြောင်းကို နလဗိန်းတုံးတစ်ယောက် အား ရှင်းပြသလို သူ့ကို ရှင်းပြလေသည်။ အရင်ကလည်း ဤသို့ပဲ ရှင်းပြပေါင်း များပြီ။

''လူငယ်ထဲက မျိုးကိုမျိုးတို့ကျတော့…''

အမြင်ကပ်လာသည်နှင့် သူက ဖြတ်ပြောလိုက်သည်။

''နေဦး…။ ခင်ဗျားကို ကျွန်တော် တစ်ခုမေးမယ်''

''ဘာမေးမလဲ။ မေး…''

''B က A ထက်ကြီးပြီး ၄င်းကို ရိုက်သည်ဆိုတဲ့ စာသားမျိုး''

''အင်း…''

''အဲ့ဒီစာသားကို ဘယ်လိုမြင်လဲ''

''မင်းစာသားက လိမ်နေသလိုကြီးပဲ''

''အဲ့ဒါ မော်ဒန်ဖြစ်သလား''

''အင်…။ အဲ့ဒါ…အဲ့ဒါ''

ကိုကျော်ဌေး ထစ်ငေါ့စဉ်းစားနေပုံကို ကြည့်ပြီး သူ တဟားဟား ထရယ်မိလေသည်။

●●●

[၇]

နောက်ပိုင်းမှာ ကိုကျော်ဒွေးက သူ့ထံသို့ မကြာခဏ ရောက်ရောက်လာသည်။ မိုးကေရီရှိနေ၍လည်း ဖြစ်နိုင်သည်။ ကိုကျော်ဒွေးက သွက်သွက်လက်လက်နေတတ်ပြီး ပြောင်တတ် နောက်တတ်သဖြင့် မိုးကေရီနှင့်ပင် ခင်မင်ရင်းနှီးနေပေပြီ။ ကိုကျော်ဒွေးက ပေါက်ပေါက်ရှာရှာလည်း ကျီစယ်တတ်သည်။

တစ်နေ့မှာ… ကျကျနန ကွန်ပျူတာစာစီပြီး ဖိတ်စာရိုက်လာသည်။ ဒီဇိုင်းတွေ၊ ဘာတွေပင် ဆင်လာသေးသည်။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် ဘုရင့်နောင်လမ်း အိမ်အမှတ်(၃၁၉)နေ ဦးမြင့်စိုးမောင် + ဒေါ်ဝင့်ဝင့်တို့၏သား

**မောင်ခေတ်လူ** [အရောင်ဗေဒပညာရှင်]

နှင့်

---------မြို့ ------မြို့နယ် (---)ရပ်ကွက် ---------လမ်း၊ အိမ်အမှတ်(----)နေ ဦး--------- + ဒေါ်--------- တို့၏သမီး

မ--------- [---------------]

တို့ကို မင်္ဂလာအခမ်းအနားနှင့် ပေးစားခဲ့ပြီး ဖြစ်ပါကြောင်း။

မင်္ဂလာအခမ်းအနားမှာ တက်ရောက်အမှာစကားပြောကြားပေးသည့် တက္ကသိုလ်ပေါင်းစုံမှ ပါမောက္ခကြီးများ၊ ပန်းကြဲပေးသည့် မော်ဒယ်ဂဲလ်များ၊ ကပြဖျော်ဖြေပေးကြသည့် ထက်ထက်မိုးဦး၊ နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင်နှင့် နိုင်သင်းကြည်၊ မင်္ဂလာပန်းခွေချီးမြှင့်/ကြွရောက်လာ/ကြသော ဧည့်ပရိသတ်များကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**မောင်ခေတ်လူ + မ ——**
နှစ်ဖက်သောမိဘဆွေမျိုးများ
(ခေတ္တ-ငွေဆောင်ကမ်းခြေ)

"ခင်ဗျားကလည်း ကလေးကလားဗျာ…။ တော်တော် ပေါက်ပေါက်ရှာရှာလုပ်တဲ့လူ"

သူကသာ စိတ်ပျက်လက်ပျက် ပြောမိသော်လည်း မိုးကေရီက ပြုံးစိစိဖြစ်နေသည်။ ကိုကျော်ဒွေးကမူ ခပ်တည်တည်ပင်။ သို့သော် သူ့ ခပ်တည်တည်ကပင် သူတစ်ပါး ပြုံးစိစိနေသော အနေအထားမှာ ရှိ၏။

"စာအရေးအသား သိပ်မချောဘူးကွ။ သရုပ်မှန်မကျ၊ မော်ဒန် မကျ ဖြစ်နေတာ"

"အဓိက ခွကျနေတာက ခင်ဗျားဗျ"

"ဟော့ကောင်…ပုဆိုးဝတ်လာတာကွ။ ဘောင်းဘီရှည် ဝတ်လာတာ မဟုတ်ဘူး။ ဘာမှ ခွမကျဘူး"

မိုးကေရီက ခစ်ခနဲရယ်လျက် သူတို့နံဘေးမှ ခွါသွားသည်။

"သွား…။ ခင်ဗျားဟာကြီး ခင်ဗျားပြန်ယူသွား"

"မင်းကလည်းကွာ…။ စကားပြောတာ ကဗျာမဆန်လိုက်တာ။ ဒီ့ထက်ကောင်းအောင် ရေးပြီး ငါ ပြန်ယူလာခဲ့မယ်။ မင်းကို ကြို့မေးသွားစရာတော့ ရှိတယ်"

"ဘာလဲ"

"မင်းရဲ့ မင်္ဂလာဖိတ်စာကို မင်း ဘာအရောင်နဲ့ ရိုက်မလဲ"

''ခင်ဗျားကို ညော့ထောက်ခံပြီး စကားပြောနေတာကိုက ကျုပ်အမှားပဲ။ သွားသွား…။ ဒီမှာ အလုပ်တွေ ရှိသေးတယ်။ အားတာ မဟုတ်ပါဘူး''

ထိုသို့ ပြောနေဆဲမှာပဲ ထမင်းစား အနားယူချိန် ပြည့်ပြီဟု အသိပေးသော ဘဲလ်သံ မြည်လာသည်။ မိုးကေရီ အပြင်မှ နှိပ်လိုက်ခြင်း ဖြစ်သည်။ တုံကင်ကြိုယူထားသော ညော့သည်က အခန်းဝကို ရောက်နေပြီ၊ ထိုအခါကျမှပဲ သွားဖြဲပြုံးပြီး ကိုကျော်ဌေး ထွက်သွားသည်။

ညော့သည်က ဘောလုံးအသင်း အုပ်ချုပ်သူဖြစ်၏။ သူ့ဘောလုံးအသင်း ယူနီဖောင်းအတွက် လာရောက်ဆွေးနွေးခြင်း ဖြစ်သည်၊ သူလည်း တုန့်ပြန် အကြံပေးဆွေးနွေးပြီး အလုပ်ထဲမှာ စိတ်ဝင်စားသွားသည်။ ထိုညော့သည် ပြန်သွားတော့ နောက်တစ်ယောက်က အဆင်သင့်စောင့်လျက်…။

ရုံးခန်းပိတ်ပြီးတော့ မိုးကေရီနှင့်အတူ ကြေးအိုးသွားစားကြသည်။ ချစ်စဖွယ်ရာ မိုးကေရီ၏ အလှအပကြောင့် မျက်လုံးအချို့က သူတို့နှစ်ယောက်အပေါ်မှာ ဝဲနေသည်။ ကြေးအိုးစားပြီး၍ အအေးသောက်ချိန်မှာ မိုးကေရီက မေးသည်။

''ဆရာ့ကို ကိုကျော်ဌေးက အတော်ခင်တာပဲနော်''

''ဟုတ်တယ်…။ တက္ကသိုလ်မှာတုန်းက တွဲဖက်တွေပဲ''

''သူက ဆရာ့ကို တကယ် မိန်းမယူစေချင်နေတာလား''

''တကယ်လား၊ နောက်နေတာလားတော့ မပြောတတ်ပါဘူး''

''ဆရာကကော အိမ်ထောင်ရေးကို တကယ်စိတ်မဝင်စားတာလား''

''အင်း''

မိုးကေရီက အအေးကို မျှင်းသောက်လျက် သူ့ကို မျက်လုံးထောင့်ကပ်ကြည့်ပြီး ဆက်မေးသည်။

''ဘာဖြစ်လို့လဲ ဆရာရယ်''

''ကြောက်သွားလို့ပေါ့ကွယ်''

မိုးကေရီ၏ ခန္ဓာကိုယ်က ဆတ်ခနဲမတ်သွားသည်။

"ဟင်…။ ဆရာက အရင်က အိမ်ထောင်ကျခဲ့ဘူးလို့လား"

"ဟင့်အင်း…မကျဖူးပါဘူး။ ရည်ရွယ်မိတာတော့ ရှိဘူးတယ်။ မဖြစ်မြောက်လိုက်ပါဘူး။ ပျက်သွားတယ်။ အဲ့ဒီနောက်ပိုင်းမှာ မိန်းကလေးတွေကို ကြောက်သွားတယ်"

"မိန်းကလေးတိုင်းကတော့ ကြောက်စရာမဟုတ်ပါဘူး ဆရာရယ်"

သူက လေပူမှုတ်ထုတ်ရင်း ပြန်ပြောလိုက်သည်။

"တစ်ယောက်တစ်မျိုးစီ နေမှာပါပဲလေ"

မိုးကေရီက ဘာမှ ဆက်မပြောတော့။ ငွေရှင်းပေးပြီး သူတို့လည်း စားပွဲမှ ထကြသည်။

"ကေရီ့ကို ဆရာ ပြန်လိုက်ပို့ပေးမယ်"

"ကေရီက အိမ်ပြန်ဦးမှာ မဟုတ်ဘူး ဆရာရဲ့။ ဂမုန်းပွင့်မှာ သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားလို့"

"ဒါဖြင့်လည်း အဲ့ဒီကိုပဲ လိုက်ပို့ပေးမယ်လေ"

"ကျေးဇူးပဲ ဆရာ"

ကားမောင်းထွက်လာရင်း လမ်းနံဘေးမှ ကြောင်ကြောင်ကျားကျား အမျိုးသမီးတစ်ဦးကို သူ သတိပြုပြီး လိုက်ကြည့်နေမိသည်။ မိုးကေရီက မေးသည်။

"ဆရာ့အသိလား"

ထိုအမျိုးသမီးထံမှ အကြည့်ကို ပြန်ရုပ်သိမ်းပြီး…

"မဟုတ်ပါဘူး။ ဆရာ့မှာလည်း တစ်ယောက်တည်းနဲ့ ပြဿနာဖြစ်နေတယ်"

အစစအရာရာ အဆင်ပြေနေသော သူ့လိုလူ၏ ဤစကားကြောင့် မိုးကေရီ အံ့ဩသွားသည်။

"ဘာများလဲ ဆရာ"

"ဟိုအမျိုးသမီးအရောင်တွေ ကြောင်ကြောင်ကျားကျား ဝတ်ထား

တာကို လိုက်ကြည့်မိတာပါ။ ဆရာ့မှာ ဘာကိုကြည့်ကြည့် အရောင်တွေ ကိုပဲ လိုက်ကြည့်နေမိတယ်။ အဲ့ဒီအတွဲအစပ်တွေကိုပဲ သရုပ်ခွဲနေမိတယ်''

မိုးကေရီက သက်ပြင်းတစ်ချက်နှင့်အတူ ပြုံးသည်။

''ဒါကြောင့်လည်း ဆရာ ဒီလောက်တော်ပြီး ဒီလောက်အောင်မြင်တာပေါ့ ဆရာရယ်''

ဂမုန်းပွင့်ရောက်တော့...

''ကေရီက ဒီနေရာကပဲ သူငယ်ချင်းကို စောင့်ရမယ် ဆရာ''

''အင်း...စောင့်လေ။ ဆရာ အပေါ်တက်ပြီး ဝယ်စရာလေးတွေ ကြုံတုန်း ဝင်ကြည့်လိုက်ဦးမယ်''

''ဟုတ်ကဲ့''

''တစ်ယောက်တည်းစောင့်နေလို့ ဖြစ်တယ်မဟုတ်လား။ သူငယ်ချင်းက လာခါနီးပြီလား''

''ဟုတ်ကဲ့။ ဖြစ်ပါတယ်။ သူငယ်ချင်းကလည်း လာခါနီးပါပြီ''

''ကဲ...ဒါဖြင့် ဆရာ တက်လိုက်ဦးမယ်''

မိုးကေရီကို ထားခဲ့ပြီး သူ ဝယ်စရာ၊ ခြမ်းစရာလေးတွေ တက်ဝယ်လိုက်သည်။ ပြန်ဆင်းလာတော့ သူငယ်ချင်းတစ်ယောက်နှင့်အတူ သူ့ကားအနားမှာ ရပ်စောင့်နေသော မိုးကေရီကို တွေ့ရပြန်သည်။ ပြုံးပြလိုက်ရင်း..

''သူငယ်ချင်း ရောက်လာပြီလား။ ဒီမှာပဲ စကားရပ်ပြောနေကြတာလား''

''ဟုတ်ကဲ့''

''ဘယ်သွားကြမလို့လဲ။ လိုက်ပို့ပေးရဦးမလား''

''မဟုတ်ဘူး ဆရာ။ ကျွန်မသူငယ်ချင်းကို ဆရာနဲ့ မိတ်ဆက်ပေးချင်လို့။ သူ့နာမည်က လင်းနန္ဒာဦးတဲ့။ သူက ဆရာနဲ့ စကားလေးဘာလေး ပြောချင်လို့တဲ့''

လင်းနန္ဒာဦးဆိုသော ကောင်မလေးကလည်း လှလေသည်။ လှသည်ဆိုတာထက် ကျက်သရေရှိသည်ဟု ပြောလျှင် ပိုမှန်မည်။ သူမကို

ကြည့်ရသည်မှာ ဖြူသန့်ရှင်းလင်းနေသည်။ သူက ယဉ်ကျေးပျူငှာစွာ အသိအမှတ်ပြုသလို ပြုံးပြလိုက်ရင်း…

"ကိစ္စရှိလို့လား"

"ဟုတ်ကဲ့ရှင့်"

လင်းနန္ဒာဦးက သူမအကြောင်းကို သူမ အရင်ပြောပြသည်။

"ဒီလိုပါ။ ကျွန်မက ပန်းချီဆရာမ တစ်ယောက်ပါ။ ကျွန်မဆွဲတဲ့ ပန်းချီအမျိုးအစားက အရုပ်မပါ ပါဘူး။ အရောင်အတွဲအစပ်တွေကိုပဲ အဓိကထားပါတယ်။ Color Conbination သက်သက်ပါပဲ"

"ဪ…ဟုတ်ကဲ့။ ကျွန်တော်သိတယ်…ဆက်ပြော"

"အဲ့ဒီတော့ ကျွန်မက အရောင်တွေကို စမ်းသပ်လေ့လာရလေ့ ရှိပါတယ်။ ဆရာ့လို အရောင်ဗေဒပညာရှင်တစ်ယောက်နဲ့ ဆွေးနွေးပြော ဆိုရင် အများကြီး အကျိုးဖြစ်ထွန်းနိုင်မယ် ထင်လို့ပါ"

သူ စိတ်ဝင်တစား ဖြစ်သွားမိသည်။

"ကောင်းသားပဲ။ ကျွန်တော်လည်း စကားပြောဖော် ရတာပေါ့။ ဒါပေမဲ့…"

"ဘာဖြစ်လို့လဲရှင်"

"ခက်တာ ကျွန်တော်က သိပ်မအားဘူးဗျ။ အားလပ်ချိန် နည်း တယ်။ အလုပ်များနေတတ်တယ်။ ရုံးချိန်ပြီးသွားတော့လည်း ဗိုက်ဖြည့် တာလေး၊ ကိုယ်ရေးကိုယ်တာကိစ္စ ဆောင်ရွက်တာလေး လုပ်ပြီးတာနဲ့ အိမ်ကို တန်းပြေးရတာ။ အိမ်က ကျွန်တော့်စမ်းသပ်ခန်းထဲမှာ အရောင်နဲ့ ပတ်သက်တဲ့ စမ်းသပ်ချက်တွ အများကြီးလုပ်ထားတယ်လေ။ အဲ့ဒီ အခန်းထဲရောက်သွားရင် ကျွန်တော် ဘာကိုမှ မသိတော့ဘူး"

သူ့စကားကြောင့် လင်းနန္ဒာဦး၏မျက်လုံးများက အရောင်တောက် လာသည်။

"ရပါတယ်ဆရာ။ ဆရာအားမယ့်အချိန်ကို ကျွန်မ စောင့်ပါမယ်"

"အေးဗျာ…။ လမ်းကြုံရင် ရုံးခန်းကို ဝင်လာခဲ့ပေါ့။ ကေရီလည်း ရှိနေတာပဲ"

"ဟုတ်ကဲ့ရှင့်။ ကျေးဇူးပါပဲ"

"ကဲ…ဒါဖြင့် ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

"ဟုတ်ကဲ့…။ ဟုတ်ကဲ့ဆရာ"

"ကေရီ၊ ဆရာသွားမယ်"

"ဟုတ်ကဲ့ ဆရာ"

သူ ထွက်လာတော့ ကောင်မလေးနှစ်ယောက် သူ့ကားကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့ကြသည်။ 'ငါ့ကို မိန်းမပေးစားဖို့ ကေရီက ကိုကျော်ဌေးနဲ့ တိုင်ပင်ပြီး ဒီကောင်မလေးကို ခေါ်လာတာလား' ဟုလည်း တွေးမိသည်။ ပြီးမှ သူ့ဘာသာသူ ရှက်သွားပြီး တစ်ကိုယ်တည်း ပြုံးမိ၏။ အိမ်ပြန်ရောက်တော့ မေမေက…

"သား ဒီနေ့ နည်းနည်းနောက်ကျပါလား"

"ဟုတ်တယ်မေမေ။ ဧည့်သည်အသစ်နဲ့ တွေ့နေလို့"

"နိုင်တဲ့ဝန်ကိုပဲ ထမ်းနော်…သား။ မနိုင်တဲ့ဝန်ကို ထမ်းပြီး အလုပ်တွေကို နင်းကန်မလုပ်နဲ့။ တော်ကြာ…ကျန်းမာရေးကို ထိခိုက်ဦးမယ်"

"ရပါတယ် မေမေရဲ့။ သားအလုပ်က ပေါ့ပေါ့ပါးပါးပါ"

"ဩော်…။ လာတဲ့ဧည့်သည်တွေကို ပေါ့ပေါ့ပါးပါး ပြန်ဆွေးနွေးနိုင်ဖို့ သားက ဘယ်လောက် လေ့လာကြိုးစားနေရတယ်ဆိုတာ မေမေတို့ အသိပဲကွယ်"

"ဒါတော့ ဒါပေါ့မေမေရယ်။ ကဲ…သား ရေမိုးချိုးပြီး အခန်းထဲ ဝင်လိုက်ဦးမယ်"

"အေး…အေး။ ရေကို အကြာကြီးလည်း စိမ်မချိုးနဲ့ဦး"

မိဘစကားကို နားထောင်သည့် တစ်ဦးတည်းသော သားဖြစ်သောကြောင့် ရေကို ဝအောင် စိမ်ချိုးလိုက်ပါသည်။ ပြီးသည်နှင့် အဝတ်အစားလဲပြီး အလုပ်ခန်းထဲ ဝင်ခဲ့သည်။ ဤအခန်းလေးသည် သူ့ဘဝအတွက် အရေးကြီးသော နေရာဌာနလေးပင် ဖြစ်ပါသည်။ ရုံးက ပြန်လာသည်နှင့် ဤအခန်းကလေးထဲမှာ အချိန်ကုန်နေသည်ချည်း။

ခုလည်း ဤအခန်းလေးထဲမှာ စိတ်ကို မြှုပ်နှစ်ပြီး အချိန်ကုန်နေမိသည်။ စမ်းသပ်ချက်တွေထဲမှာ မည်မျှကြာကြာ နစ်မျောနေမိသည် မသိ။ အပြင်မှ တံခါးခေါက်သံ ကြားမှ သတိဝင်လာသည်။

"သားရေ…။ တံခါးဖွင့်ပါဦး"

တံခါးဖွင့်ပေးလိုက်တော့ မေမေ့ကို ဇဝေဇဝါမျက်နှာနှင့် တွေ့ရသည်။

"ဘာဖြစ်လို့လဲ မေမေ"

"သားဆီ ဖုန်းလာလို့"

"ဘယ်သူ့ဆီကလဲ"

"မေမေလည်း သူ့နာမည် တစ်ခါမှ မကြားဖူးဘူး။ လင်းနန္ဒာဦး တဲ့"

"ဟင်…။ ဘာဖြစ်လို့ပါလိမ့်"

"သားနဲ့ သိလား"

"ဒီနေ့မှတွေ့တဲ့ ဧည့်သည်အသစ်ဆိုတာ သူပေါ့"

"အေးအေး…သွားပြောလိုက်ဦး။ ဟိုမှာ စောင့်နေတယ်"

ဖုန်းရာရှိရာသို့သွားပြီး ကောက်ကိုင်လိုက်သည်။ မေမေ့လိုပဲ သူလည်း ဇဝေဇဝါ ဖြစ်နေမိသည်။

"ဟဲလို…။ ကျွန်တော် ခေတ်လူပါ"

"ကျွန်မ လင်းနန္ဒာဦးပါ ဆရာ။ အနှောင့်အယှက် ဖြစ်သွားလား မသိဘူး"

"ပြောပါ…ရပါတယ်"

"ကျွန်မလေ ဆရာနဲ့ဆွေးနွေးဖို့အတွက် ဖတ်ရမယ့်စာအုပ်တွေကို အိမ်မှာ ပြန်စုပါတယ်။ ဆရာနဲ့ ဘယ်အချက်တွေကို အဓိကထား ဆွေးနွေးရမှာလဲလို့ စဉ်းစားဖြစ်ပါတယ်။ ထွေထွေပြားပြားဖြစ်နေလို့"

"ရပါတယ်။ အရောင်နဲ့ပတ်သက်ရင် ဖတ်ချင်တဲ့စာအုပ်ကို ဖတ်လာခဲ့။ ကျွန်တော်က Color Psychology အရောင်စိတ်ပညာကို အဓိက ထားတယ်ဆိုပေမဲ့ Color Science အရောင်သိပ္ပံပညာ၊ Color Culture

အရောင်ယဉ်ကျေးမှု Color Philosophy အရောင်ဒဿနပညာတွေကိုပါ ကျွမ်းကျင်အောင် လေ့လာထားပါတယ်''

''အိုး…ဝမ်းသာလိုက်တာ ဆရာရယ်။ ဆရာနဲ့သိကျွမ်းရတာ ကျွန်မအတွက် မင်္ဂလာပါပဲ။ ဒါ့ထက်…ဆရာ''

''ဟုတ်ကဲ့ ပြောပါ''

''အရောင်ကန်းတဲ့ Color blind သမားတွေက ကျွန်မတို့ရဲ့ ပန်းချီကားတွေကို ဘယ်ခံစားလို့ရမလဲနော်''

''အင်း…သူတို့ကတော့ တလွဲမြင်မှာပေါ့''

''ဆရာတို့ရဲ့ အရောင်စိတ်ပညာကကော အရောင်ကန်းသူတွေ အပေါ်မှာ သက်ရောက်မှုရှိလား ဆရာ''

''အဲ…မလင်းနန္ဒာဦးရေ''

''နန္ဒာလို့ပဲ ခေါ်ပါဆရာ''

''ဟုတ်ပြီ မနန္ဒာရေ…။ အဲ့ဒါတွေကို ဖုန်းထဲက ပြောရရင်တော့ အရှည်ကြီးဖြစ်နေလိမ့်မယ်''

''သြော်…ဟုတ်သားပဲ ဆရာ။ ဆရာ့မှာ အလုပ်တွေရှိနေဦးမှာ ပေါ့။ ဆရာ့ဆီ တခြားဖုန်းတွေ လာစရာရှိနေဦးမှာပေါ့။ ကျွန်မ အလိုက်မသိ သလို ဖြစ်သွားတယ်။ တောင်းပန်ပါတယ် ဆရာ။ ဆရာအားတဲ့ တစ်ချိန် ချိန်ကျမှပဲ ဆရာ့ကို လာတွေ့ပါဦးမယ်။ တောင်းပန်ပါတယ်''

''ကျွန်တော် အားမယ့်အချိန်ကတော့ ကေရီသိပါတယ်။ သူနဲ့သာ ညှိလိုက်ပါ''

''ဟုတ်ကဲ့ ဆရာ။ ဒါပဲနော်…။ ဂွတ်နိုက်''

''နိုက်''

လင်းနန္ဒာဦး ဖုန်းချသွားသည်။ မေမေက သူ့ကို အကဲခတ်သလို ကြည့်နေ၏။ မသိချင်ယောင်ဆောင်ကာ အလုပ်ခန်းထဲသို့ ပြန်ဝင်လာခဲ့ သည်။ ဘာရယ်မဟုတ်ဘဲ ခေါင်းထဲမှာ အတွေးတစ်စ ဝင်လာသည်။

အရောင်ကန်းတဲ့ သူတွေ…၊

အရောင်ကို မြင်နိုင်စွမ်းမရှိတဲ့ သူတွေ…၊

စိတ်ကူးတစ်ချက် လက်ခနဲပွင့်၏။
မတ်တပ်ရပ်ကာ စဉ်းစားနေမိသည်။
ထိုစိတ်ကူးက သူ့ဘဝကို ပြောင်းလဲစေခဲ့လေသည်။

●●●

[၈]

"ပန်းချီဆရာတစ်ယောက်အတွက်ကတော့ အခြေခံအရောင် ဝါ၊ နီ၊ ပြာ ပေါ့ဗျာ"

"ဟုတ်ကဲ့ဆရာ..."

"ဒါပေမဲ့ စတိတ်ပေါ်မှာ မီးဆလိုက်ထိုးတဲ့သူတွေအတွက်ကျတော့ အခြေခံအရောင်က စိမ်း၊ နီ၊ ပြာဗျ။ အဝါရောင် မပါတော့ဘူး"

"ကျွန်မတို့ ပန်းချီဆရာတွေရဲ့ အခြေခံအရောင်ထဲမှာ အစိမ်း မပါဘူးဆရာ..."

"ဟုတ်တယ်...။ ကွဲလွဲမှုတွေ ရှိတယ်"

"ဘယ်လိုများလဲ ဆရာ"

"အလင်းမော်လီကျူးတွေရဲ့ အနေအထားအရပေါ့ဗျာ။ ဖယောင်းတိုင်မီး ဆိုပါတော့။ အလင်းမော်လီကျူးတွေရဲ့ အနေအထားအရ အဝါရောင် ကဲတယ်။ လူတစ်ယောက်ရဲ့ အသားအရည်ဟာ ဖယောင်းတိုင်မီးအလင်းအောက်မှာဆိုရင် ကြည့်လို့ကောင်းအောင် လှပနေတတ်တယ်"

"ဟုတ်ကဲ့ဆရာ"

လင်းနန္ဒာဦးက စိတ်ဝင်တစား နားထောင်နေသည်။ ဟန်ဆောင်

ပန်ဆောင် စိတ်ဝင်စားခြင်းမျိုး မဟုတ်။ အမှန်တကယ် စိတ်ဝင်စားခြင်း ဖြစ်ကြောင်း သိသာသည်။ ကေရီကလည်း နံဘေးမှ ဝင်နားထောင်နေ သည်။

ထမင်းစားပြီး အလုပ်နားချိန်မှာ ဖြစ်သည်။ ကေရီ စနစ်တကျ စီစဉ်ပေးထားသဖြင့် လင်းနန္ဒာဦး အချိန်ကိုက် ရောက်လာသည်။ အရောင် များအကြောင်းကိုပြောရင်း အလင်းစွမ်းအင်ကို သယ်ဆောင်ပေးသော ဖိုတွန်အမှုန်များဆီ စကားရောက်သွားသည်။ ပညာရပ်ဆိုင်ရာ သဘော တရားဖြစ်ပြီး သာမန်လူများအတွက် ငြီးငွေ့စရာ ကောင်းနေသဖြင့် ကေရီပင်လျှင် မယောင်မလည် ထွက်သွားပေပြီ။

သူတို့နှစ်ယောက်က စကားကောင်းနေတုန်း...။

မည်မျှ စကားကောင်းနေသည် မသိ။ ဘဲလ်မြည်သံကြားမှ လုပ်ငန်းခွင်ပြန်ဝင်ရန် သတိရသည်။ လင်းနန္ဒာဦးက အလိုက်တသိ ထိုင်ရာမှ ထရင်း...

''ကျွန်မ ဒီလိုပဲ ခဏခဏလာရင် ဆရာ ပင်ပန်းမှာပဲနော်''

''မပင်ပန်းပါဘူး။ ကျွန်တော်ကလည်း ဆွေးနွေးဖော်ရှာနေတာပါ။ စကားပြောရတာ ကောင်းတယ်''

''ကျွန်မ ပြန်လိုက်ဦးမယ်ဆရာ။ ဒီမှာ ဆရာ့ကို ကျွန်မ ဖိတ်စာ ပေးခဲ့မယ်''

မွေးနေ့ဖိတ်စာတွေ ဘာတွေဆိုလျှင်တော့ ရှုပ်ရှုပ်ယှက်ယှက်ဟု တွေးမိသည်။ သို့သော်...

''ကျွန်မတို့ ဂရု(ပ်)ရဲ့ ပန်းချီပြပွဲ ဖိတ်စာပါ။ ဒီပြပွဲမှာ ကျွန်မရဲ့ ပန်းချီကား ငါးကား ပါတယ်လေ။ ဆရာအားလပ်တဲ့အခါ လာအကဲခတ် ပါဦး''

''အား...ကောင်းတာပေါ့။ လာရမှာပေါ့။ ကျွန်တော် စိတ်ဝင်စား ပါတယ်''

လင်းနန္ဒာဦးက ညို့မြတ်ပါသော အကြည့်တစ်ချက်ဖြင့် သူ့ကို နှုတ်ဆက်ပြီး ပြန်သွားသည်။ သူကတော့ ထုံးစံအတိုင်း ငြိမ့်သည်များကို

ဆွေးနွေးအကြံပေးရင်း ကျန်ခဲ့၏။

ရုံးဆင်းချိန်မှာ ကေရီက ပစ္စည်းများ ကူသိမ်းပေးရင်း မေးသည်။

"ဆရာ့ကို နန္ဒာက ပန်းချီပြပွဲ ဖိတ်သွားတယ်မို့လား"

"အင်း...။ ဖိတ်သွားတယ်"

"ဆရာ သွားမှာလား"

"အားရင် သွားတာပေါ့။ ကြည့်ချင်တယ်။ ကေရီလည်း လိုက်ခဲ့လေ"

"ဟာ...မလိုက်ချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ကေရီ့ကို မဖိတ်ဘူး ဆရာရဲ့"

ကေရီ၏ စူပုတ်ပုတ်မျက်နှာလေးကို ကြည့်ပြီး သူ ရယ်မိ၏။ မိန်းမက မိန်းမပါပဲဟုလည်း တွေးမိသည်။

"ဩော်...မေ့သွားလို့ နေမှာပေါ့ ကေရီရယ်။ ဒါမှမဟုတ် ဆရာ့ကို ဖိတ်တာဟာ ကေရီ့ကိုပါ ဖိတ်ပြီးသားလို့ သူ သတ်မှတ်ထားတာ ဖြစ်မှာပေါ့"

သူ ထိုသို့ပြောလိုက်မှ ကေရီ့မျက်နှာလေးက ပြန်လည် ကြည်လင်လာသည်။

"အောင့်သက်သက်တော့ ဖြစ်တယ်ဆရာရဲ့"

"တစ်ခါတစ်ခါ ဒါမျိုးလေးတွေလည်း ဖြစ်တတ်ပါတယ်ကွယ်"

အချိန်ကို အားအောင်လုပ်ယူရင်း ထိုပန်းချီပြပွဲသို့ သူတို့ သွားဖြစ်ပါသည်။ ပြပွဲမှာ လင်းနန္ဒာဦးကို ပန်းချီဆရာတချို့နှင့်အတူ တွေ့ရ၏။ သူတို့ကိုတွေ့တော့ ဝမ်းသာအယ်လဲ ခရီးဦးကြိုသည်။

"ဟယ်...ဆရာနဲ့ကေရီ လာတယ်နော်။ ဝမ်းသာလိုက်တာ..."

ကျန်သူများကတော့ သူတို့ကို မသိကြ။ သူတို့က နှောင့်ယှက်သလို ဖြစ်သွားသလား မသိ။ ဆိုင်တော့မဆိုင်ဟုလည်း တွေးမိသည်။ ပန်းချီဆရာတစ်ယောက်က လူတစ်ယောက်ကို ဓာတ်ပုံရိုက်ရန် ပြင်ဆင်နေချိန်ဖြစ်၏။ သူတို့ရောက်လာသဖြင့် အရှိန်ပျက်သွားသည်။ သူတို့

ရောက်သည့်အချိန်က စောနေသေးသဖြင့် အခြားဧည့်ပရိတ်သတ်များ မရောက်သေးချေ။ ပန်းချီဆရာအုပ်စုသာ ရှိနေသည်။ (ပန်းပဲဆရာအုပ်စု ရောက်မလာခင် ပြန်ကြရလိမ့်မည်။ )

လင်းနန္ဒာဦးနှင့် သူတို့နှစ်ယောက် စကားပြောဆိုနေကြသည်ကို တစ်ခဏမျှ လှည့်ကြည့်ပြီး သူတို့အလုပ်ကို သူတို့ ဆက်လုပ်နေကြ၏။ မှန်ပါသည်။ သူတို့အလုပ်ကို သူတို့ပဲ ဆက်လုပ်ကြရလိမ့်မည်။

ဓာတ်ပုံရိုက်ရန် ကြိုးစားနေသော ပန်းချီဆရာက သူ၏ စံပြ မောင်ကို ပြောသည်။

''ခင်ဗျားဘဝမှာ ခံပြင်းမိတာတို့၊ အောင့်သက်သက်ဖြစ်တာတို့ မကြုံဖူးဘူးလားဗျာ''

''ကြုံဘူးတာပေါ့''

''ခင်ဗျား...အဲ့ဒီလိုဖြစ်တဲ့ မျက်နှာအမူအရာကို လိုချင်တာ''

''မလုပ်တတ်ဘူးဗျ''

''လုပ်ကြည့်စမ်းပါဦး''

''မရပါဘူးဆို''

''ခက်တော့တာပဲ''

သူတို့အလုပ် သူတို့လုပ်ကြခြင်းဖြစ်၍ ကိုယ်နှင့်လည်း မဆိုင်။ သို့သော်...သူက ဝင်ပါမိလေသည်။ ပန်းချီကိုယ်ဟန်ပြမောင်ကြီးကို လှမ်းပြောမိသည်။

''ဒီလိုဗျာ...။ ကျွန်တော် တစ်ခုမေးမယ်''

အားလုံးက သူ့ကို ဝိုင်းကြည့်ကြ၏။ ကိုယ်ဟန်ပြမောင်က မျက်မှောင်ကြုတ်ပြီး ပြန်မေးသည်။

''ဘာလဲဗျ''

''ယောက်ျားချင်းက ခင်ဗျားကို တင်ပါးလိုက်ကြည့်ရင် ခင်ဗျား ဘယ်လိုနေမလဲ''

''ဘယ်ကြိုက်မလဲဗျ''

ကိုယ်ဟန်ပြမောင်ကြီးက အောင့်သက်သက်နှင့် ပြန်ဖြေခြင်း

ဖြစ်သည်။ အားလုံးက ဝိုင်းရယ်မိသည်နှင့်အမျှ ကင်မရာမီးက ဖျတ်ခနဲ လင်းသည်။ အားလုံးက ဝိုင်းရယ်မိကြပြန်သည်။ လူတစ်ယောက်၏ အောင့်သက်သက် မျက်နှာအမူအရာကို သူတို့ရသွားလေပြီ။ ကိုယ်ဟန်ပြ မောင်ကြီးက တဖြည်းဖြည်းမှ ပြုံးရယ်လာသည်။ ထိုအခါ သူနှင့်အတူ လိုက်ရယ်ဖြစ်ကြပြန်သည်။ ပန်းချီပြခန်းလေးက စိုပြည်နေတော့သည်။

သူက ကင်မရာကိုင်ထားသော ပန်းချီဆရာကို…

"သူ့ကို ကျွန်တော် စကားနည်းနည်းဆက်ပြောမယ်။ ခင်ဗျား ကင်မရာက သူ့ကို တစ်လျှောက်လုံး ချိန်ထား။ ကျွန်တော် လက်မြှောက်ပြလိုက်တာနဲ့ ဖမ်းရိုက်လိုက်။ ဟုတ်လား…"

"ဟုတ်ကဲ့"

အားလုံးက သိချင်ဇောဖြင့် ဝိုင်းကြည့်နေကြသည်။ ကိုယ်ဟန်ပြ မောင်ကြီးခမျာမှာ မျက်လုံးလေး ကလယ်ကလယ်နှင့် အူကြောင်ကြောင်။ သူက စကားစပေးလိုက်သည်။

"ခုနကလိုပေါ့ဗျာ…။ ယောကျ်ားချင်းက ခင်ဗျားကို တင်ပါးဝိုင်းကြည့်ရင်…"

"အာဗျာ…"

ရယ်ကြပြန်သည်။ သူက မရယ်နှင့်ဆိုသောသဘော လက်ဟန်အမူအရာပြရင်း…

"ခင်ဗျားရဲ့တင်ပါးကို ခင်ဗျား ဘယ်လိုကာကွယ်မလဲ"

"ဟာ…။ ဘာကာကွယ်စရာ ရှိလဲဗျ။ အစကတည်းက ပုဆိုးပါတာပဲ။ ဖင်ပြောင်ကြီး လျှောက်သွားနေတာမှ မဟုတ်ဘဲ"

"ပုဆိုးပါလည်း ခင်ဗျားတင်ပါးကို ဝိုင်းကြည့်ကြမှာပဲလေ။ တစ်နည်းတော့ ရှိတယ်"

"ဘာလဲ"

"ကိုယ့်တင်ပါးကို သူများ မကြည့်နိုင်အောင် တင်တုနဲ့ ကာကွယ်လို့ ရတယ်ဗျာ"

"အာဗျာ…။ ခင်ဗျားကလဲ…"

ကင်မရာမီးက ဝင်းသွားသည်။ သူ အချက်ပြလိုက်သဖြင့် ပန်းချီဆရာက ရိုက်လိုက်သောကြောင့်ဖြစ်သည်။ သူက ပန်းချီဆရာကို ရှင်းပြလိုက်သည်။

''အခု... သူရှက်သွားတဲ့အမူအရာကို ခင်ဗျားရသွားပြီလေ။ ခုနက ပုံထက်တောင် ပိုကောင်းဦးမယ်။ ကောင်မလေးတစ်ယောက် ရှက်နေတဲ့ပုံကိုသာ လူအဆွဲများကြတယ်၊ အမျိုးသားတစ်ယောက် ရှက်သွားတဲ့ပုံကို သိပ်မဆွဲကြဘူး။ ခင်ဗျား ဆွဲကြည့်ပေါ့။ အနုပညာအရတော့ ထူးခြားနိုင်တယ်။ ဈေးကွက်အရတော့ မသိဘူး''

ပန်းချီဆရာက သဘောကျပြီး ခေါင်းတဆတ်ဆတ်ညိတ်သည်။ သူက လင်းနန္ဒာဦးဘက်သို့ လှည့်ကာ သံပြတ်ဖြင့်...

''ကဲ...ပန်းချီကားတွေ လိုက်ကြည့်လိုက်ဦးမယ်''

''ဟုတ်ကဲ့ဆရာ။ ကျွန်မ လိုက်ပြမှာပေါ့။ လာ...ကေရီ''

လင်းနန္ဒာဦးက သူတို့ကို ပန်းချီကားများ လှည့်ပတ်ပြသည်။ ပန်းချီကားအများစုက မော်ဒန်ပန်းချီကားများ ဖြစ်သည်။ စွဲမက်နှစ်သက်ဖွယ် ကောင်းလှသည်။ ကေရီကတော့ သိပ်ခံစား၍ ရပုံမပေါ်။ မျက်လုံးအပြူးသားနှင့်သာ လိုက်ကြည့်နေသည်။ ဘာကြီးတွေမှန်းလည်း မသိဘူးဟု တွေးနေပုံရ၏။

ပန်းချီကားအချို့ရှေ့အရောက်...

''ဆရာ...။ ဒါက ကျွန်မဆွဲတဲ့ ပန်းချီကားတွေ...''

''ဩော်...အင်း...။ ကောင်းသားပဲ''

ကေရီကတော့ မျက်မှောင်ကြုတ်ပြီး ပြောသည်။

''နင့် ပန်းချီကားတွေက ပုံလည်းမပါဘူး။ အရောင်တွေချည်း လျှောက်ခြယ်ထားတယ်''

သူက ရယ်ပြီး ဝင်ရှင်းပြလိုက်သည်။

''ဒါက...color field painting လို့ခေါ်တယ် ကေရီရဲ့။ သူ့ပန်းချီအမျိုးအစားရဲ့သဘောက ဒီအတိုင်းပဲ၊ အရုပ်မပါဘူး။ အရောင်တွေချည်း တွဲပြထားတာ...''

လင်းနန္ဒာဦးက ဝမ်းသာအံ့သြစွာ ဝင်ပြောသည်။

''ဟင်…။ ဆရာက ဒါတွေလည်း နားလည်တာပဲကိုး…''

''နည်းနည်းပါးပါးပါ''

''လုပ်ပါဦး။ ကျွန်မရဲ့ ပန်းချီကားလေးတွေကို ဝေဖန်သုံးသပ်ပြပါဦး''

''ကောင်းပါတယ်။ မနန္ဒာက **ဟယ်လင်ဖရင်ကန်သလာကို** တော်တော်သဘောကျပုံ ရတယ်''

''အိုး…သိပ်ကြိုက်တာပေါ့။ ကျွန်မရဲ့ ဖေးဖရိတ် ပန်းချီဆရာမကြီးပဲ''

သူတို့တွေ ပန်းချီကားများအကြောင်းကို ပြောကြဆိုကြပြန်သည်။ ကေရီကတော့ ကြာလျှင် ထွက်ပြေးရော့မည်။ အခုတော့ အနားမှာ ရပ်နေသေးသည်။ သူတို့တွေ ကြာကြာတော့ မပြောလိုက်ရပါ။ ဝဖိုင့်ဖိုင့် ပန်းချီဆရာကြီးတစ်ဦးက ကိုယ့်ကိုယ်ကို ဘောင်မကွပ်ဘဲ အနားသို့ ရောက်လာသောကြောင့် ဖြစ်သည်။

''မနန္ဒာ…။ မနန္ဒာရဲ့ မိတ်ဆွေနဲ့ မိတ်ဆက်ပေးဦးလေ''

''ဩော်…ဟုတ်ကဲ့''

နန္ဒာက သူတို့ကို မိတ်ဆက်ပေးသည်။

''ဆရာ…။ ဒါက ပန်းချီဆရာကြီး ဦးသုညတဲ့''

''ဟုတ်ကဲ့ခင်ဗျာ…။ ကျွန်တော် ကြားဖူးပါတယ်''

အခြား ပန်းချီဆရာများကလည်း ဝိုင်းအုံလာသဖြင့် တစ်ယောက်ပြီးတစ်ယောက်ကို လိုက်မှတ်ပြီး ပြုံးရယ်ပြနေရသည်။ မဲ့မဲ့ပြလိုက်လျှင် ဘယ်လိုဖြစ်မည်မှန်း မသိ။ နန္ဒာက သူ့ကို နောက်ဆုံးကျမှ မိတ်ဆက်ပေးသည်။

''ဒါက…ဆရာခေတ်လူလေ။ အရောင်ဗေဒပညာရှင်''

''ဩော်…။ ငယ်ငယ်ပဲ ရှိသေးတာကိုး''

အားလုံးက တလေးတစား စကားဆိုကြပါသည်။ မိုးကေရီကတော့ ပြေးပေါက်ရှာချေရော့မည်။ သို့မဟုတ် စိတ်ကောက်လေဦးမည်။

နန္ဒာက သူ့ကိုကျတော့ စာရင်းသွင်းပြီး မိတ်ဆက်မပေးသောကြောင့် ဖြစ်သည်။

ပန်းချီဆရာတစ်ယောက်က ဆိုင်းမပါ ဗုံမပါ ထပြောသည်။

"ဆရာခေတ်လူကို ကျွန်တော် အကြံတောင်းရဦးမယ်"

"ဘာများပါလိမ့်"

"ဆရာက ဉာဏ်ကောင်းလို့ပါ"

"ကိစ္စကို ပြောပါဦး"

"ကြက်တူရွေးကို စကားသင်ပေးဖို့ကိစ္စပါ"

"အာ...။ ကျွန်တော် ဘယ်သင်တတ်မလဲ"

"မဟုတ်ဘူးဆရာရဲ့။ ဒီလိုပါ..."

"ဟုတ်ကဲ့။ ပြော..."

"ဒီကြက်တူရွေးက တစ်ခွန်းပဲ သင်လို့ရတယ်။ ကျွန်တော်တို့ သူငယ်ချင်းသုံးယောက် တစ်ယောက်တစ်ကောင်ဆီ ဝယ်လာကြတာ။ သူငယ်ချင်းနှစ်ယောက်ကတော့ သူတို့ ကြက်တူရွေးကို သူတို့ သင်ပေးပြီး ပြီ"

"ဟုတ်လား...။ ဘာတွေ သင်ပေးထားလဲ"

"တစ်ကောင်က 'မင်္ဂလာပါ'လို့ ပြောတတ်တယ်။ နောက် တစ်ကောင်က 'ဆီးယူအဂိန်း'လို့ နှုတ်ဆက်တတ်တယ်။ ကျွန်တော်က အဲဒီလို ရိုးရိုးတန်းတန်းစာလုံးတွေ သင်မပေးချင်ဘူး။ စာသားဆန်းဆန်း လိုချင်လို့"

"အိုး...။ ကဗျာဆရာတစ်ယောက်ယောက်၊ စာရေးဆရာ တစ်ယောက်ယောက်ကို မေးရောပေါ့"

"အကွက်မြင်တတ်ဖို့လည်း လိုလို့ ဆရာရဲ့"

"ဒီလိုလုပ်ဗျာ"

"ဟုတ်ကဲ့။ ပြောပါဆရာ"

"အားနာစရာကြီး...လို့ သင်ပေးလိုက်"

ထိုပန်းချီဆရာ ခေတ္တတွေဝေသွားပြီးနောက်...

"အင်း...ဟုတ်တယ်နော်။ ကောင်းတယ်။ အဲ့ဒီအတိုင်း သင်ပေးလိုက်တော့မယ်"

ဘာကြောင့်လဲ မသိ။ အားလုံး ဝိုင်းရယ်ကြပြန်သည်။ တစ်ယောက် က...

"ဆရာက ပြန်ပြောလိုက်လေ။ 'အားနာစရာကြီး'...လို့"

ရယ်သံမောသံများကြားမှာပဲ သူတို့နှုတ်ဆက်ပြီး ပြန်ခဲ့ကြသည်။ နောက်တစ်နေ့ အလုပ်နားချိန်မှာ ကိုကျော်ဌေးတစ်ယောက် အော်ကျယ်အော်ကျယ်နှင့် ရောက်လာသည်။

"မင်းနဲ့ ဇေကရီ မနေ့က ပန်းချီပြပွဲ သွားကြတယ်ဆို"

"အင်း...။ ဘယ်လိုလုပ် သိလဲ"

"အဲဒီပွဲက ပန်းချီဆရာတချို့နဲ့ ငါနဲ့ သိတယ်လေ။ မင်းတို့ ပြန်သွားပြီးကာစမှာပဲ ငါရောက်သွားတာ။ မင်း ဘာတွေ ပညာပြသွားလို့လည်း မသိဘူး၊ မင်းအကြောင်း ပြောနေကြတယ်"

"ဘယ်လိုပြောလို့လဲ"

"ဒီလိုပါပဲ၊ ရောင်းစဉ်ပန်းချီကားတွေရဲ့ သက်ရောက်မှုဟာ အရောင်ကန်းသူတွေအပေါ်မှာ တည်နိုင်၊ မတည်နိုင် မင်းရဲ့အယူအဆကို သူတို့ သိချင်နေကြတယ်"

"အင်း...။ လင်းနန္ဒာဦး ပြောပါတယ်"

"လင်းနန္ဒာဦးဆိုတာ ပန်းချီဆရာမ မနန္ဒာကို ပြောတာလား"

"အင်း..."

"လှတယ်နော်"

"ခင်ဗျား မလှတဲ့ မိန်းကလေးကော ရှိသေးရဲ့လား"

"အဟီး...။ သူ့နာမည်ကို ကြားနေတာ ကြာပြီ။ မနေ့ကမှ လူကို တွေ့ဘူးတာကွ။ မင်းနဲ့ သူနဲ့ ဆွေးနွေးဘူးတယ်။ ဟုတ်လား...။ သိတာ ကြာပြီလား"

"မကြာသေးပါဘူး။ ရုံးခန်းကိုတော့ သူ လာလိမ့်ဦးမယ်"

"သေသေချာချာ ဆွေးနွေးပေးလိုက်ပါကွာ။ ငါ့မျက်နှာ ထောက်

ထားပြီးတော့ပေါ့''ဟု ဆိုသေးသည်။

"အင်းပါ...။ ဒါပေမဲ့ အံလွဲနေတာလေးတွေ ရှိတယ်။ သူတို့ သိချင်တာကတစ်မျိုး၊ ကျွန်တော် ရှာတွေ့ထားတာက တစ်မျိုး။ သဘာဝ ကွဲနေတယ်"

"ရှာတွေ့ထားတာ...ဟုတ်လား။ တွေ့ရှိချက်အသစ်လား။ မင်းရဲ့ ကိုယ်ပိုင်တွေ့ရှိချက်လား"

"အင်း..."

"ဟား...။ ကောင်းပါပေ့ကွာ"

●●●

[၉]

"အရောင်ကန်းတဲ့ ကာလာဘလိုင်းတွေက အရောင်အားလုံးကို ကန်းတာမျိုး ရှားတယ်"

"ဟုတ်ကဲ့..."

"ဦးနှောက်က အရောင်ကိုလက်ခံတဲ့ ကဏ္ဍသုံးခု ရှိတယ်။ အဲ့ဒီထဲက တစ်ခုခုချို့ယွင်းနေတာ ဖြစ်တတ်တယ်"

"ဟုတ်ကဲ့..."

"အရောင်ကန်းတဲ့ လူတွေကို အီရှိဟာရာစမ်းသပ်နည်းနဲ့ စမ်းသပ်လို့ ရတယ်။ အရောင်မတူ၊ အရွယ်အစားမတူတဲ့ စက်ဝိုင်းကလေးတွေ ဆွဲပြပြီး စမ်းကြည့်ရတာပေါ့"

"အကျယ်ရှင်းပြပါဦး ဆရာ"

လင်းနန္ဒာဦးက သူ့စကားကို ကက်ဆက်ကလေးနှင့် အသံဖမ်းယူနေခြင်း ဖြစ်သည်။ သူ့ အကျယ်တဝင့် ရှင်းလင်းချက်ကလည်း ထိုသို့ ကက်ဆက်နှင့် ဖမ်းမထားလျှင် မလွယ်၊ ရှင်းရှင်းလင်းလင်း ပြောပြနေခြင်း ဖြစ်သည့်တိုင် နားထောင်ရင်းနှင့် လည်ထွက်သွားနိုင်သည်။

ရုံးချိန်က ပြီးပြီ။ ညှိသည်တွေလည်း ပြန်ပြီ။ သူနှင့် ကေရီ၊

လင်းနန္ဒာဦးတို့သာ ရုံးခန်းထဲမှာ ကျန်ရစ်ခဲ့ခြင်း ဖြစ်သည်။ ထုံးစံအတိုင်း လင်းနန္ဒာဦးနှင့် သူက အရောင်များအကြောင်း ဆွေးနွေးနေကြဆဲ။ ကေရီက နံဘေးမှာ မဂ္ဂဇင်းစာအုပ်တစ်အုပ် ဖတ်နေသည်။ မဂ္ဂဇင်းထဲမှာ ပါလာသည့် နီကိုရဲ၏ဓာတ်ပုံကို ကြည့်ပြီး တခိခိရယ်နေသည်။

သူနှင့် လင်းနန္ဒဦးတို့ စကားကို လက်စသပ်ကြတော့ ကေရီက လည်း မဂ္ဂဇင်းဖတ်၍ ပြီးပြီ။ ပြုံးနုနုမျက်နှာထားနှင့် သူ့ကို ပြောသည်။

"ဆရာ..."

"ဗျ"

"ဆရာက မတရားဘူးနော်"

"အလို...။ ဘာဖြစ်လို့လဲ"

"လူတကာကိုတော့ အကြံပေးဆွေးနွေးတာတွေ အရမ်းလုပ်တယ်။ ကေရီကိုကျတော့ ဆွေးနွေးအကြံပေးမှု ဘာတစ်ခုမှ မရှိဘူး"

"အလိုဗျာ...။ ကေရီ့မှာ ဘာကိစ္စတွေ ရှိနေလို့လဲ"

"ဘာကိစ္စမှ မရှိပါဘူး"

သူ ရယ်မိသည်။ ရယ်မိခြင်းသည် သူ့အလွန် လုံးဝမဟုတ်။ မိုး ကေရီက ကိစ္စဝိစ္စ အတော်နည်းသည်။ ဘာကိုမျှ ပူစရာ ပန်စရာမလို။ မိဘတွေကလည်း တည်ငြိမ်သောစီးပွားရေးနှင့် ပြည့်စုံကြွယ်ဝမှု ရှိသည်။ အိမ်ထောင်ခွဲသွားပြီးဖြစ်သည့် အစ်ကို၊ အစ်မများကလည်း အငယ်ဆုံးဖြစ်သည့် မိုးကေရီကို ဝိုင်းအုံချစ်ကြသည်။

မိုးကေရီက ဘွဲ့ရပြီး အိမ်မှာနေရတာ ပျင်းသည်ဟုဆိုကာ သူ့ထံ အလုပ်လာလုပ်ခြင်း ဖြစ်သည်။ ကေရီ့မိဘများက သူနှင့် ရင်းနှီးသည်။ သူတို့သမီးကို သူ့ထံအပ်ထားရင်း ကေရီက သူ့အတွင်းရေးမှူး ဖြစ်လာရခြင်းပင်။ ကေရီက စည်းကမ်းရှိသေပြီး အလုပ်အကိုင် ပိရိသေသပ်သည်။ အနေအထိုင် ရှင်းလင်းသည်။ အပြစ်ကင်းစင်ပြီး ကလေးဆန်သည်။ သူမ၏ဘဝက ရိုးရိုးကလေးနှင့် လှပသည်။

"ဘာကိစ္စမှ မရှိဘဲနဲ့ ကေရီရယ်..."

"ကိစ္စရှိမှ အကြံပေးရမှာလား ဆရာရဲ့"

"ဟောဗျာ…။ ဘယ်လိုဖြစ်စေချင်လို့လဲ"

"ဒီအတိုင်းလည်း အကြံပေးပေါ့"

"ဘာကို အကြံပေးရမှာလဲ"

"ဟိုလေ…။ တစ်ဘဝလုံးအတွက်တို့၊ ဘာတို့ပေါ့"

သူ ရယ်မိပြန်သည်။ လင်းနန္ဒာဦးကလည်း လိုက်ရယ်သည်။ ရယ်ရင်းနှင့်ပင်…

"ပြောလိုက်ပါ ဆရာရယ်…။ အိမ်ထောင်မှု ဘုရားတည်၊ ဆေးမှင်ရည် စုတ်ထိုးတို့…ဘာတို့"

"အောင်မာ…နန္ဒာနော်။ နင့်ဘာသာနင် စုတ်ထိုးချည်။ ငါက အိမ်ထောင်ရေးတွေ၊ ဘာတွေ မစဉ်းစားသေးဘူး"

"ဟုတ်ရဲ့လား…ဟယ်"

"ဟုတ်တယ်။ ဆရာနဲ့ အနီးကပ်နေပြီး ဆရာ့ဓာတ်တွေ ကူးနေတာ"

လင်းနန္ဒာဦးက ကေရီ့ကိုပဲ မေးသလိုလို၊ သူ့ကိုပဲ မေးသလိုလိုနှင့်…

"ဟုတ်လား…။ ဆရာကလည်း အိမ်ထောင်ရေးကို စိတ်မဝင်စားဘူးလား"

"ဆရာသာ အိမ်ထောင်ရေးကို စိတ်ဝင်စားရင် ခုချိန်မှာ တို့တွေ ကလေးကူထိန်းပေးနေရလောက်ပြီ။ ကဲ…ဒါတွေထားပါ။ ဘယ်လိုလဲ ဆရာ။ ကေရီက အကောင်းပြောနေတာ။ တစ်ဘဝလုံးအတွက် မှတ်သားထားရမယ့် အကြံပေးချက်လေးတစ်ခုကို ပြောပြစမ်းပါ"

"ကဲ…ကဲ…ဒါဖြင့်လည်း ပြောပါ့မယ်။ဆရာ့စကားတော့ မဟုတ်ဘူး။ ဆွာမိဝိဝေကနန္ဒဆိုတဲ့ ကမ္ဘာကျော် သူတော်စင်တစ်ဦးရဲ့စကား.."

"ဟုတ်ကဲ့…။ ပြောပါဆရာ"

"လောကမှာ ဘာကိုမှ မအံ့ဩပါနဲ့တဲ့"

"ဘယ်လိုသဘောလဲ ဆရာ"

"ဩော်..လောကကြီးက မာယာများတယ်။ ဖြစ်ပျက်ပြောင်းလဲမှု

တွေ မြန့်တယ်၊ မျှော်လင့်ထားတာတွေကော မမျှော်လင့်ထားတာတွေကိုပါ တွေ့ကြုံရနိုင်တယ်။ အဲဒါတွေကို သိပ်မခံစားမိစေနဲ့။ လောကဓံကို တည်တည်ငြိမ်ငြိမ် ဖြတ်သန်းဖို့ဆိုတဲ့သဘော ပြောတာပေ့ါ။ လောကကြီးမှာ ဘာကိုမှ မအံ့ဩပါနဲ့…တဲ့''

''အင်း…။ တန်ဖိုးရှိတဲ့စကားပဲနော် ဆရာ''

''ဟုတ်တယ်။ အဲ့ဒီစကားကို တစ်သက်လုံးမှတ်ထား။ ကဲ… ကဲ…သွားကြရအောင်။ ရုံးခန်းပိတ်ဖို့ လုပ်တော့။ ဆရာက ဝင်စရာလေး ရှိသေးတယ်''

''ဟင်…ဆရာက သွားစရာရှိသေးလား။ ကေရီ သိတောင် မသိဘူး''

''အလုပ်ကိစ္စ မဟုတ်ပါဘူးကွယ်။ ဆရာ အရင်နေခဲ့တဲ့ ရပ်ကွက်ဘက်ကို အမှတ်တရ လျှောက်သွားမလို့ပါ။ အရင်က သွားခဲ့ လာခဲ့ဘူးတဲ့ နေရာဟောင်းလေးတွေ၊ ထိုင်ခဲ့ဘူးတဲ့ ဆိုင်တွေဆီ လျှောက်ငေးမလို့ပါ။ အလွမ်းပြေ စိတ်ပြေလက်ပျောက်ပေ့ါ''

လင်းနန္ဒာဦးက ကောက်ကာငင်ကာ ဝင်ပြောသည်။

''နန္ဒာတို့ လိုက်ရှုပ်လို့ ရမလား ဆရာ''

မိုးကေရီကလည်း တက်ကြွပါပေ၏။

''ဟုတ်တယ် ဆရာ။ ကေရီတို့ လိုက်ခဲ့ချင်တယ်''

''ပျင်းကြမှာပေါ့''

''မပျင်းပါဘူး။ စိတ်ဝင်စားတယ်''

''ဒါဆိုလည်း လိုက်ခဲ့ကြလေ''

''ဟေး…''

နှစ်ယောက်လုံးက ကလေးတွေလိုပဲ ဝမ်းသာအားရ ထအော်ကြ၏။ နောက်တော့ သူတို့တွေ ကားတစ်စီးနှင့် ခရီးနှင်ခဲ့ကြတော့သည်။ ကောင်မလေးနှစ်ယောက်က လမ်းတောက်လျှောက် ဟိုကြည့်သည်ကြည့်နှင့် ရွှင်လန်းနေကြသည်။ ရည်ရွယ်ရာ ဧရိယာအပိုင်းကို ရောက်တော့ သူက ကားကို အရှိန်လျှော့မောင်းရင်း…

"အရင်က ဒီရပ်ကွက်ထဲမှာ နေခဲ့တာပေါ့။ အခုလက်ရှိနေနေတဲ့ အိမ်ကို ပြောင်းခဲ့ကြတာ လေးနှစ်ရှိပြီ။ ဟိုတုန်းကတော့ ဒီနားမှာ ကိုယ့်ခြေရာတွေချည်းပဲ"

"ရပ်ကွက်ကလေးက သန့်တယ်နော်"

"အင်း...။ ကားကို တစ်နေရာမှာထားခဲ့ပြီး လမ်းဆင်းလျှောက်ရအောင်"

"ဆရာ ကောင်းမယ်ထင်သလို လုပ်လေ"

ဝင်းခြံကျယ်သော အိမ်တစ်လုံးရှေ့မှာ ကားကို ရပ်လိုက်၏။ ဟွန်းတီးလိုက်တော့ အိမ်နေရင်းအဝတ်အစားနှင့် ကလေးချီထားသော အမျိုးသမီးတစ်ယောက်က တံခါးလာဖွင့်ပေးသည်။ သူက ကားပေါ်မှနေ လှမ်းနှုတ်ဆက်လိုက်သည်။

"မှတ်မိလား"

အမျိုးသမီးက သူ့ကို မယုံသလိုလို ကြည့်ရင်း...

"ကိုခေတ်လူ မဟုတ်လား"

"မှတ်မိသားပဲ။ ဟုတ်တယ်"

"အိုး...ဖြူနုပြီးချောလာတာကိုး။ ဝတ်တာစားတာလည်း စမတ်ကို ကျနေတာပဲ။ လာလေ...အထဲဝင်"

ကားကို ခြံထဲသို့ မောင်းသွင်းလိုက်၏။ သူ ကားပေါ်မှဆင်းတော့ လင်းနန္ဒာဦးနှင့် မိုးကေရီကပါ လိုက်ဆင်းသည်။ သူက ခြံနှင့်အိမ်ကို အကဲခတ်သလို လှည့်ပတ်ကြည့်ရင်း...

"ကလေးအဖေကော မိုးပန်းပွင့်ရဲ့"

"သူက အလုပ်သွားတယ်။ ဘယ်သူမှ မရှိကြဘူး။ အိမ်ဖော်အဘွားကြီးတစ်ယောက်ပဲ ရှိတယ်။ လာ...အထဲကို ဝင်ကြဦးလေ။ ထိုင်ကြပါဦး"

"မထိုင်တော့ဘူး မိုးပန်းရေ၊ ကိုယ် ဒီဘက်ကို သတိရလို့ လှည့်ဝင်လာတာ။ ဟိုဟိုသည်သည် လျှောက်သွားလိုက်ဦးမယ်။ ကားကို ဒီခြံထဲ ခဏထားခဲ့ချင်လို့"

''ဪ…ရတယ်။ ထားခဲ့လေ''

''မကြာဘူး။ နှစ်နာရီလောက်ပဲ''

''ရတယ်…ရတယ်။ စိတ်ချလက်ချသွား''

ကားကို ထားခဲ့ကာ သူတို့ လမ်းလျှောက်ထွက်လာကြ၏။ မိုးပန်းပွင့် က အတော်ကို 'ကျ'သွားပြီ။ အသားအရည်ကလည်း ခပ်ခြောက်ခြောက် ဖြစ်နေ၏။ မျက်နှာကလည်း နွမ်းနယ်နေသလို…။

ခပ်လှမ်းလှမ်းရောက်တော့ မိုးဇေကရီက မေးသည်။

''ဆရာ့သူငယ်ချင်းလား…ဟင်''

''အင်း''

''အပျိုတုန်းကဆို တော်တော်လှမယ်နော်''

''အင်း…''

''ဆရာက ပိုးခဲ့တာ မဟုတ်ဘူး''

''အဟင်း…''

ဘာမှပြန်မပြောတော့ဘဲ ရယ်ရုံသာ ရယ်နေလိုက်၏။ ပြောရရင်လည်း မကောင်းဘူးလေ။ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလိုလို သူ့ပေါင်ကိုယ်လှန်ထောင်းသလိုလို…။ ဘယ်လိုကြီးမှန်း မသိ။

လမ်းကွေ့တစ်ခုမှာ မီတာသမားတစ်ယောက် ဒုက္ခရောက်နေသည်။ အိမ်ရှင်က တံခါးဖွင့်မပေးသောကြောင့် မီတာ ဖတ်မရ ဖြစ်နေသည်။ ဖတ်မရလျှင်လည်း လှည့်ပြန်သွားသည်မျိုး မဟုတ်ဘဲ…

''အိမ်ရှင်တို့၊ အိမ်ရှင်တို့''

အိမ်ထဲမှ ဘာသံမှ ပြန်ထွက်မလာချေ။ လှုပ်ရှားဟန်ပင် မမြင်ရ။ သူက…

''မီတာ ဖတ်မလို့လား''

''အေးဗျာ…။ အိမ်ရှင်ကို ဘယ်လိုမှ ခေါ်မရဘူး''

''ဒေါ်မြသန်း…ဒေါ်မြသန်းလို့ အော်ခေါ်လိုက်''

''ဪ…။ ဟုတ်ပြီ''

မီတာဖတ်သူက သံကုန်မြှင့်ပြီး အော်ခေါ်တော့သည်။

''ဒေါ်မြသန်း။ ဗျို့...ဒေါ်မြသန်း''

အိမ်ထဲမှ လှုပ်ရှားမှုကို မြင်ရသည်။ ပုကွကွ ဂင်တိုတို လူကြီး တစ်ယောက် အိမ်ရှေ့ထွက်လာပြီး...

''ဘယ်ကောင်လဲကွ၊ ငါ့ကို ဒေါ်မြသန်းဆိုတာ''

သူတို့နှစ်ဦး ဘယ်လိုဆက်ဖြစ်ကြသည် မသိ။ သူက မိုးကေရီနှင့် လင်းနန္ဒာဦးကို လက်တို့ပြီး ဆက်လျှောက်လာခဲ့သည်။ မိုးကေရီက ခပ်တိုးတိုးမေးသည်။

''ဆရာ...။ အဲဒီလူကြီးက ဘယ်သူလဲ''

''ဦးမြသန်းလေ...''

''ဟင်...။ ဆရာက ဒေါ်မြသန်းလို့ ခေါ်ခိုင်းတယ်''

''ဒါမှ ထွက်လာမှာ။ အဲဒီလူကြီးက သူ့အိမ်ကို သူများလာရင် တံခါးလည်း ဖွင့်မပေးဘူး၊ ထွက်လည်း မတွေ့ဘူး။ ခေါ်ရင်လည်း မထူးဘူး။ ဘယ်လိုလူကြီးလည်း မသိဘူး''

သူမတို့ တခစ်ခစ်ရယ်ကြသည်။ လင်းနန္ဒာဦးက...

''ဆရာက လူဆိုးပဲ''

''ဟိုလက်ဖက်ရည်ဆိုင်မှာ ခဏထိုင်ကြမယ်''

ဆိုင်ထဲဝင်တော့ မလှလှသန်းက ဝမ်းသာအားရ ထအော်သည်။

''ကြည့်စမ်း...။ လူတောင် မှားတော့မလို့...။ ကိုခေတ်လူ။ ဘယ်ကဘယ်လို မျက်စေ့လည်ပြီး ရောက်လာတာလဲ''

''သတိရလို့ ဝင်လာတာပေါ့ဗျာ''

''ထိုင်ကြ ထိုင်ကြ။ ဟိုတုန်းကလို လက်ဖက်ရည်ကျဆိမ့်ပဲ မဟုတ်လား''

''ဒါပဲပေါ့ဗျာ...။ သူတို့နှစ်ယောက်ကတော့ ဘာသောက်ကြမလဲ မသိဘူး''

မိုးကေရီနှင့် လင်းနန္ဒာဦးတို့ကလည်း လက်ဖက်ရည်ကျဆိမ့်ကိုပဲ မှာကြ၏။ မတွေ့ရတာကြာပြီဖြစ်သောကြောင့် သူ့ကိုလည်း စကားတွေ ခရားရေလွှတ်သလို ပြော၏။ မိုးကေရီနှင့် လင်းနန္ဒာဦးကိုလည်း လှမ်းလှမ်း

အကဲခတ်သေး၏။ ဟိုကလေးမနှစ်ယောက်ကတော့ ခပ်တည်တည်။ ပြောရလျှင် အတည်ပေါက်ကလေးတွေနှင့် လှနေသည်။

လက်ဖက်ရည်ပင် ကုန်အောင်မသောက်ရသေး...၊ ဆိုင်ထဲသို့ တိရစ္ဆာန်အုပ်ကြီး ဝင်ချလာသည်။ သီဟရယ်၊ ကျားကြီးရယ်၊ ဆင်ပေါက်ရယ်(ဆိတ်သိုးတော့ပါမလာ)။ သူကိုတွေ့တော့ တအံ့တဩ ဖြစ်ကြ၏။

"ဟာ...။ ဟော့ကောင် လူလူ"

"အေး...။ ငါ သတိရလို့ လှည့်ဝင်လာတာ"

"မင်းကွာ...နေနိုင်လိုက်တဲ့ကောင်"

သူတို့မျက်လုံးတွေကတော့ မိုးဧကရီနှင့် လင်းနန္ဒာဦးဆီ ရောက်နေကြသည်။ သူ့သူငယ်ချင်းတွေဆိုသောအသိနှင့် ကောင်မလေးတွေက ဖော်ရွေဟန်ပြပါသည်။ ဟိုကောင်တွေကလည်း ရောချင်သည်။ သူက မသိချင်ယောင်ဘဲ ဆောင်နေလိုက်သည်။ ဆင်ပေါက်က...

"မင်း အောင်မြင်နေတဲ့ သတင်းတွေ ကြားပါတယ်။ ဝမ်းသာတယ်ကွာ"

"အေး...။ အလုပ်တော့ နည်းနည်းရှုပ်တယ်ကွ။ ဘယ်မှတောင် မရောက်ဖြစ်ဘူး"

"သူတို့က မင်းနဲ့ လုပ်ဖော်ကိုင်ဖက်တွေလား"

မိုးဧကရီနှင့် လင်းနန္ဒာဦးကို မေးခြင်းဖြစ်သည်။

"အေး...။ ဆိုပါတော့ကွာ"

ခပ်ပေါ့ပေါ့သာ ပြန်ဖြေလိုက်သည်။ တမင်တကာ မိတ်ဆက်မပေးဘဲ နေနေလိုက်သည်။ ဟိုကောင်တွေ စိတ်ထဲမှာ မရိုးမရွတော့ ဖြစ်ကြလိမ့်မည်။ ဖြစ်ပလေ့စေ။ ရှေးဟောင်းနှောင်းဖြစ်တွေ၊ ရယ်စရာမောစရာတွေ လျှောက်ပြောဖြစ်ကြသည်။ နောက်မှ ကောင်မလေးတွေ ပျင်းမည်စိုးသောကြောင့်...

"ကဲ...ငါတို့ လစ်လိုက်ဦးမယ်"

"ဘယ်သွားစရာရှိသေးလို့လဲ"

"ငါက အိမ်မှာ အလုပ်တွေ ရှိသေးတယ်။ သူတို့ကို ပို့ပြီးရင်

အိမ်ပြန်ရမယ်''

''အေး…အေး…။ နောက်လည်း ကြုံရင် ဝင်ပါကွ။ ဝင်ရင်လည်း ကြုံသွားမှာပါ''

''အေးပါ။ ကဲ…သွားပြီ''

မိုးပန်းပွင့်တို့အိမ်မှာ ကားကို သွားပြန်ယူသည်။ ငွေကြေးပြည့်စုံသော်လည်း မိုးပန်းပွင့်ကိုကြည့်ရတာ အိမ်ထောင်ရေး အဆင်ပြေပုံမပေါ်။ အလိုလိုနေရင်း အပူသည်ရုပ် ပေါက်နေသည်။ ဆက်ဆံပုံက နွေးထွေးပါသည်။ မိုးကေရီနှင့် လင်းနန္ဒာဦးတို့ကိုလည်း ဖော်ဖော်ရွေရွေ စကားဆို၏။

ကောင်မလေးနှစ်ယောက်ကို ပြန်အပို့…

''ဆရာ''

လင်းနန္ဒာဦးက ခေါ်ခြင်းဖြစ်သည်။

''အင်း…ပြော''

''ဒါ…ဆေးဘူးလား''

သူ အလန့်တကြား ဖြစ်သွားသည်။ လှည့်ကြည့်လိုက်တော့ ကားနောက်ခန်းမှာ အမှတ်တမဲ့ တင်ထားမိသော သူ့စမ်းသပ်ဆေးဘူးကို ကိုင်ကြည့်ပြီး လင်းနန္ဒာဦးက မေးခြင်းဖြစ်သည်။

''အာ…ဟုတ်တယ်။ ပြန်ထားလိုက်။ အဲဒါကို မကိုင်နဲ့''

လင်းနန္ဒာဦးက ဘူးကိုတော့ ပြန်ထားသည်။ စိတ်ဝင်တစားလည်း ဖြစ်သွားသည်။

''ဘာဖြစ်လို့လဲ ဆရာ''

''အင်း…။ နောက်မှ ပြောပြတာပေါ့''

''ဘာအရောင်တုန်း ဆရာ''

''နောက်မှ ပြောမယ်ဆို…''

စကားစပြတ်ပြီး အားလုံး ငြိမ်သက်သွားကြသည်၊ ဆက်မမေးတော့၍ တော်ပါသေးသည်။

●●●

[၁၀]

သူ့အလုပ်ခန်းက သိပ်တော့ သပ်ရပ်မှု မရှိလှ။ အနည်းငယ် ရှုပ်ပွနေသည်။ စကားစပ်မိ၍ ထိုအကြောင်းကို ပြောတုန်းက မိုးကေရီက သူမ လိုက်ရှင်းပေးမည်ဟု ပြောဘူးသည်။ သို့သော် သူက လက်မခံခဲ့ချေ။ သူ့အလုပ်ခန်းကို အပြင်လူ မဝင်စေလို။

လင်းနန္ဒာဦးကလည်း နောက်သလိုနှင့် ပြောဘူးသည်။

"ဆရာ့အလုပ်ခန်းကို နန္ဒာတို့ လိုက်လည်လို့ မရဘူးလား"

သူက ဘာမှပြန်မပြောဘဲ အပြုံးနှင့် ခေါင်းခါပြလိုက်သည်။ လင်းနန္ဒာဦးက မျက်စောင်းလဲ့လဲ့ထိုးကာ အပြုံးနှင့် မျက်နှာလွှဲသွား၏။ မေမေနှင့် အိမ်ဖော်ဒေါ်စိန်တို့ကလည်း ထိုအခန်းကို ဝင်ရောက်ရှင်းလင်းရန် ကြိုးစားကြပါသေးသည်။ သို့သော် သူက သူ့ပစ္စည်းတွေကို အထိမခံ။

"နေ…နေ…။ ရှင်းကာမှ ပိုရှုပ်ကုန်မယ်။ ကိုယ့်ပစ္စည်းတွေ အကြောင်း ကိုယ်ပဲသိတယ်"

ဆေးဘူးများ၊ ရောင်စုံစက္ကူများ၊ အလင်းဖြတ်ဖန်တုံးများ၊ စာအုပ်များနှင့် မှတ်စုမှတ်ရာများ သူ့ဘေးပတ်လည်မှာ ဝိုင်းနေသည်။ မီးလုံး၊ မီးချောင်းများ၊ ဝါယာကြိုးများ၊ ရောင်စုံဆလိုက်မီးများကလည်း မျက်စိ

နောက်ဖွယ်ရာ…။ သို့သော် သည်အခန်းလေးမှာ သူ ပျော်ပါသည်။

အိုက်ဆက်နယူတန်ရေးသားခဲ့သည့် Opticks အမည်ရှိကျမ်းကို သူ ပြန်လည် လှန်လှောဖတ်ရှုနေမိသည်။ ယခုအချိန်တွင် အခြေခံစာအုပ် တစ်အုပ်မျှသာ ဖြစ်နေသော်လည်း သူ့ခေတ်သူ့အခါကတော့ ဒိတ်ဒိတ်ကြဲ ကျမ်းတစ်စောင် ဖြစ်သည်။ အလင်းနှင့်အရောင်၏ အဆက်အစပ်ကလည်း အလွန်ဆန်းကြယ်သည်ကိုး…။

''ဩော်…တော်ပါသေးရဲ့''

စာအုပ်ကို ဘေးချထားလိုက်၏။ ညနေက လင်းနန္ဒာဦး ယူကိုင်သော ဆေးဘူးကို ဆွဲယူလိုက်သည်။ ဆေးအပြည့်ထည့်ထားသော ဆေးဘူးက လက်ထဲမှာ စီးစီးပိုင်ပိုင် ပါလာသည်။

လင်းနန္ဒာဦးက ဖွင့်မကြည့်မိ၍ တော်ပါသေး၏။ ဖွင့်ကြည့်မိလျှင် လည်း ဘာကိုမျှ တွေ့ရမည်မဟုတ်။ အထဲမှာ ဘာမှမမြင်ရဘဲ လေးပင် နေသော ဆေးဘူးကို မယုံသင်္ကာ ဖြစ်ဦးမည်။ လှုပ်ခါ၍ ကြည့်မည်။ (ဆေးဘူးအား လှုပ်ခါကြည့်ခြင်းကို ဆိုလိုသည်) ပြီး…အံ့ဩဦးမည်။ အခုတော့ တော်ပါသေးသည်။

ဆေးဘူးထဲမှာ ရှိနေသည်က မမြင်ရသော ဆေးရောင်တွေ…။

အတိအကျပြောရလျှင် လူ့မျက်စိနှင့် မမြင်ရသော စပ်ဆေး တွေ…။ လင်းနန္ဒာဦးသာ ဖွင့်ကြည့်မိလျှင် နံရံမရှိ အောက်ခြေမရှိသော ဘူးအဖြစ် တုန်လှုပ်ဖွယ်ရာ မြင်ရဦးမည်။

အရောင်ကန်းသူများအကြောင်း တွေးဆမိရာမှတစ်ဆင့် လူ့ မျက်လုံး၏ အရောင်ကို လက်ခံနိုင်မှုအနေအထားကို သရုပ်ခွဲကာ နောက် ဆုံး မမြင်ရသော ဆေးရောင်တစ်မျိုးကို သူ ဖော်စပ်နိုင်ခြင်းဖြစ်သည်။ မည်သို့ အသုံးချရမည်မှန်းတော့ သူလည်း မတွေးတတ်သေးချေ။

ထိုဆေးဘူးကို နံဘေးမှာထားကာ အသုံးချနိုင်မည့် နည်းလမ်းများ သူ စဉ်းစားနေမိသည်။ စဉ်းစားတာ မည်မျှရှေ့မည်မျှ အချိန်ကြာသွားသည် မသိ။ မှေးခနဲပင် အိပ်ပျော်သွားသည်။

''ဒေါက်…ဒေါက်…ဒေါက်…''

အခန်းတံခါးကို ခေါက်သံကြားမှ လန့်နိုးသွားသည်။

''သား...။ အလုပ်များနေသလား''

မေမေ့အသံကို တစ်ဆက်တည်း ကြားရသည်။

''အလုပ်မများပါဘူး မေမေ။ ဘာဖြစ်လို့လဲ''

''ဆယ်နာရီတောင် ထိုးနေပြီ။ ခုထိ ညစာ မစားသေးဘူးလား''

''အာ...လာပြီ မေမေ။ သား မေ့နေတာ...''

တံခါးဖွင့်ပြီး မေမေနှင့်အတူ လိုက်သွားလိုက်သည်။ မေမေက ထမင်းစားခန်းထဲအထိ လိုက်လာပြီး ဒေါ်စိန်နှင့်အတူ သူ့အတွက် ပြင်ဆင်ပေးသည်။

''ဖေဖေကော...''

''အောင်မလေး...အတူတူပဲ။ သူ့အခန်းထဲမှာ စာရင်းတွေ လုပ်နေတယ်။ ဒီည ညဥ့်နက်မယ်တဲ့''

''ဖေဖေကော စားပြီးပြီလားလို့ မေးတာ...''

''သူက မစားသေးဘူးတဲ့။ ညဥ့်ဦးပိုင်းက လက်ဖက်ရည်သောက်ထားတာ ရင်ခံနေလို့တဲ့...''

ထမင်းသာ စားရသည်။ စိတ်က အလုပ်ထဲမှာပဲ ရောက်နေမိသည်။

''ကဲ...။ သား ဆက်စားနှင့်တော့။ မေမေ ဘုရားရှိခိုးလိုက်ဦးမယ်။ စားပြီးရင်တော့ သား တန်းမအိပ်နဲ့ဦးနော်။ အစာမကြေ ဖြစ်နေဦးမယ်''

''ဟုတ်ကဲ့...။ အလုပ်ကလေးတွေ နည်းနည်းလက်စသပ်ပြီးမှ အိပ်မှာပါ''

''အေး...။ သိပ်လည်း ညဥ့်မနက်စေနဲ့ဦးနော်''

''ဟုတ်ကဲ့ပါ''

ထမင်းစားပြီးတော့ အလုပ်ခန်းထဲ ပြန်ဝင်ဖြစ်သည်။ သူ ဖျော်စပ်ထားသည့် 'အရောင်မဲ့ဆေးဘူး' ကို ဆွဲယူလိုက်သည်။ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွား၏။

''ဟင်...။ ဘယ်လိုဖြစ်တာလဲ''

ခုနကပဲ လေးလေးပင်ပင်နိုင်လှသော ဆေးဘူးက ယခုတော့

ပေါ့ရွတ်ရွတ်ဖြစ်နေသည်။ လှုပ်ခေါက်ကြည့်သည်။ မည်သည့် တုံ့ပြန်မှုကိုမှ မရ။ စိတ်လှုပ်ရှားစွာဖြင့် ဆေးဘူးကို အဖုံးဖွင့်ကြည့်လိုက်သည်။

"ဟာ"

ဘူးထဲမှာ ဆေးတွေမရှိတော့။ ဘူးကို ဘူးလွတ်တစ်လုံးလိုပဲ တွေ့ရသည်။ မယုံကြည်နိုင်သဖြင့် သံချောင်းလေးတစ်ချောင်းကို ယူပြီး ဘူးထဲသို့ လွှတ်ချကြည့်လိုက်သည်။

"ဂလောက်"

သံချောင်းက လွတ်လွတ်ကျွတ်ကျွတ်ပင် ဘူးအောက်ခြေသို့ ကျသွား၏။ သေချာပြီ။ ဘူးထဲမှာ ဆေးတွေမရှိတော့။ ဘယ်လိုဖြစ်တာပါလိမ့်ဟု တအံ့တဩ တွေးနေမိသည်။ ကမန်းကတန်းပင် မေမေရှိမည့် ဘုရားခန်းထဲသို့ လိုက်သွားလိုက်၏။ မေမေက မျက်လုံးအစုံမှိတ်ပြီး နှုတ်ခမ်းတလှုပ်လှုပ်နှင့် ဘုရားဝတ်ပြုနေသည်။

ဖေဖေ့အခန်းကို သွားကြည့်တော့ စာရင်းဇယားတွေကြားထဲမှာ ခေါင်းစိုက်နေသော ဖေဖေ့ကို တွေ့ရသည်။ သူ့ကိုပင် လှည့်မကြည့်အား။ သူ လှည့်ထွက်လာခဲ့လိုက်သည်။ ဖေဖေ မဖြစ်နိုင်။ ဖေဖေက စည်းကမ်းကြီးသည်။ သူ့အလုပ် ကိုယ့်အလုပ် ဝင်မစွက်ဖက်တတ်။ မေမေလည်း မဖြစ်နိုင်ချေ။ မေမေက သူ့အခန်းထဲသို့ တော်ရုံတန်ရုံပင် မဝင်ရဲ။ ဒေါ်စိန်ကလည်း ထမင်းစားခန်းထဲမှာ သူနှင့် တစ်ချိန်လုံး ရှိနေသည်။

"ဒီဆေးတွေ ဘယ်ရောက်သွားတာပါလိမ့်"

ဇဝေဇဝါနှင့်ပင် အလုပ်ခန်းထဲ ပြန်ဝင်လာခဲ့သည်။ ဆေးဘူးကို အထပ်ထပ် စစ်ဆေးကြည့်သေးသည်။ ဆေးတွေ မရှိတော့တာက လုံးဝ ကျိန်းသေ။ အလုံပိတ်ထားသော ဆေးဘူးထဲမှ ဆေးတွေ ဘယ်ရောက်သွားသနည်း။ ခေါင်းကုတ်ဖင်ကုတ်နှင့် စဉ်းစားရကြပ်နေမိသည်။ မည်သို့ပင် ဖြစ်စေ။

'ရတယ်...။ ငါ့ကို ဒါမျိုးလာစမ်းလို့ မရဘူး'

ထို အရောင်မဲ့ဆေး ဖော်စပ်သည့် ဖော်မြူလာဖိုင်ကို ဆွဲယူလိုက်သည်။ ပြန်ဖော်စပ်ဦးမည်။ စောင့်ကြည့်မည်။ ဆေးဘူးထဲမှ ဆေးများ

ပျောက်သွားရခြင်းသည် ပြင်ပ ပယောဂကြောင့် ဖြစ်နိုင်သလို၊ ဆေး၏ သဘာဝကြောင့်လည်း ဖြစ်နိုင်သည်။ ထပ်မံစမ်းသပ်ကြည့်ရမည်။

မကြာလှပါ…။ အချိုးအစားညီညီ ဖော်စပ်လိုက်တော့ ဆေးက ချက်ချင်းရလာသည်။ ခက်သည်က မမြင်ရသောဆေးများဖြစ်နေ၍ ဘူးထဲ ကို လောင်းထည့်ချိန်မှာ အချိန်အဆကို မမှန်းဆနိုင်ခြင်း ဖြစ်သည်။ ဆေးတွေက လျှံထွက်ပုံရသည်။

"အိုး…။ မြတ်စွာဘုရား"

ကမန်းကတန်းပင် ဆေးကို အသွန်ရပ်လိုက်၏။ ဘူးကို နှုတ်ခမ်းပါး နား သပ်ကြည့်ကာ အဖုံးပိတ်လိုက်သည်။

"ဟာ…ဟုတ်ပါရဲ့။ လျှံကျတာ ထင်တယ်"

သူ့ညာဘက်ခြေအောက် ကြမ်းပြင်ပေါ်ကော်ဇောမှာ အပေါက်ကြီး ဖြစ်နေသည်။ ခြေဖဝါးနှင့် ပွတ်ကြည့်တော့ တကယ်မပေါက်။ ရှိနေသည်။ မမြင်ရတော့ခြင်းသာ ဖြစ်သည်။ မမြင်ရသော အရောင်စပ်ဆေးများနှင့် စွန်းကွက်သွားသဖြင့် ကော်ဇော၏ ထိုနေရာက အပေါက်ကြီးသဖွယ် ဖြစ်နေသည်။

"ကဲ…။ မင်းကိုလည်း ငါ ဘူးထဲမှာ အသေထည့်ပိတ်ထားမယ်။ သေသေချာချာ စောင့်ကြည့်ထားမယ်။ မင်းတို့ အတောင်ပေါက်ပြီး ပျံပြေးနိုင်ဦးမလားဆိုတာ စမ်းသပ်မယ်"

တစ်ယောက်တည်း ထိုသို့ ကြုံးဝါးရင်း အခန်းထဲမှ ပြန်ထွက်မည် ပြုစဉ်…

"ဟိုက်…"

ရင်တွေ တဝုန်းဝုန်းခါသွား၏။ သွားပြီ…။

သူ့ ညာဖက်လက်ညှိုး ပျောက်နေခြင်း ဖြစ်သည်။ တစ်ချောင်းလုံး တော့ မဟုတ်။ သို့သော် တစ်ချောင်းလုံးနီးပါးပင်။ အရင်းငုတ်တိုလေး ကိုသာ တွေ့ရပြီး တောက်လျှောက် ပျောက်နေသည်။ ကွေးကြည့်၊ စမ်းကြည့်တော့ ရသည်။ သူ့လက်ညှိုးက ရှိနေသည်။ မမြင်ရတော့ ခြင်းသာ ဖြစ်သည်။

''ဗုဒ္ဓေါ…။ ဘယ်လို လုပ်ရပါ့မလဲ''

ခုနက ဆေးတွေလျှံကျစဉ် ဘူးနှုတ်ခမ်းကို သူ ဤလက်ညှိုးနှင့် ပွတ်ပြီး သပ်ချလိုက်မိသည်။ ထို့ကြောင့် လက်ညှိုးကို ဆေးများပေပြီး လက်ညှိုးပျောက်သွားခြင်း ဖြစ်သည်။ မမြင်ရတော့သည့် သူ့လက်ညှိုးကို သူ ပြန်ကြည့်ရင်း အတော်ပင် တုန်လှုပ်ချောက်ခြားမိလေသည်။ ဘဝမှာ တစ်ခါမှ ဤမျှလောက် ယောက်ယပ်မခတ်ဘူးချေ။

''ဒုန်း''

ဝုန်းခနဲ သူ ခုန်ထတော့ ကုလားထိုင်နှင့် တိုက်မိသည်။ လဲကျသွားသော ကုလားထိုင်ကို ဂရုမစိုက်အား။ အခန်းတံခါးကို အတွင်းမှ သေသေချာချာ ပိတ်ထားမိရဲ့လားဆိုတာကို ပြေးစစ်ဆေးရသည်။ ခုနေသာ အခန်းထဲသို့ တစ်ယောက်ယောက် ဝင်လာလျှင် ခက်မည်။ 'ဟော'ဟု လက်ညှိုးထိုး နှုတ်ဆက်ရန်ပင် လက်ညှိုးက မရှိ။

''ဒီပြဿနာကို ဘယ်လိုဖြေရှင်းရင် ကောင်းမလဲ''

ကြမ်းပြင်ပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချရင်း ခေါင်းပူစွာ အကြံထုတ်နေမိ၏။ သူတစ်ပါးကို အကြံပေးခဲ့သော၊ အကြံပေးလွန်းသော သူ့ကို ကံကြမ္မာက ဒဏ်ခတ်ပြီ ထင်သည်။ ဘယ်လို အကြံကိုမှလည်း မရ။ သူ့လို အခက်အခဲမျိုးကို ဘယ်သူကမှလည်း ကြုံဖူးမည် မထင်။ အော်၍သာ ငိုလိုက်ချင်တော့သည်။

''အင်း…။ လောလောဆယ်တော့ ဒီလိုပဲ လုပ်ရတော့မှာပဲ။ ရပါ့မလား…။ စမ်းကြည့်ရမှာပဲ''

ပတ်တီးတစ်စဆွဲယူပြီး လက်ညှိုးကို ပတ်ကြည့်၏။ ပတ်တီးစကာပါ ပျောက်သွားမည်ကို စိုးမိသည်။ တော်ပါသေး၏။ ဆေးတွေကို လက်ညှိုးက စုတ်ယူသွားပြီ ထင်၏။ ပတ်တီးစက ပျောက်မသွားချေ။ လက်ညှိုးက ပြန်ပေါ်လာသည်။ ပတ်တီးစည်းထားသော လက်ညှိုး။

''ဟူး…''

လေပူကြီးတစ်ချက်ကို လှိုက်လှိုက်လှဲလှဲ မှုတ်ထုတ်လိုက်မိ၏။ ခြေပစ်လက်ပစ် ပိုင်တွေနေမိသေးသည်။ အဝေးဆီက ညဥ့်နာရီ သံချောင်း

ခေါက်သံကြားမှ အချိန်အတော်လင့်နေပြီဖြစ်မှန်း သတိ... ...သည်။ ကဲ...ဖြစ်ခဲ့သမျှကို ခဏမေ့ထား၊ လောလောဆယ်မှာတော့ မ... အိပ်ပစ်လိုက်မည်။

အခန်းပြင်သို့ထွက်တော့...

"သား"

သူ တုန်ခနဲ ဖြစ်သွားသည်။ ကမန်းကတန်း လှည့်ကြည့်မိတော့...

"ဗျာ...။ ဖေဖေ"

"သား...မအိပ်သေးဘူးလား"

"ခု...အိပ်တော့မလို့ ဖေဖေ"

"အေး...အေး...။ ညဉ့်နက်နေပြီ၊ အိပ်တော့...။ ဒါထက် မင်း လက်ညှိုးက ဘာဖြစ်တာလဲ"

"ဟို...ဆေးစပ် အပူလောင်သွားလို့ပါ ဖေဖေ။ ဘာမှ မဖြစ်ပါဘူး။ ခဏဆို ကောင်းသွားမှာပါ"

"အေး...အေး...။ မင်းအလုပ်ကိုတော့ ဖေဖေ ဘာမှနားမလည် ဘူး။ ဒါပေမဲ့ သတိထားပြီး လုပ်ပေါ့ကွာ"

"ဟုတ်ကဲ့ပါ။ သား...သွားအိပ်တော့မယ် ဖေဖေ။ ဖေဖေကော မအိပ်သေးဘူးလား"

"အိပ်တော့မလို့။ ဒီအခန်းက မီးလင်းနေလို့ လာကြည့်တာ။ ကဲ...သွား...သွား"

"ဟုတ်ကဲ့"

ဖေဖေရှေ့မှ အလျင်အမြန် လှည့်ထွက်လာခဲ့မိ၏။ ဖေဖေက ယမကာမှိုဝဲထားပုံရပြီး အတန်ငယ် မူးရီနေသည်။ ဖေဖေ ဖြစ်နေသေး၍ တော်ပါသေးသည်။ မေမေဆိုလျှင် မလွယ်...။ ပတ်တီးကို ဆွဲဖြည် ကြည့်ပေလိမ့်မည်။ ထိုအခါကျ ခက်ရချည်သေးရဲ့...။ စိတ်မော လူမော ဖြစ်စွာနှင့် အိပ်ယာထဲဝင်အလှဲ...

စောင်ခြုံရန် ကော့ညွှတ်၍ ကိုယ်ဟန်ကိုအပြင်...

"ဟင်..."

တစ်ခုခုတော့ မှားနေသလို ခံစားရ၏။ ကိုယ့်ကိုယ်ကို ကြည့်ရတာ မျက်လုံးထဲမှာ တစ်ခုခုလိုနေသလို။ ရေရာအောင် ထပ်မံစစ်ဆေး ကြည့်လိုက်၏။ ထိုအခါကျမှ…

"အား…"

ထိတ်လန့်စွာ အော်ဟစ်လိုက်မိ၏။ သူ့ညာဘက်ခြေထောက်မှာ ခြေဖဝါးအပြားလိုက်ကြီးက မရှိတော့…။ ခြေဖမိုးတွေ၊ ခြေချောင်းတွေကို အပေါ်မှကြည့်လျှင် အကုန်မြင်နေရသည်။ အောက်မှကြည့်လျှင် ခြေဖဝါး အပြားလိုက်ကြီးက မရှိ။ ပျောက်နေပြီ။

ဆေးတွေလှုံ့ကျသောကြောင့် ကော်ဇောမှ အပေါက်ကြီးလို ဖြစ်နေသဖြင့် သူ့ညာခြေနှင့် ဖိပွတ်ပြီး စမ်းသပ်ကြည့်မိသည်။ ဆေးတွေက သူ့ခြေဖဝါးအရေခွံကို စွန်းလောင်ပုံရသည်။ ယခု… သူ့ညာဘက် ခြေဖဝါး အပြားလိုက်ကြီးက မရှိတော့။ ခက်ပြီ။ တစ်ပူပေါ် နှစ်ပူဆင့်ရပြန်ပြီ။

'ဘုရား…ဘုရား…'

သူ့ဘဝမှာ ပထမဦးဆုံးအကြိမ် ဘုရားတမိခြင်း ဖြစ်သည်။ ခြေဖဝါးအပြားလိုက်ကြီး မရှိတော့တာကို တော်ရုံတန်ရုံလူမမြင်ဟု ထင်စရာရှိ၏။ သို့သော် မလွယ်။ အမြဲတမ်း ဖုံးမထားနိုင်။ မြင်သူက မြင်သွားလျှင် ခက်မည်။ ကိုယ်ကလည်း လှုပ်ရှားနေရသည်မို့ အခါခပ်သိမ်း ဤခြေဖဝါး ကို လူမမြင်အောင် ထိန်းသိမ်းမထားနိုင်။ အကယ်၍ တစ်စုံတစ်ယောက် ကသာ သူ့မှာ ခြေဖဝါးမရှိတာကို မြင်သွားလျှင်…

'အံမယ်လေး…။ ဘုရား…ဘုရား…'

ထပ်မံ၍ ဘုရားတမိပြန်သည်။ စိတ်ဓာတ်လည်း အတော်ကျမိသည်။ ထိုအချိန်မှာပဲ…

"ဒေါက်…ဒေါက်…"

အပြင်ဖက်မှ အခန်းတံခါး ခေါက်သံကြားရ၏။ ကိုယ့်ကိုယ်ကို စောင်နှင့် လုံအောင်ပတ်လိုက်ရင်း…

"ဘယ်သူလဲ"

"မေမေပါ"

''ဟင်…မေမေ ဘာဖြစ်လို့လဲ''

''ခုနက သားရဲ့အော်သံ ကြားလိုက်ရလို့…''

''ဪ…ဟုတ်တယ် မေမေ။ သား အိပ်မက်မက်ပြီး ယောင်အော်တာ။ လန့်ကို နိုးသွားတာပဲ''

''အေး…အေး…။ ဒါဆိုလည်း ပြန်အိပ်လေ။ မိုးလင်းဖို့က စောသေးတယ်''

''ဟုတ်ကဲ့''

''အိပ်မက်ဆိုးတွေ မမက်အောင် မေတ္တာသုတ်လေးရွတ်ပြီး အိပ်''

''ဟုတ်ကဲ့ပါ…မေမေ''

မေမေ ပြန်ထွက်သွားသံ ခြေသံကို ကြားရ၏။ ထိုအခါကျမှ ပင့်သက်ချကာ အိပ်ရာပေါ်မှာ ထထိုင်မိသည်။ ခြေဖဝါးမရှိသော ညာဘက်ခြေထောက်ကို စိတ်ပျက်လက်ပျက် ငုံ့ကြည့်ကာ…

''အင်း…။ ပတ်တီးနဲ့ထပ်ပတ်လိုက်ရင် ကောင်းမလား''

ပြောနေရုံနှင့်မပြီးပါ…။ လောလောဆယ်မှာ ဤတစ်နည်းပဲ ရှိ၍ ပတ်တီးပတ်ရပြန်ပါသည်။ ညာဘက်လက်ညှိုးနှင့် ညာဘက်ခြေဖမိုးက ပတ်တီးပတ်ထားရသဖြင့် ကျပ်တင်းနေသည်။ အခန်းဒေါင့်မှ ကိုယ်လုံးပေါ် မှန်ကြီးရှေ့မှာ သွားရပ်ပြီး ကိုယ့်ကိုယ်ကို ပြန်အကဲခတ်ရ၏။ စိတ်ပျက်စရာကောင်းလှသော မြင်ကွင်းကို တွေ့ရသည်။

စိတ်ပျက်၍လည်း စိတ်ပျက်သလို ညည်းမိလေသည်။ ကိုယ့်ပုံစံကြီးက…

'အင်း…။ ခွက်တစ်လုံးပဲ လိုတော့တယ်'

သက်ပြင်းချရင်း အိပ်ရာထဲမှာ ပြန်ပစ်လှဲလိုက်၏။ ဤညမှာ စိတ်လှုပ်ရှားစရာတွေ အများကြီးကြုံခဲ့ရ၍ အိပ်ပျော်မည်မဟုတ်ဟု ထင်မိသော်လည်း မမျှော်လင့်ဘဲ အိပ်ပျော်သွားလေသည်။ အိပ်မက်ပင် မက်လိုက်သေး၏။ အိပ်မက်ထဲမှာ သူ့ကားကို ခါးပြတွေတားပြီး လုယူသွား၏။ ရဲတွေက ပြန်ဖမ်းပေးသည်။ တရားရုံးမှာ သူ့ကို လူရွေးခိုင်း၏။ တရားသူကြီးမင်းက…

"ဘယ်သူတွေလဲဆိုတာကို ရွေးပြပါ။ မောင်မင်းက လက်ညှိုး မရှိတော့ မေးငေါ့ပြ..."

ဟိုလူ့ကို မေးငေါ့ရ၊ ဒီလူ့ကို မေးငေါ့ရနှင့် သူ့မှာ ယောက်ျားကြီး တန်မဲ့ အဖြစ်ဆိုးလွန်းလှ၏။

"ဒီဓားပြခေါင်းဆောင်ကို မောင်မင်းက ဘယ်လို စီရင်စေချင် သလဲ"

"သူ့ငယ်ထိပ်ကို ကျွန်တော် ဖနောင့်နဲ့ ပေါက်ချင်ပါတယ်"

"ပေါက်စေ..."

သူက ဖနောင့်နှင့်ပေါက်မည်အပြု ဓားပြခေါင်းဆောင်က အပြင်း အထန် ကန့်ကွက်၏။

"တရားသူကြီးမင်းခင်ဗျား။ ကျွန်တော့်ကို သေဒဏ်ပေးချင် ပေး လိုက်ပါ၊ ဒီလိုကြီး မလုပ်ဖို့တော့ အသနားခံချင်ပါတယ်။ ဒီလူ့မှာဖြင့် အဟင့်...။ ခြေဖဝါးလည်း မရှိ...မရှိဘဲနဲ့၊ ကြောက်...ကြောက်စရာကြီး။ မရှိတဲ့ ဖနောင့်ကြီးနဲ့ အပေါက်ခံရမှာ...ကျွန်တော် အသည်း...အသည်း ယားလို့ပါ"

●●●

[၁၁]

"လူလေး...လူလေး"

ပထမတော့ အိပ်မက်များနှင့် ရောထွေးပြီး မရေမရာ။ နောက်တော့ ခေါ်သံက တဖြည်းဖြည်းနှင့် ကြည်လင်ပြတ်သားလာသည်။ အိမ်ဖော်ကြီး ဒေါ်စိန်၏အသံ...။

"လူလေး...လူလေး။ အိပ်ယာက မနိုးသေးဘူးလား"

အိပ်ခန်းအပြင်မှ မတိုးမကျယ် လှမ်းအသံပြုနေခြင်း ဖြစ်သည်။ အိပ်ရာမှ လူးလဲထရင်း...

"အင်း...နိုးပြီ။ ဘာဖြစ်လို့လဲ"

"လူလေးဆီကို ဖုန်းလာနေတယ်"

"ဘယ်သူ့ဆီက ဖုန်းလဲ"

"ကေရီဆီက..."

"ပြန်ဆက်မယ်လို့ ပြောလိုက်"

"အေး...အေး..."

ဒေါ်စိန် ပြန်လှည့်ထွက်သွားသော ခြေသံကို ကြားရသည်။ 'ဝါး'ခနဲသမ်းဝေရင်း နာရီကို လှမ်းကြည့်တော့ မနက်(၉)နာရီပင် ထိုးနေပြီ။

အခန်းပြင်ထွက်ရန် ပြင်ပြီးမှ…

"ဟ…မဖြစ်သေးပါဘူး"

ယခုလို ပတ်တီးတွေနှင့် ထွက်သွား၍မဖြစ်။ မေမေနှင့် တန်းတိုးလိမ့်မည်။ ဘယ်လိုလုပ်ရပါ့မလဲ။ ခေါင်းထဲမှာ အတွေးတွေ ဗလောင်ဆူသွားသည်။ ချက်ချင်းပင် အကြံရလိုက်၏။

'ဟုတ်ပြီ၊ ဒီအတိုင်းပဲ လုပ်မယ်'

အဝတ်ဗီရိုကို ဆွဲဖွင့်ပြီး ခြေအိတ်လက်အိတ်များကို ရှာယူလိုက်သည်။ ပတ်တီးတွေကို ပြန်ဆွဲဖြည်၊ ခြေအိတ်လက်အိတ်တွေကို စွပ်လိုက်သည်။ နည်းနည်းတော့ နေသားတကျ ရှိသွားသည်။ မျက်နှာသစ်ရန် ရေချိုးခန်းဆီသွားတော့ ထင်ထားသည့်အတိုင်း မေမေနှင့် တိုးသည်။

"ဟဲ့ သား။ ခြေအိတ်လက်အိတ်တွေနဲ့ ဘယ်လိုဖြစ်တာလဲ"

"ညက ဆေးရောင်တချို့ ဖော်ကြည့်နေလို့ပါ"

မေမေက တစ်စုံတစ်ရာ ပြောမည့်ဟန်ပြင်ပြီးမှ အိမ်ရှေ့မှ လူခေါ်ခေါင်းလောင်းတီးသံ မြည်လာသဖြင့် ခပ်သုတ်သုတ်ထွက်သွားသည်။ သူလည်း ရေချိုးခန်းထဲဝင်ကာ မျက်နှာသစ် သွားတိုက်နေလိုက်သည်။ ပြီး…အိမ်ရှေ့ထွက်တော့…

"ဟာကွာ…"

စိတ်ညစ်သွားမိသည်။ ဧည့်ခန်းထဲမှာ ရောက်နေသည့် ဧည့်သည်က ဖြိုးပြည့်ပြည့်ဖော်။ မင်းသမီးရှုံးအောင် ဝတ်စားဆင်ယင်ပြီး မေမေနှင့် စကားထိုင်ပြောနေသည်။ ဧည့်ခန်းထဲမှာလည်း ထိုင်ခုံတွေ ရှိနေသည်ကို…။

"သားရေ…လာပါဦး။ ဒီမှာ ဖြိုးရောက်နေတယ်"

"ဟုတ်…ဟုတ်ကဲ့။ လာခဲ့မယ် မေမေ။ ကေရီ့ဆီ ဖုန်းပြန်ဆက်လိုက်ဦးမယ်"

ဖုန်းရှိရာလျှောက်သွားပြီး ကေရီ့ဆီ ဖုန်းနှိပ်လိုက်သည်။

"ဟဲလို…ကေရီလား"

"ဟုတ်ကဲ့…ဆရာလား"

"အင်း…ခုနက ဖုန်းဆက်တယ်ဆိုလို့"

"ဟုတ်တယ်။အရေးကြီးတဲ့နေ့ကျမှ ဆရာက နောက်ကျတာကိုး"

"ဟင်…အရေးကြီးတဲ့နေ့။ ဟုတ်လား…"

"ဟုတ်တယ်လေ…။ ဒီနေ့ အရေးကြီးတဲ့ လူတွေချည်းလာမှာ"

"ခြော်…လူလူချင်း အတူတူကြီးပါပဲကွာ"

"မဟုတ်ဘူးလေ ဆရာရဲ့။ ဒီနေ့လာမယ့်လူတွေကိုယ်တိုင်ကကို အလုပ်အရမ်းများကြတယ်။ အချိန်မပေးနိုင်ဘူး။ ဆရာ့ဆီကိုမို့သာ ကြား လူလည်း မလွှတ်ချင်လို့ သူတို့ကိုယ်တိုင် ဘွတ်ကင်အတိအကျ ကြိုလုပ်ပြီး အချိန်လုထွက်လာကြမှာ။ ဆရာ့ဘက်ကလည်း အချိန်တိကျရမယ်လေ"

"ဟာ…ဒါဆို ဆရာမလာလို့ မဖြစ်ဘူးပေါ့"

"မဖြစ်ဘူးလေ။ နေပါဦး…။ ဆရာက ဘာဖြစ်လို့ မလာရမှာလဲ"

"အင်း…ဆရာ့မှာလည်း ကိုယ့်ဒုက္ခနဲ့ကိုယ်ရယ်…"

ကိုယ့်လက်အိတ်ခြေအိတ်တွေကို ငုံ့ကြည့်ရင်း ဖြေမိခြင်းဖြစ်သည်။

"ဆရာက ဘာဖြစ်နေလို့လဲ"

"ပျောက်နေလို့"

"ဘာပျောက်နေလို့လဲ"

ဘယ်လို ပြန်ဖြေရမှန်း မသိ။ ထို့ကြောင့်…

"ထားပါတော့ကွယ်။ လာမှဖြစ်မယ်ဆိုရင်လည်း လာခဲ့ပါ့မယ်"

"ဒါဆိုလည်း အမြန်ဆုံးလာခဲ့နော် ဆရာ"

"အေးပါကွာ။ အမြန်ဆုံး လာခဲ့ပါ့မယ်"

ဖုန်းချပြီး စိတ်မကြည်သာစွာ ညှော်ခန်းထဲဝင်ခဲ့ရသည်။ မေမေက…

"လာ…သား။ဖြိုးနဲ့ စကားပြောလိုက်ဦး။ မေမေ မီးဖိုချောင်ထဲမှာ ဆီအိုးကြီးတန်းလန်းနဲ့…"

ဘာမှလည်း မဆိုင်။ ဆီအိုးကြီးတန်းလန်းဆိုသောကိစ္စက မေမေ့ အလုပ်မဟုတ်။ ဒေါ်စိန့်အလုပ် ဖြစ်သည်။ မေမေ သက်သက်မဲ့ ရှောင် ထွက်သွားခြင်း ဖြစ်သည်။

ဖြိုးပြည့်ပြည့်ဇော်၏ မိဘများက ဖေဖေမေမေတို့နှင့် ရင်းနှီးသည်။

တစ်ချိန်တစ်ခါက ရပ်ဆွေရပ်မျိုးတွေ ဖြစ်ခဲ့သည်ဟု ဆိုသည်။ နေရင်းထိုင်ရင်း သူနှင့် ဖြိုးပြည့်ပြည့်ဇော်ကို နီးစပ်စေချင်ကြသည်။ ကိုယ်ကြိုက်လျှင် ကိုယ်ယူလိုက်ပေါ့။ ခုတော့...ထိုသို့လည်းမဟုတ်။ သူ့ဆီ အတင်းထိုးထည့်နေသည်။

ဖြိုးပြည့်ပြည့်ဇော်ကလည်း ဘာမှန်းမသိ။ (မိန်းမမှန်းတော့ သိသည်) သူ့ဘာသာ ရည်းစားတွေ ဘာတွေ မရှိဘူးလား။ ဟွန်း... ဒီအရွယ်ကြီးပဲ ရောက်နေပြီ။ သူ့ဆီပဲ တဝဲဝဲနှင့်...။ ဘယ်သူနှင့် ကွဲလာတာမှန်းလည်း မသိ။

သူကလည်း သူ။ သိပ္ပံတွေ့ရှိချက်များအရ မိန်းမတစ်ယောက်သည် တစ်နေ့လျှင် ရှစ်ကြိမ်မှ ဆယ့်နှစ်ကြိမ်အထိ လေလည်တတ်သည်ဟု သိပြီကတည်းက ဖြိုးပြည့်ပြည့်ဇော်ကို ကြည့်မရ။ သူမ၏ အူမကြီးမှ အပိုလေများကို ထုတ်လွှတ်ခြင်းသည် သူ၏ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေသည်ဟု ထင်မြင်မိသည်။

''ကိုခေတ် ဒီနေ့ အိပ်ရာထ နောက်ကျတယ်ဆို...''

''အင်း...။ ညက ညည့်နက်သွားတယ်''

''ဘာတွေ လုပ်နေလို့လဲ''

''ဒီလိုပါပဲ''

''ဒီလိုပါပဲဆိုတာ ဘယ်လိုလဲ''

''ဩော်...။ အလုပ်တွေပေါ့လေ''

''ကိုခေတ်က အောင်မြင်နေပြီပဲ။ နာမည်နဲ့အရည်အချင်းကိုတော့ ထိန်းရမှာပေါ့။ဒါပေမယ့် ကိုယ့်ကိုလည်း ညှာမှပေါ့။အထိအခိုက် မခံနဲ့နော်''

သူ ဘာမှ ပြန်မပြောမိ။ အရေးထဲမှာ ထိရောင်းသည့်လှည်းကြီးက အိမ်ရှေ့ရောက်လာပြီး ဟိုအော်သည်အော် အော်နေသည်။ စိတ်ရှုပ်စရာ...။

''တက်နေအဝင့်မှာ၊ ကျက်သရေမြင့်စွာနဲ့၊ ရွက်လေဖွင့်ကာ၊ ကျွန်တော် ရောက်ရှိလို့ လာပါပြီ။ ထီလောကက အပီဩြာချရပါတဲ့ ကျွန်တော်များရဲ့ ထီဆိုင်က လူကြီးမင်းတို့ရဲ့ အိမ်ဂေဟာ တကြောမှာ

စိန်ရွှေမဟာပေါဖို့အတွက် မင်္ဂလာအမှုကို အစဉ်အလာတစ်ခုအနေနဲ့ ပြုမူလိုက်ပါပြီ''

ထိသည့်ကြီး၏အသံက (မိုက်၊ စောင်းဘောက်နှင့် ပြောခြင်းဖြစ်၍) အိမ်ထဲမှာပင် ဟိန်းနေသည်။ ဖြိုးပြည့်ပြည့်ဇော်က ထိုအသံကိုကျော်အောင် သူ့ထံ မနည်းအော်ပြောရသည်။

''ကိုခေတ် အပြင်သွားမလို့လား''

''ဟုတ်တယ်...ဟုတ်တယ်။ အခု သွားတော့မှာ...''

ဝမ်းသာအားရ သူ ပြန်ဖြေလိုက်မိသည်။

''ဘာသွားလုပ်မှာလဲ''

ထိသည့်၏ အသံကြီးက ဝင်လာသည်။

''တနင်္ဂနွေသားတွေက အပျင်းပြေကစားတာ မဟုတ်ဘူးခင်ဗျ''

သူက ထောက်ခံလိုက်သည်။

''ဟုတ်တယ်။ သူပြောသလိုပဲ အပျင်းပြေ သွားကစားတာတော့ ဘယ်ဟုတ်မလဲ''

ဖြိုးပြည့်ပြည့်ဇော်က သူနှင့်အတူ လိုက်ထွက်ချင်ပုံ ရသည်။

''ဘယ်ဝင်ဦးမှာလဲ''

''တနင်္လာသားတွေကတော့...အဟာင်း...။ တစ်ခါသွားရုံနဲ့ ရောက် မယ့်ခရီးပါ ခင်ဗျာ''

''ဟုတ်တယ်။ တန်းသွားရမှာ...''

''ကိုခေတ်စိတ်ထဲမှာ အလုပ်ပဲရှိတယ်။ ဖြိုးကို အလုပ်လောက် တောင် ဂရုမစိုက်ဘူးလား''

''ဒီအပတ်မှာတော့ အင်္ဂါသားက အကြင်နာ မထားဘူးခင်ဗျ''

''အလုပ်က အရေးကြီးနေတယ်''

''ဘာများ ထူးမှာမို့လို့လဲ''

''ဗုဒ္ဓဟူးကတော့ အဟုတ်ထူးလှပေါ့ဗျာ''

''ထူးတယ်''

''ဒါဆို ဖြိုးက ဒီကို ဘာကိစ္စလာတာလဲ မသိဘူး။ လာရတဲ့သူကို

အားမနာဘူးလား''

''ရောင်းတော့ ရောင်းချင်တာပေါ့ခင်ဗျာ။ ဒါပေမဲ့ နက္ခတ်ဗြိုလ် ခွင်သဘောအရဆိုရင်တော့...။အဟမ်း...အဟမ်း...။ကြာသပတေးက မလာတာ အေးသဗျ''

အားနာသဖြင့် သူ ဘာမှပြန်မပြောလိုက်ချေ။ ဖြိုးပြည့်ပြည့်ဇော်က မကျေမချမ်းဖြင့်...

''ဒါဆို...။ ဖြိုးက ဘယ်နေ့လာရမလဲ''

''ထပ်ပြောရရင် သောကြာကတော့ ရောက်မလာရင် အကောင်းဆုံးပေါ့ဗျာ''

သူ ရယ်ချင်လာမိသည်။ ဖြိုးပြည့်ပြည့်ဇော်က ဝမ်းနည်းသံဖြင့် ထပ်ပြောသည်။

''ကိုခေတ်က ဖြိုးကို မညှာဘူး''

''စနေကတော့ 'သေဟ'လို့ ပြောရမယ့် အပတ်ပါပဲ ခင်ဗျာ''

သူလည်း ဘာမှမပြောရပါဘဲ ဖြိုးပြည့်ပြည့်ဇော်က ထိုင်ရာမှ ဝုန်းခနဲ ထရပ်၏။ သူ့ကို စေ့စေ့ကြည့်ကာ...

''အခုမှ ကိုးနာရီကျော်ရုံလေး ရှိသေးတယ်။ ကဲ...ကိုခေတ် အခုသွားပြီထား၊ ဘယ်တော့ ပြန်ရောက်မှာလဲ''

''သာယာမှုအတွက် သာသနာပြုချင်တယ် ဆိုရင်တော့ အကျိုးက တဝုန်းဝုန်းပေးမယ့် ကိုးအစ ကိုးအဆုံးလေးပါပဲ''

ထိသည်၏ အသံအဆုံးမှာ ဖြိုးပြည့်ပြည့်ဇော်က ခါးထောက်ရပ်လျက်...

''ဘာလဲ...။ ညကိုးနာရီမှ ပြန်ရောက်မှာလား''

''အင်း...ဟုတ်တယ်။ အဲဒီလောက်မှ ပြန်ရောက်မှာ''

''ကောင်းပြီလေ။ ပြီးရော...။ ဒါဖြင့် မနက်ဖြန်မှပဲ လာတော့မယ်''

''လက်ကျန်ကလေးပါပဲ ခင်ဗျာ။ မနက်ဖြန် မတွေးပါနဲ့တော့ ခင်ဗျ၊ မနက်ဖြန်ဆိုတာကို မတွေးပါနဲ့တော့''

ကိုယ်လည်း ဘာမှပြောရသည် မဟုတ်။ ဖြိုးပြည့်ပြည့်ဇော်က သူမ၏ လက်ဆွဲအိတ်နုနုလေးကို ခပ်ကြမ်းကြမ်းဆွဲယူကာ သူ့ကိုပင် နှုတ်မဆက်တော့ဘဲ ခြေဆောင့်ပြီး ပြန်ထွက်သွားလေသည်။

ခြံထဲမှထွက်တော့ ထိသည်နှင့် တန်းတိုးသည်။ ထိသည်က…

''အစ်မ ထိထိုးသွားပါဦးလား''

''ဖြစ်နိုင်ရင် နင့်ကိုပဲ လက်သီးနဲ့ထိုးချင်တယ်''

''ဗျာ…''

''မဗျာနဲ့။ ကဲဟယ်…''

''ခွပ်''

''အား…''

မေမေထွက်လာသောအချိန်မှာ ဖြိုးပြည့်ပြည့်ဇော်က ခြံရှေ့မှာပင် မရှိတော့ပါ။ ထို့အတူ ထိလှည်းလည်း မရှိတော့ပါ။ အချိန်က မကြာလှ။ လျှက်တပြက်မျှသော အချိန်လေးအတွင်းမှာ ထိုကိစ္စများ အမှန်တကယ် ဖြစ်ပွားခဲ့ပါသည်။

''ဟဲ့…သား။ ဖြိုးရော…''

''ပြန်သွားပြီ မေမေ''

''ဟင်…။ ဘယ်လိုဖြစ်တာလဲ''

''ဘယ်လိုမှ မဖြစ်ပါဘူး။ သား အပြင်သွားစရာရှိတယ်ဆိုလို့ သူ ပြန်သွားတာ…''

''မဟုတ်တာ…။ မေမေ့ကိုတောင် နှုတ်ဆက်မသွားဘူး''

''ထိသည်ကို ဆွဲထိုးပြီး ထွက်သွားတာ မေမေ''

''အာ…။ သားကလည်း ဘာတွေလျှောက်ပြောနေမှန်း မသိဘူး''

''မေမေ မယုံရင်လည်း သူ့ဟန်းဒ်ဖုန်းကိုသာ ဆက်ပြီး မေးကြည့် ပေတော့။ သားက အချိန်မရဘူး။ အလုပ်သွားဖို့ ပြင်ရတော့မယ်''

ကမန်းကတန်း ရေမိုးချိုးပြီး အဝတ်အစားလဲရသည်။ ခြေအိတ်နှင့် လိုက်ဖက်မည့် ဖိနပ်ကို စီးရမည်။

''ဟင်…။ ခင်ဗျားက ဘယ်တုန်းက ရောက်နေတာလဲ''

"မင်းလည်း ဝင်သွားရော ငါလည်း ရောက်လာတာပဲ"

"အင်း...အင်း...။ ပြန်တော့လေ"

"ဘာကွ"

"ကျွန်တော်က အခု ရုံးသွားတော့မလို့"

"ငါ သိသားပဲ။ ကေရီက လွှတ်ခေါ်ခိုင်းလို့ မင်းကို ငါ လာခေါ်တာ။ မင်း လာမယ်ဆိုပြီး မလာသေးဘဲ နောက်ကျနေလို့တဲ့"

"ကဲ...ဒါဖြင့်လည်း လာ...။ အတူသွားကြမယ်"

ကားကို ခပ်မြန်မြန်မောင်းပြီး ရုံးဆီ ထွက်ခဲ့ကြသည်။

"မင်းက ဘာကိစ္စ လက်အိတ်စွပ်ထားတာလဲ"

"ဆေးစပ်စရာလေးတွေ ရှိနေလို့ပါ။ ညကတည်းက စပ်နေရတာ။ အဲဒါကြောင့်..."

"အခု ချွတ်ထားပါလားကွာ...။ အိုက်က အိုက်နဲ့"

သူ ဘာမှ ပြန်မပြောဘဲ ကားကိုသာ အာရုံစိုက် မောင်းနေလိုက်သည်။

"လူလူ...။ ငါ မင်းတို့အိမ်လာတော့ မင်းတို့ခြံထဲက ကောင်မလေး တစ်ယောက် ထွက်လာတာ တွေ့တယ်။ ထီသည်ကိုတောင် ဆွဲထိုးသွားသေးတယ်"

"အင်း...။ ဟုတ်တယ်"

"လှတယ်နော်...မဆိုးဘူး။ အဲဒီကောင်မလေးက ဘယ်သူလဲ"

"ဘာလုပ်မလို့လဲ"

"ဩော်...သိချင်လို့ပေါ့ကွာ။ မင်းကလဲ...။ ဟဲ...ဟဲ..."

"ခင်ဗျားမလဲ...ဒါတွေနဲ့ပဲ သေမှာပဲ"

"ပြောစမ်းပါကွ။ မင်းကလည်း..."

"မပြောဘူးဗျာ"

ကိုကျော်ဌေးက နံဘေးမှ တဂျီဂျီ လုပ်လေတော့သည်။ နားညည်း မခံနိုင်တော့သည့်အဆုံး...

"ကဲ...ကဲ...။ ကြားချင်ရင် နားဆင်ချည်"

"ဒီလိုလုပ်စမ်းပါကွ"

"ကျားရယ်ဗျာ"

"အင်း..."

"ခြင်ရယ်ဗျာ"

"အင်း..."

"ပြီးတော့ ယင်ရယ်၊ နွားရယ်၊ ဆင်ရယ်"

"ဘာလဲ"

"နောက်ဆုံး...ဂျီရယ်"

"ဘာလဲ...။ အဲဒါတွေက ဘာတွေလဲ"

"အဲဒါတွေက အဲဒါတွေပေါ့"

"မင်းကို ငါ ဟိုကောင်မလေးအကြောင်း မေးနေတာ"

"မပြောပါဘူးဆို"

"မင်းပဲ ကြားချင်ရင် နားဆင်ချည်ဆို"

"မဟုတ်ပါဘူး။ ကျားခြင်ယင် နွားဆင်ဂျီလို့ ပြောတာ"

ကိုကျော်ငွေးက ပျစ်ပျစ်နှစ်နှစ် ဆဲလေသည်။

●●●

[၁၂]

ကိုကျော်ဒွေးနှင့် တစ်ယောက်တစ်ပေါက် အော်ဟစ်ရင်း ရုံးခန်းဆီ ရောက်သွားသည်။ သူ့ကို စောင့်ဆိုင်းနေသော ဧည့်သည်တချို့ကို ရုံးခန်း ရှေ့ ထိုင်ခုံများတွင် တွေ့ရ၏။ အားလုံးကို သိမ်းကြုံး ပြုံးပြရင်း အခန်းထဲ ဝင်သွားတော့ မိုးဧကရီက ဖိုင်တွဲတချို့ စီထပ်နေတာနှင့် တန်းတိုးသည်။

"ဟင်…ဆရာက လက်အိတ်ကြီး စွပ်လို့ပါလား"

လာပြန်ပြီတစ်ယောက်…။ ဧည့်ထောက်ခံပြီး ဖြေမနေနိုင်တော့ပါ။

"သွား…သွား…။ ဧည့်သည်တွေကို အလှည့်ကျလွှတ်လိုက်"

ခေါင်းကလေးပု၊ လျှာကလေးတစ်လစ်ထုတ်ပြပြီး မိုးဧကရီ ထွက် သွားသည်။

ဧည့်သည်တစ်ယောက် စတင်ဝင်ရောက်လာသည်။ သူ့ထက် အသက်အနည်းငယ်သာကြီးမည့် အမျိုးသားတစ်ယောက်။ ခန့်ညားသေသပ်မွန် စွာ ဝတ်ဆင်ထားသည်။

"ကျွန်တော့်သားလေးအတွက် တိုင်ပင်ချင်လို့ပါ ဆရာ"

"ဟုတ်ကဲ့ ပြောပါဦး"

"ကျွန်တော့်သားလေးက အတော် ပျော့ညံ့ပါတယ်။ ကလေးချင်း

ကိုဖြစ်ဖြစ်၊ တခြား ဘာကိုဖြစ်ဖြစ် ကြောက်တတ်လွန်းအားကြီးပါတယ်။ သူရဲဘောကြောင်သူတစ်ယောက်အဖြစ် ကြီးပြင်းလာမှာကို ကျွန်တော် စိုးရိမ်မိပါတယ်။ ဆရာတို့ပညာအရ ပြုပြင်ပေးလို့ရရင် ပြုပြင်ပေးပါဦး ဆရာ''

''ကလေးက အသက်ဘယ်လောက်ရှိပြီလဲ''

''ကိုးနှစ်ပါ''

သူ့အတွက် စဉ်းစားစရာတွေ ဖြစ်လာ၏။ တွေးတွေးဆဆဖြင့် ဆိုဖြစ်သည်။

''အမှန်တော့ ကလေးတစ်ယောက်ကို အသက်(၁၃)နှစ် မတိုင်မီမှာ အဆုံးအဖြတ် မပေးသင့်သေးဘူး။ (၁၃)နှစ်ကျော်တဲ့အထိ ဒီအတိုင်း ဆက်ဖြစ်နေရင်တော့ တစ်မျိုးပေါ့''

''ဒါပေမဲ့ ဆရာရယ်...။ သူ့ရဲ့ ကြောက်တတ်မှုက (၁၃)နှစ်မပြည့်မီ ကြားထဲမှာတင် အန္တရာယ်တစ်ခုခုကြုံစရာ ဖြစ်လာမှာ စိုးလို့ပါ။ အကာအကွယ် အရန်အတားလည်း လုပ်ပေးစေလိုပါတယ်''

''လုပ်ပေးတာက ရပါတယ်။ ဒါပေမဲ့ နည်းနည်း လက်ပေါက်ကပ်မယ်နော်''

''ပြောသာပြောပါ ဆရာ။ ကျွန်တော် လုပ်ပါ့မယ်''

''ကလေးရဲ့ မွေ့ယာ၊ ခြင်ထောင်၊ ခေါင်းအုံး၊ လွယ်အိတ်... စတာတွေပေါ့လေ...။ ကလေးနဲ့ပတ်သက်သမျှ အသုံးအဆောင်ပစ္စည်းတွေကို အတတ်နိုင်ဆုံး ကြက်သွေးရောင် သုံးပေးရမယ်။ အဓိကတော့ သူ့ကို ကြက်သွေးရောင်က လွှမ်းမိုးထားစေရမယ်။ သူ့စိတ်အာရုံရဲ့ တုန်လှိုင်းတွေကို အဲဒီကြက်သွေးရောင်က ပြောင်းလဲစေလိမ့်မယ်။ သူ ရဲဝံ့လာလိမ့်မယ်။ ယှဉ်ပြိုင်ရဲတဲ့သတ္တိ ရှိလာလိမ့်မယ်။ တဖြည်းဖြည်းနဲ့ ပြောင်းလဲထူးခြား လာပါလိမ့်မယ်''

''ဩော်...ဟုတ်ကဲ့ဆရာ''

''သူကြည့်တဲ့ မှန်တို့ သူ့ရဲ့ဓာတ်ပုံတို့ကိုလည်း ကြက်သွေးရောင် ဘောင်ကွပ်ပေး...''

"ဟုတ်ကဲ့"

"တခြားလည်း ဉာဏ်ရှိသလို အသုံးချလေ…။ ကြက်သွေးရောင် မရလွန်းတဲ့အခါကျရင် အနီရောင်ကို အစားထိုး အသုံးပြုနိုင်တယ်"

"ဟုတ်ကဲ့"

ခဏကြာ ဆက်လက်ဆွေးနွေးပြီးနောက်…

"ကျေးဇူးပဲ ဆရာ။ ဆရာ့ကို ကျွန်တော် ဉာဏ်ပူဇော်ခ ဘယ်လို ပေးရမလဲ"

"မပေးပါနဲ့။ ဒါ လူမှုရေးကိစ္စပဲ။ ဒါလေးပြောပြရတာ ကျွန်တော့် အတွက်လည်း အပန်းမကြီးပါဘူး"

ထိုညသည် ထွက်သွားပြီး နောက်ထပ် ဝင်လာသူက ရှက်ကိုးရှက် ကန်း မျက်နှာအမူအရာ ရှိသည်။

"ဆရာ…။ ကျွန်တော့် ဒုက္ခတစ်ခုအတွက် တိုင်ပင်ချင်လို့ပါ"

"ဟုတ်ကဲ့ ပြောပါ…။ ပွင့်ပွင့်လင်းလင်းသာ ပြောပါ"

"ဒီလို…ဆရာရဲ့"

ပြောခါနီးမှ စကား အစရ ခက်သလို ဖြစ်နေပြန်သည်။ သူက စကားထောက်ပေးလိုက်သည်။

"ပြောပါ…။ ကျွန်တော် နားထောင်နေပါတယ်"

"ဟိုလေ…စိတ်လှုပ်ရှားစရာတစ်ခုခုနဲ့ တွေ့ကြုံတဲ့အခါတိုင်းမှာပေါ့ ဆရာရယ်…"

"ဟုတ်ကဲ့"

"ကျွန်တော်က ဝမ်းလျှောတတ်တယ်"

"ဩော်…။ ဒါကတော့ တချို့လူတွေ ဖြစ်တတ်ကြပါတယ်"

"မဟုတ်ဘူး ဆရာရဲ့။ ကျွန်တော်က ချက်ချင်းဖြစ်တာ။သူများ တကာတွေလို အချိန်မရဘူး။ လမ်းမလယ်ခေါင်မှာဖြစ်ဖြစ်၊ အစည်း အဝေးခန်းမမှာဖြစ်ဖြစ်၊ သူများညေ့်ခန်းမှာဖြစ်ဖြစ် ချက်ချင်းကို ဝမ်းက လျှောတာ။ အရမ်းဆိုးတယ်။ ရှက်စရာ၊ စိတ်ပျက်စရာ အရမ်းကောင်း တယ်။ အလုပ်သမားတွေကို စီမံခန့်ခွဲချိန်မှာဖြစ်ရင် ပိုဆိုးရော…"

"အင်း...အင်း...။ ကျွန်တော် သဘောပေါက်ပြီ"

"အဲဒါ...ကျွန်တော် ဆရာဝန်စုံအောင်လည်း ပြပြီးပြီ။ မသက်သာ ဘူး။ ဆရာ့ပညာနဲ့များ ကျွန်တော့်ကို ကူညီနိုင်မလား ဆရာ။ ကူညီနိုင်ရင် လုပ်ပါဦး"

သူ ရယ်လည်း ရယ်ချင်မိသည်။ ထိုလူ့ဒုက္ခ သူ့ဒုက္ခနှင့် မတိမ်း မယိမ်း ဆိုးရွားနေသည်။ ထို့ကြောင့်...

"ဒီလိုလုပ်ဗျာ..."

"ဟုတ်ကဲ့"

"ခင်ဗျားရဲ့ခါးမှာ အနီရောင်ဖြစ်ဖြစ်၊ အဝါရောင်ဖြစ်ဖြစ် ကြိုးတစ်စ ကို စည်းထား..."

"ဟုတ်ကဲ့"

"ကျွန်တော့်ပညာအရ လုပ်ရမှာကတော့ အဲဒါပဲ။ ဒါပေမဲ့ ခင်ဗျား ပြဿနာက စိတ်နဲ့လည်း ဆိုင်တယ်။ စိတ်ကို ထိန်းချုပ်နိုင်အောင် ကြိုးစားပါ။ သမထလေး ဘာလေးလည်း ထိုင်ပေါ့"

"ဟုတ်ကဲ့။ ဘယ်လိုထိုင်ရမှာလဲ ဆရာ"

ထိုလူ ထိုင်ရမည့် သမထကျင့်စဉ်ပုံစံ အမျိုးအစားကိုပါ သူ ရှင်းပြနေရသေးသည်။ ထိုလူ့ကိုလည်း သူ ငွေမယူလိုက်ပါ။ နောက်ထပ် ဝင်လာသည်က တရုတ်ကြီးတစ်ယောက်...။

"ကျွန်တော်က ကလေးကစားစရာတွေ ထုတ်လုပ်ပါတယ်။ အရောင် ရွေးပေးစေချင်လို့"

"အရုပ်လား"

"ဟုတ်ပါတယ်"

ဒါမျိုးဆိုလျှင်တော့ စီးပွားရေးလုပ်ငန်းရှင် ဖြစ်၏။ သူ ဉာဏ်ပူဇော်ခ ကောင်းကောင်းယူရလိမ့်မည်။

"ဘယ်အရွယ်တွေအတွက် ဦးတည်ထုတ်မှာလဲ၊ ဘာအရုပ်မျိုးလဲ ဆိုတာ ပြောပါဦး"

"ဒီလိုပါ ဆရာ"

စီးပွားရေးသမား တရုတ်ကြီးက စီးပွားရေးသမား ပီသသည်။ သူ့လုပ်ငန်းကို စေ့စေ့စပ်စပ် ရှင်းပြပြီး သူလိုချင်သော အချက်များကိုလည်း နှိုက်နှိုက်ချွတ်ချွတ် မေးသည်။ ပြန်လှန်ဆွေးနွေးတတ်သူ ဖြစ်၍လည်း သူ့အနေနှင့် အချိန်ပေး စကားပြောရလေသည်။

ထိုသို့ ဧည့်သည်တစ်ယောက်ပြီးတစ်ယောက် တွေ့ဆုံအပြီး ရုံးခန်း ပိတ်ချိန် ရောက်လာသည်။ အမောပန်းပြေရန် ကြံရုံရှိသေး ထူးဆန်းသော ဆူညံဆူညံအသံများကို ကြားရသည်။

''ဟ…ဘာဖြစ်တာလဲဟ''

ဘုန်းတော်ကြီးတစ်ပါး ဖြစ်နေသည်။ သူပင် ထိုင်ရမလို ထရမလို ဖြစ်သွားသည်။ တအံ့တဩနှင့် နားလည်ရလည်း ခက်သွား၏။ ဘုန်းတော်ကြီးကို မည်သို့ပင် နေရာပေးရမည်လည်း မသိ။

ဤနေရာတွင်တော့ မိုးကေရီက တော်သည်။ သေသေသပ်သပ် ပင် ဘုန်းတော်ကြီးနှင့် ဒကာအုပ်စုကို နေရာပေး၏။ ပြီး… သူမကပဲ ဦးဆောင် မေးမြန်းပေးသည်။

''ဦးပဉ္စင်း ဘယ်က ကြွလာတာပါလဲ ဘုရား''

''ကျုပ် မရမ်းကုန်းက ကြွလာတာပါ။ ဒကာကြီးခေတ်လူ… အဲလေ…ဆရာခေတ်လူနဲ့ တွေ့ချင်လို့ပေါ့''

သူက စူးစူးစမ်းစမ်း မေးမြန်းလိုက်သည်။ ခေတ်လူဆိုတာ ကိုယ် ဖြစ်နေသည်ကိုး…။

''တပည့်တော်ပါပဲ ဘုရား။ ဘာကိစ္စများ ရှိလို့ပါလဲ''

''ဩော်…ငယ်ငယ်ပဲ ရှိသေးတာကိုး။ ကျုပ် ဒကာလေးကို မေးချင် တာလေး ရှိလို့''

''မေးပါဘုရား။ တပည့်တော်သိတာဆို ပြောပြပါ့မယ်''

''ကျုပ်ကျောင်းမှာ ကမ္မဋ္ဌာန်းရှုမှတ်တဲ့ ခန်းမဆောင်တစ်ခု ဆောက် လိုက်တယ်''

''တင်ပါ့''

''အဲဒါပေါ့လေ…။ တရားထိုင်တဲ့ ယောဂီတွေ စိတ်တည်ငြိမ်

အေးချမ်းမှုကို အထောက်အကူပြုမယ့် အရောင်အချယ်အသလေးတွေ သုတ်ချင်တယ်။ ဒကာလေးက ရွေးပေးဖို့ပါပဲ''

''ဩော်...ရပါတယ်။ ဦးပဥ္စင်းရဲ့ တရားမှတ်နည်းလေးကို နည်းနည်းပြောပြပါ''

''ကျုပ်က လယ်တီနည်းကို သုံးတယ်''

''ဩော်...တင်ပါ့။ ဒါ...လွယ်ပါတယ် ဘုရား။ ဒီလိုလုပ်ပါ...''

ဘာသာရေးကိစ္စဆိုတော့လည်း ကျေကျေလည်လည် ဆွေးနွေးအကြံပေးရပြန်သည်။ ဘုန်းတော်ကြီးက နိုင်ငံခြားပြန်၊ ခေတ်ပညာတတ် ဘုန်းတော်ကြီးဖြစ်၍ တစ်ထွာပြလျှင် တစ်လံမြင်သည်။ စကားပြောရတာလည်း ကောင်းသည်။ အတော်ကလေး စေ့စေ့စုံစုံ ဆွေးနွေး အကြံပေးပြီးနောက်...

''ကောင်းတယ်...ကောင်းတယ်...။ ဒကာလေးနဲ့ ခုလို လာဆွေးနွေးလိုက်ရတာ ကောင်းတယ်။ ကဲ...ကျုပ်က ဉာဏ်ပူဇော်ခ ဘယ်လောက်ပေးရမလဲ''

''ဟာ...မဟုတ်တာ။ မယူပါဘူး ဦးပဥ္စင်း။ တပည့်တော် ပညာဒါန ပြုတယ်လို့ပဲ သဘောထားပါ''

''အင်း...ကောင်းပြီလေ။ သာဓု သာဓု သာဓု။ ကဲ...ဒါဖြင့်လည်း ကျုပ် ပြန်ကြွလိုက်ဦးမယ်''

''ကောင်းပါပြီ ဘုရား''

ရုံးခန်းဝမှ ရပ်ကြည့်အကဲခတ်နေသော ကိုကျော်ဌေးက အသံပြဲကြီးနှင့် လှမ်းအော်သည်။

''ဟိုကောင် လူလူ။ ဦးပဥ္စင်းကို ဦးချဦးလေကွာ''

''ဩော်...အင်း...။ ဟုတ်ပါရဲ့''

ထိုအခါကျမှ သူလည်း သတိရသည်။

ဘုန်းတော်ကြီးရှေ့မှာ ကျုံ့ကျုံ့ဆင်းထိုင်ပြီး ဦးချမည်အပြု ကိုကျော်ဌေး၏ အသံပြဲကြီးက ဒုတိယပိုင်းအဖြစ် ဆက်လက်ထွက်ပေါ်သည်။

''ဟော့ကောင်...လက်အိတ်ချွတ်လေကွာ''

မြတ်စွာဘုရား...။ ဘုန်းတော်ကြီးရှေ့မှာ ဘုရားတစ်တ် ဖြစ်မိတာ သူ လွန်မည်မထင်ပါ။ သို့သော် သူ့မှာ မျက်လုံးပြူး၊ မျက်ဆံပြူး ဖြစ်သွားတာကတော့ သေချာလိမ့်မည်။ သူ့မှာက...ဟို...ဟို...လက်ညှိုး။

မိုးကေရီကလည်း ဝင်ရောက်ဖြည့်စွက်ပြန်သည်။

''ဟုတ်သားပဲ။ ခြေစွပ်လည်း ချွတ်ရမယ်''

လုပ်ပြန်ပြီ။ လုပ်ပြန်ပြီ။ သူ့ခြေဖဝါးမှာဖြင့်...

မည်သို့မှပင် တုံ့ပြန်ချိန်မရလိုက်...။ မိုးကေရီက သူ့လက်အိတ်ကို ဖျိုးဖျိုးဖျတ်ဖျတ် ဆွဲချွတ်လိုက်သည်။ သူ့ခေါင်းထဲမှာ ပြာခနဲ၊ မိုက်ခနဲ ဖြစ်သွား၏။ သို့သော်...

တော်ပါသေးသည်...။

ပျောက်ဆုံးနေသော သူ့လက်ညှိုးက ပြန်ရှိနေသည်။ ဘယ်လို ဖြစ်တာလဲ မစဉ်းစားအား...။ ခြေစွပ်ကို တွန့်ဆုတ်ဆုတ်နှင့် ဆွဲချွတ် လိုက်သည်။ ခြေဖဝါးအပြားလိုက်လည်း ရှိနေပြန်သည်။ မင်္ဂလာရှိသော ဖနောင့်ကလေးနှင့်...။ ထိုအခါကျမှပဲ ရင်ထဲက လေးထောင့်လုံးကြီးက လုံးသွားပြီး ထိုအလုံးကြီးက ဘယ်ကိုမှန်းမသိဘဲ ချက်ချင်းလျှောကျသွား သည်။ ခေါင်းငုံ့ပြီး သက်ပြင်းပူကြီးကို မှုတ်ထုတ်လိုက်မိသည်။

ဘုန်းကြီးတို့အုပ်စု ပြန်သွားကြတော့မှ သူ ကုတ်ကုတ်ကလေး ဖြစ်နေသော ခန္ဓာကိုယ်ကို လွတ်လပ်အောင်မြင်စွာ ဆန့်ထုတ်လိုက်ရသည်။

''ဟော့ကောင်...လူလူ။ မင်းက ဘယ်လိုဖြစ်နေတာလဲ''

''ဘာဖြစ်လို့လဲ''

''မင်းပုံစံက ပျောက်နေတဲ့ အပေါင်လက်မှတ်ကို အချိန်မီ ပြန်တွေ့ လိုက်သလိုပဲ''

မိုးကေရီကလည်း အတော်ပင် နှုတ်ခမ်းထက်နေသည်။

''အင်းလေ...။ ဆရာ့မျက်နှာကို ကြည့်ရတာ ထဘီဖောက်ထိုး ဝတ်လာမိတဲ့ ဘူးသီးကြော်သည် အဒေါ်ကြီးလိုပဲ။ မအီမလည်ကြီး''

သူတို့ဘာသာ ပြောချင်ရာပြောပေတော့...။ ကိုယ့်မှာက ကိုယ့်

ပြဿနာနှင့်ကိုယ်။

"ကိုကျော်ဋ္ဌေး…။ ခင်ဗျားအချိန်ရသေးလား"

"ဟေ…ဘာဖြစ်လို့လဲ"

"ရုံးပိတ်ပြီး ဘီယာသွားချရအောင်ဗျာ"

"ဟ…မင်းက ပြန်သောက်နေပြီလား"

"တစ်ခါတလေ စိတ်ပြေလက်ပျောက်ပေါ့ဗျာ"

"ကောင်းတာပေါ့ကွာ"

ထိုညက အိမ်ပြန်ရောက်ချိန် နောက်ကျသည်။ အိမ်ကျတော့ ထမင်းမစားနိုင်။ မေမေ ကျေနပ်အောင် တို့ကနန်းဆိတ်ကနန်း စားပြီး အလုပ်ခန်းထဲသို့ ရောက်ရပြန်သည်။

"သား…ညဥ့်နက်မခံနဲ့နော်"

ဟုတ်ကဲ့ပါ မေမေ…။ ဒီတစ်ည ခွင့်လွှတ်ပါလေဦး။

●●●

[၁၃]

ထို့နောက်...
ရက်အတော်ကြာသည်အထိ ထိုဆေးကို သူ သုတေသန လုပ်ခဲ့သည်။
နောက်တော့လည်း...၉၀% အဖြေပေါ်ခဲ့ပါသည်။
သို့သော်...

ထိုဆေးကို အရောင်မဲ့ဆေးဟု သတ်မှတ်ရမည်လား။
လူ့မျက်စေ့နှင့် မမြင်ရသော အရောင်...ဟု ပြောရမည်လားဆိုသည်ကိုပင် ဇဝေဇဝါဖြစ်၍ ပြန်စမ်းသပ်နေရသည်။
လူ့မျက်စေ့နှင့် မမြင်ရသောအရောင်ဆိုလျှင် အရောင်မဲ့သည်ဟု ပြော၍ မရတော့။

ထူးခြားတာကတော့ ထူးခြားသည်။ အလွန်ထူးခြားသည်။
ရုပ်ဒြပ်တစ်ခုခုကို ထိုဆေးနှင့် သုတ်လိမ်းလိုက်လျှင်...ထိုရုပ်ဒြပ်ကို လူ့မျက်စေ့နှင့် မမြင်ရတော့။
ဆိုရလျှင် ထိုအရာ ပျောက်ဆုံးသွားသည်။

ရှိတော့ရှိနေပြီး ပျောက်သွားသည်။
သို့သော်…
ထိုဆေးက ၁၂ နာရီပဲ ခံသည်။
သုတ်လိမ်းပြီးချိန်မှ ၁၂ နာရီကြာလျှင်…မြုန်းခနဲ အငွေ့ပျံ ပျောက်ဆုံး သွားသည်။
ထိုရုပ်ဒြပ်က ဘွားခနဲ ပြန်ပေါ်လာသည်…။

သူ… တစ်ခုခုလုပ်ချင်စိတ် ပေါ်လာသည်။
ထိုကြောင့် လုပ်မိသည်။
မည်သူ့ကိုမှ မကြေငြာသေးဘဲ သူ့ဘာသာ တိတ်တဆိတ် စမ်းခြင်း ဖြစ်သည်။

သူ…ကမ္ဘာကျော်တော့မည်လော…။
သို့မဟုတ်…

●●●

**[၁၄]**

ဤစမ်းသပ်ချက်များကို သူ အကောင်အထည်ဖော်ရသည်မှာ လွယ်ကူသောကိစ္စ မဟုတ်ချေ။ သူ့ကျွမ်းကျင်ထူးချွန်မှုက အဓိကဖြစ်သည်။ ထို့ပြင် အချိန်ကုန်သည်၊ ငွေကုန်သည်။ အကြီးအကျယ် အပင်ပန်းခံရသည်။ နေ့ဘက်မှာ ရုံးခန်းထိုင်၊ ကျန်ချိန်အနည်းငယ်မှာ လူမှုရေးလုပ်ငန်းလေးတွေ ဆောင်ရွက်။ ညဘက် အလုပ်ခန်းထဲတွင် သူ့မှာ အိပ်ချိန်၊ စားချိန်ကိုပင် မနည်းလုနေရသည်။

ထိုဆေးကို အသုံးပြုကာ ဟိုဟိုသည်သည် စမ်းသပ်မှုလေးတွေကိုလည်း ကိုယ့်အိမ်မှာကိုယ် တိတ်တဆိတ် လုပ်မိ၏။ အဆီအငေါ် မတည့်မှုများကို ကြုံရလေသည်။

တစ်ရက်...။

ရုံးမှ အိမ်သို့ သူ စောစောပြန်လာသည်။ ထိုသို့ လက်တည့်စမ်းရန် ရည်ရွယ်ချက်နှင့်ပဲ ဖြစ်၏။

"ဟယ်...သား။ ဒီနေ့ စောပါလား"

"ဟုတ်ကဲ့ မေမေ။ ရုံးခန်းပိတ်ပြီးပြီးချင်း အိမ်ကို တန်းပြန်လာတာ"

''သားရောက်လာတာနဲ့ အတော်ပဲ''

''ဘာဖြစ်လို့လဲ''

''ဒေါ်ခင်နှင်းဆီတို့အိမ်က ဘုရားတစ်ဆူ ပင့်ထားတယ်တဲ့ကွယ်။ တော်တော်တန်ခိုးပြတယ်ဆိုပဲ။ အဲဒါ...မေမေနဲ့ဒေါ်စိန်တို့ သွားဖူးချင်လို့''

ဒေါ်ခင်နှင်းဆီဆိုသည်က ဖြိုးပြည့်ပြည့်မောင်၏ မာတာမိခင် ကျေးဖူးရှင် ဖြစ်သည်။ ဘာပဲပြောပြော မေမေတို့အပြင်သွားမည်ဆိုသည်ကို သူ စိတ်ကြိုက်တွေ့သွားသည်။ အိမ်မှာ သူ လွတ်လွတ်လပ်လပ် လှုပ်ရှားလို့ ရပြီပေါ့။

''ရတယ်...မေမေ သွားလေ။ အိမ်စောင့်နတ် ရှိတာပဲ''

''မေမေတို့ မကြာပါဘူးကွယ်။ သားကလဲ...''

''ကြာလည်း ရပါတယ်။ အေးအေးဆေးဆေးသာ ဘုရာဖူးကြပါ။ ရောက်တုန်းပေါက်တုန်း စကားစမြည် ပြောစရာရှိတာလည်း ပြောကြပေါ့။ ရှေးဟောင်းနှောင်းဖြစ်တွေ...''

''အေး...အေး...။ မစိန်ရေ...အဝတ်အစားလဲပေတော့။ သွားကြမယ်''

မေမေတို့ ထွက်သွားကြသည်။ ရေမိုးချိုးရန် ပြင်ဆင်ရင်း စပ်ထားသော ဆေးဘူးအချို့ကို ထုတ်ကာ သူ လက်စွမ်းပြရတော့၏။ ပထမဆုံး ထမင်းစားခန်းထဲမှ ခုံတစ်လုံးကို ဆေးဖြင့်မှုတ်လိုက်သည်။ ကြည့်ရင်း တန်းလန်းပင် ထိုထိုင်ခုံက မျက်စေ့ရှေ့မှ ပျောက်သွား၏။

ထို့နောက်...၊ ထို့နောက်...

ကလေးတစ်ယောက်လို စိတ်ကြိုက်ဆော့ကစားပြီးမှ သူ ရေချိုးခန်းထဲ ဝင်ဖြစ်သွား၏။ ရေချိုးပြီး၍ အဝတ်အစားလဲပြီး အိမ်ရှေ့အထွက်...

''ကလင်...ကလင်...ကလင်...''

အိမ်ရှေ့မှ ဘဲလ်မြည်သံဖြစ်၏။ တံခါးဖွင့်လိုက်တော့...

''ဟင်...ဖေဖေ။ အစောကြီးပြန်လာပါလား''

ဖေဖေကလည်း သူ့ကိုကြည့်ပြီး အံ့အားသင့်သွားသည်။

''အေး...။ သားကလည်း အစောကြီးပြန်ရောက်နေပါလား''

"သား ဒီနေ့ အလုပ်ကလေးတွေ စောစောပြတ်သွားလို့"

"မင်းအမေ သွားပြီလား…။ သူ ဖုန်းဆက်လို့ ဖေဖေက စောစောပြန်လာတာ…"

လက်စသပ်တော့ ဒီလိုကိုး…။

"မေမေနဲ့ဒေါ်စိန် သွားကြပြီ ဖေဖေ…"

"အေး…အေး…"

ဖေဖေ့အိတ်ကို ကူသယ်ပေးသည်။ ဖေဖေက သူ့အခန်းထဲသို့ တန်းဝင်သွားသည်။ သူလည်း သူ့အလုပ်ခန်းထဲသို့ ဝင်နေလိုက်သည်။ ခဏကြာတော့ ဗိုက်ဆာသလိုရှိသဖြင့် မီးဖိုခန်းထဲဝင်ကာ ရေခဲသေတ္တာကို ဖွင့်ပြီး စားစရာရှာမိ၏။ ဖေဖေကလည်း ရောက်လာသည်။ စကားပြော တတ်သော်လည်း အသံမပေးချေ။

ရေခဲသေတ္တာထဲမှ သူ့ ဝီစကီပုလင်းကို လာယူခြင်းဖြစ်မည်။

ထိုအခိုက်…

"ဒုန်း…။ ဝရုန်း…"

"ဟင်…။ ဖေဖေ ဘာဖြစ်တာလဲ"

ဖေဖေက ကြမ်းပြင်ပေါ် လဲကျနေသည်။ အနည်းငယ် နာကျင် သွားပုံရပြီး မျက်နှာကလည်း ဇဝေဇဝါ ဖြစ်နေသည်။ တော်ပါသေး၏။ ကျွတ်ကျသွားသော မျက်မှန်က မကွဲသဖြင့်…။

"ငါ…တစ်ခုခုကို ဝင်တိုက်မိလိုက်တယ်"

အလိုလေး…။ သူ ဆေးမှုတ်ထားသောခုံကို ဖေဖေက မမြင်သဖြင့် ဝင်တိုက်မိလိုက်ခြင်း ဖြစ်၏။ သူကလည်း အမှူမဲ့အမှတ်မဲ့ သတိလစ်နေမိ သည်။ ကမန်းကတန်းပင်…

"ဘာ…ဘာမှ မရှိပါဘူး ဖေဖေရဲ့"

"အေး…။ ဘာမှမရှိဘဲနဲ့၊ ငါ တစ်ခုခုကို ဝင်တိုက်လိုက်မိတာ သေချာတယ်"

ဖေဖေက ကြမ်းပြင်ပေါ်မှာ ထိုင်လျက်အနေအထားနှင့်ပဲ လက် အစုံကို ဟိုစမ်းသည်စမ်း လုပ်နေသည်။ ဝင်တိုက်မိသောအရာကို ရှာပုံရ၏။

စမ်း၍မရချေ။ ခုံက ပလပ်စတစ်ခုံပေါ့ကလေးဖြစ်သဖြင့် ဖေဖေ ဂင်တိုက်မိသောအရှိန်ကြောင့် ခပ်လှမ်းလှမ်းသို့ လွင့်သွားပုံရသည်။

သူက မသိချင်ယောင်ဆောင်ကာ စကားလွှဲပြီး…

''ဖေဖေ့မျက်မှန်လား။ ဒီမှာလေ…။ ကဲ…ကဲ…ဖေဖေ ထလိုက်ပါဦး''

ဖေဖေ့မျက်မှန်ကို ကောက်ပေးပြီး ဖေဖေ့ကိုလည်း အတင်းဆွဲထူလိုက်သည်။ ဖေဖေက မျက်မှန်ကို ချက်ချင်းယူတပ်ပြီး သူ့ကိုပင် လှည့်မကြည့်ဘဲ…

''မဟုတ်ဘူး။ ငါ ဝင်တိုက်မိတဲ့ဟာကို ရှာတာ''

''အာ…ဖေဖေကလည်း ဒီမှာကြည့်လေ…။ ဘာမှ မရှိဘူး''

''အေး…။ ကြည့်တာတော့ မတွေ့မိဘူး။ဒါပေမယ့်ငါ ဝင်တိုက်မိတာ အသံတောင် ထွက်တာပဲ''

''ကဲ…ကဲ…။ အဲဒါကို ထားလိုက်ပါဦး။ ဖေဖေ နားလိုက်ဦး။ လာ…ဖေဖေ့အခန်းထဲကို သား လိုက်ပို့ပေးမယ်။ ပြီး…ဖေဖေ့ပုလင်းနဲ့ အအေးကိုလည်း လာပို့ပေးမယ်။ ဒေါ်စိန်က ဖေဖေမြည်းဖို့ ကြက်သားနဲ့ ပဲဟင်း ချက်ထားတယ်''

ဖေဖေ့ကို အတင်းအဓမ္မပင် ဆွဲခေါ်လာခဲ့လိုက်သည်။ ကုတင်ပေါ်မှာ မရမကလှဲခိုင်းရင်း မီးဖိုခန်းသို့ သူ ကမန်းကတန်း ပြန်ပြေးရ၏။ ဖေဖေ တိုက်မိသော ပလပ်စတစ်ခုံကို စမ်းတဝါးဝါး လိုက်ရှာရသည်။ သူ့ဘာသာ သူပင် တော်တော်နှင့် မတွေ့။ နောက်မှ…သူက မမြင်ဘဲ ထပ်တိုက်မိပြန်သည်။ သူကတော့ ထိုခုံပေါ်သို့ ခွလျက် လဲကျသည်။

ခုံကို ပွေ့ပိုက်သယ်ပြီး သူ့အလုပ်ခန်းသို့ ပြေးရပြန်သည်။ အခန်းထောင့်မှာ အဝတ်တစ်ထည်နှင့်အုပ်ပြီး မြင်သာအောင် ထားလိုက်သည်။ ပြီးမှ…မီးဖိုထဲပြန်ပြေး၊ ဖေဖေ့ပစ္စည်းတွေယူပြီး ဖေဖေ့ကို သွားပေး။ ထို့နောက် ပူပူပန်ပန် သတိရမိတာ ရှိပြန်သည်။

ခုံဖိနပ်…ခုံဖိနပ်…။

ဒေါ်စိန့်ခုံဖိနပ်တစ်ဖက်ကိုလည်း သူ ဆေးမှုတ်ပြီး စမ်းသပ်ထား

သေးသည်။ တစ်ရုံလုံးကို မှုတ်ဖို့ရာကျတော့လည်း ဆေးကို နှမြောသဖြင့် တစ်ဖက်ပဲ မှုတ်လိုက်သည်။ ထိုခုံဖိနပ် 'ပျောက်'သွားသည်။ သွားပြန်ရှာထားရဦးမည်။ နို့မို့...ဒေါ်စိန်ပြန်လာလျှင် အူကြောင်ကြောင် ဖြစ်ဦးမည်။ ပွစိပွစိ ပြောဦးမည်။

ခက်သည်က ထိုခုံဖိနပ်တစ်ဖက်ကိုလည်း သူ့ဘာသာပင် ပြန်ရှာမတွေ့ခြင်း ဖြစ်သည်။ ခုံဖိနပ်တစ်ဖက်က အရှင်လတ်လတ်ရှိပြီး တစ်ဖက်က ပျောက်နေသည်။ ဖိနပ်နှစ်ဖက်လုံးကို ယှဉ်ပြီး မထားမိတာ သူ့အပြစ်ဖြစ်သည်။ ယခုတော့ ရှာမတွေ့...။ တုတ်နှင့်ထိုးရှာ၍လည်း ရမည်မဟုတ်။ ထိုးချင်းထိုး ကိုယ့်ကိုယ်ကိုပဲ ပြန်ထိုးလိုက်ချင်တော့သည်။

"ပြဿနာပဲ...။ ဘယ်လို လုပ်ရပါ့မလဲ"

နောက်မှ အကြံရပြီး မြင်နေရသော လက်ရှိခုံဖိနပ်တစ်ဖက်ကို ကောက်ယူပြီး နောက်ဖေးခြံစပ်သို့ လွှင့်ပစ်လိုက်သည်။ ယာယီအားဖြင့်တော့ ကိစ္စက ပြေလည်သွားနိုင်ပါသည်။

ဖေဖေ့ကို သွားချောင်းမိသည်။ ဖေဖေက ခုနကကိစ္စကို ခေါင်းထဲမှာရှိပုံ မပေါ်တော့။ ဝီစကီလေးမျှင်းသောက်ရင်း အင်္ဂလိပ်ဝတ္ထုစာအုပ်တစ်အုပ်ကို ဖတ်နေသည်။ ဖေဖေက တစ်ခါတစ်ရံ ထိုသို့ပင် စိတ်အပန်းဖြေတတ်သည်။ အတော်လေးကြာတော့ မေမေတို့ ပြန်ရောက်လာသည်။ သူက...

"မေမေ...။ ဖေဖေ ပြန်ရောက်နေတာ ကြာပြီ"

"ဟုတ်လား။ အေး...မေမေ သွားစကားပြောလိုက်ဦးမယ်။ သူ့မိတ်ဆွေတွေအကြောင်း..."

ဒေါ်ခင်နှင်းဆီထံမှ သိခဲ့ရသော မိတ်ဟောင်းဆွေဟောင်းများအကြောင်းကို သွားဖောက်သည်ချဦးမည် ထင်သည်။ ဒေါ်စိန့်ကို မသိမသာ အကဲခတ်ကြည့်မိတော့ သူ ရင်ထိတ်သွားရပြန်သည်။ ဒေါ်စိန်က ရေချိုးခန်းအဝမှာ စီးတော်မြဲခုံဖိနပ်ကို သည်းကြီးမည်းကြီး လိုက်ရှာနေသည်။ ရေချိုးခန်းထဲ အဝင်မှာ စီးရန်ဖြစ်သည်။

"ဒီခုံဖိနပ်က ဘယ်ကိုများ ခြေထောက်ပေါက်ပြီး ထွက်သွားပါ

လိမ့်''

မသိချင်ယောင်ဆောင်ပြီး မေးရပြန်သည်။

''ဘာဖြစ်နေတာလဲ ဒေါ်စိန်''

''စီးနေကျချုံဖိနပ် ပြတ်လို့။ မဟုတ်ပါဘူး...။ ပျောက်နေလို့''

''ခုံဖိနပ်ဆိုတော့ ခုန်ပြီး ထွက်သွားတာ ဖြစ်မှာပေါ့ ဒေါ်စိန်ရယ်''

ထိုသို့ ရယ်ရွှန်းပတ်ရွှန်းပြောရင်းက...

''တွေ့မှာပါ။ ရှိမှာပေါ့။ တစ်နေရာရာ ရောက်နေလို့ ဖြစ်မှာပေါ့''

''တစ်ခါတစ်ခါကျ ဆရာကလည်း ယူစီးတတ်တယ်။ မေးကြည့်ရဦးမယ်''

''နောက်မှမေး...။ ဖေဖေနဲ့မေမေ စကားပြောနေတယ်''

''အေးပါ လူလေးရဲ့။ ဒါ့ထက်... ဖြိုးကတောင် လူလေးကို ပြောနေသေးတယ်''

ဖြိုးဆိုသည့် ဖြိုးပြည့်ပြည့်ဇော်က ဒေါ်စိန့်ကိုလည်း တည့်အောင် ပေါင်းထားလေသည်။ သူက ဒေါ်စိန် စိတ်အပြောင်းအလဲ ဖြစ်သွားအောင် ရည်ရွယ်ပြီး...

''ဘာပြောတာလဲ''

ဒေါ်စိန်က အားတက်သရောဖြစ်သွားပြီး သူ့ဆီသို့ လျှောက်လာကာ...

''လူလေးဆီ သူ ဖုန်းဆက်ရင် လူလေးက မရှိတာနဲ့၊ မအားတာနဲ့။ အား...အား...အား''

ဒေါ်စိန်က မျက်လုံးကြီးများပြူးသွားပြီး သူ့ဆီသို့ ရှူးခနဲ ဝင်ရောက်လာသည်။ သူပင် ထိတ်လန့်သွားရသည်။ သူ့ဆီသို့ စကိတ်စီးရင်း အရှိန်လွန်ပြီး ရောက်လာသလိုကြီးပင်...။

''ဟ...ဟ ဒေါ်စိန်။ ဘယ်...ဘယ်လိုဖြစ်တာလဲ''

ဒေါ်စိန့်ကို ဆီးထိန်းထားရင်း သူပင် ယိုင်သွားသည်။ သံမံတလင်းပေါ်မှာ ပျံသန်းလာသော ဒေါ်စိန့်ခန္ဓာကိုယ်ကြီးက ဝရုန်းသုန်းကား တုံ့ရပ်သွားသည်။

"ဘယ်လိုဖြစ်တာလဲ ဒေါ်စိန်ရဲ့"

"မ…မသိဘူး။ တစ်ခုခုကို တက်နင်းမိပြီး လျှော…လျှောထွက်သွားတာ"

သေလိုက်ပါတော့ ကိုယ်ပျောက်ခုံဖိနပ်ရယ်…။

"ဘာမှမရှိပါဘူး။ ဒေါ်စိန့်ဘာသာ ရိုးရိုးခြေချော်တာ ဖြစ်မှာပါ"

"မ…မဟုတ်ဘူး။ ညာဖက်ခြေထောက် တစ်ချောင်းတည်း တစ်ခုခုကို နင်းလိုက်မိတယ်"

"ဩော်…ဒေါ်စိန်ကလည်း ခက်နေပါပြီ"

ထိုအချိန်မှာ မေမေက ဖေဖေ့အခန်းထဲမှ ထွက်လာပြီး…

"ဘာဖြစ်နေကြတာလဲ"

"ဒီမှာလေ…။ ဒေါ်စိန် ခြေချော်လဲတော့မလို့"

"လန့်လိုက်တာ ဒေါ်စိန်ရယ်"

မေမေက ထိုမျှသာပြောပြီး အခန်းထဲ ပြန်ဝင်သွားသည်။ သူက…

"ကဲ…ကဲ…ဒေါ်စိန်။ ကျွန်တော် ထမင်းစားတော့မယ်။ သွားပြင်ပေးတော့"

သူ တွန်းလွှတ်တော့ ဒေါ်စိန်က သံမံတလင်းကြမ်းပြင်ကို မသင်္ကာသလို လှည့်ပတ်ကြည့်ပြီး မျက်လုံးကြီးကလယ်ကလယ်နှင့် လှည့်ထွက်သွားသည်။ သိပ်တော့ ကြည်လင်ပုံ မပေါ်။

ထိုခုံဖိနပ် ဘယ်နေရာဆီသို့ ရွေ့ထွက်သွားသလဲဆိုသည်ကို သူက ရိပ်မိခဲ့ပြီဖြစ်သည်။ ဒေါ်စိန် ထမင်းစားခန်းထဲ ဝင်သွားမှ သူက ထိုခုံဖိနပ်ကို ရှာဖွေကောက်ယူပြီး နောက်ဖေးခြံစပ်သို့ လွှင့်ပစ်လိုက်ရပြန်၏။

မေမေ့ဖြစ်ပုံကျတော့ တစ်မျိုး။ မနက်ခင်းမှာ ခြေခင်းလက်ခင်း သာသာယာယာနှင့် ပြဿနာကို နေလုံးထွန်း ရှာဖွေယူခြင်းဖြစ်သည်။

"မစိန်…မစိန်"

"ရှင်…ဆရာမ"

မေမေ့ စူးစူးဝါးဝါးအော်သံကြောင့် ဘုရားဆွမ်းတော်တင်ဖို့ ပြင်နေသော ဒေါ်စိန် အလန့်တကြားပြေးထွက်သွားရသည်။ သူလည်း သွားတိုက်

နေရာမှ လှမ်းကြည့်မိ၏။

"မစိန်…။ ဒီနားက သစ်ခွပန်းလေး ဘယ်ရောက်သွားလဲ"

"ဟယ်…။ ကျွန်မလည်း မသိဘူး ဆရာမ"

"တစ်ယောက်ယောက် ခြံထဲဝင်ခူးသွားတာလား"

"အိုး…မဖြစ်နိုင်ပါဘူး ဆရာမရယ်"

"ကြွေကျတာလည်း မဟုတ်ဘူး။ ရှာမတွေ့ဘူး"

"ဒုက္ခပါပဲ။ နှမြောစရာကြီး"

ဒေါ်စိန်နှင့် မေမေတို့ ပျာယာခတ် ဗျာများနေကြသည်။ သူ သက်ပြင်းချမိသည်။ ထိုသစ်ခွလေးကိုလည်း သူ ဆေးနှင့်မှုတ်လိုက်ခြင်း ဖြစ်သည်။ ရှားပါးသစ်ခွမှန်းတော့ သိပါသည်။ သို့သော် သက်မဲ့ဒြပ်ဝတ္ထုများကိုတင် မဟုတ်ဘဲ အသက်ရှိသော ပန်းပွင့်ကလေးကိုပါ စမ်းသပ်လို၍ ဖြစ်သည်။ အပွင့်ကို မမြင်ရတော့သဖြင့် မေမေတို့က မရှိတော့ဟုထင်ကာ သောကတွေ ရောက်သွားကြသည်။

မေမေ့ပူပန်ပုံကိုကြည့်ပြီး သူ စိတ်မကောင်းတော့ ဖြစ်မိ၏။ သို့သော် ထိုကိစ္စက နောက်တစ်နေ့မနက်မှာ ပြီးဆုံးသွားပါသည်။ သစ်ခွပွင့်ကလေး က ရုပ်ပုံ ပြန်ပေါ်လာသောကြောင့် ဖြစ်သည်။ အမှန်တော့ မွန်းလွဲပိုင်း လောက်မှာကတည်းက ပန်းကလေးက ရုပ်ပုံပြန်ပေါ်လာခြင်းဖြစ်သည်။ မေမေ သတိမမူမိ၍သာ…။

နောက်တစ်နေ့မနက်ကျမှ ထပ်ပွင့်လာသော ပန်းကလေးဟု ထင်ပြီး မေမေ ပျော်နေသည်။

"မစိန်…မစိန်"

"ရှင်…ဆရာမ"

"ဒီမှာ သစ်ခွနောက်တစ်ပွင့် ပြန်ပွင့်နေတယ်။ ဒီအကိုင်း၊ ဒီနေရာမှာပဲ။ မြန်လိုက်တာ"

ပြေးထွက်လာရပြန်သော ဒေါ်စိန်က နဝေတိမ်တောင် ဖြစ်နေသည်။

"ကျွန်မ ဒါမျိုးကို တစ်ခါမှ မကြုံဖူးဘူး"

''ဟုတ်တယ်။ အရမ်းထူးဆန်းတာပဲ။ ကျွန်မ ခံစားနေရတာကို ဘုရားက သနားလို့ နေမှာပေါ့''

''အင်း...ဟုတ်မယ်နော်''

သူတို့ဘာသာ သူတို့တော့ ဟုတ်နေကြသည်။ ကောင်းပါသည်။ ဟုတ်လျှင် ပြီးရောပေါ့။ မဟုတ်ဘူးလို့ ဘာကိစ္စ ဝင်ပြောရမည်နည်း။ သူတို့ကိုကြည့်ပြီး ဖေဖေပင် တအံ့တဩဖြစ်နေသည်။ (ဖေဖေက အနေတည်သည်။ အတွေ့အကြုံလည်း စုံပြီ။ ဘာကိုမှ သိပ်မအံ့ဩတတ်တာလည်း ကြာပြီ) ယခုတော့ ခံနေရပြီ။ မေမေက ဖေဖေ့ကို တိုက်တွန်းအပြစ်တင်သောစကားကို ပြောရန် အခွင့်ကောင်း ရသွားသည်။

''ဒါကြောင့် ရှင့်ကို ကျွန်မပြောတာပေါ့။ အဲဒီရုပ်ပွားတော်ကို လိုက်ဖူးမျှော်ပါလို့''

ဖေဖေက ဘာပြန်ပြောရမည်မှန်း မသိ၍ ဘာမှ ပြန်မပြောဘဲ ဘယ်ကိုသွားရမည်မှန်းမသိ၍ အလုပ်သွားရန် ပြင်သည်။ သူ့ကို လှမ်းမေးသည်။

''သား...ရုံးသွားဖို့ မပြင်သေးဘူးလား''

''ဟုတ်ကဲ့။ အခုပဲ ပြင်တော့မှာ...''

ထိုသို့ပြောရင်း သူ့ခေါင်းထဲမှာ မိုက်ခနဲဖြစ်ပြီး သူ့မျက်လုံးတွေ ပြာဝေလာသည်။ ပတ်ဝန်းကျင်တစ်ခုလုံး ကျွမ်းထိုးမှောက်ခုံဖြစ်ကာ ကိုယ့်ကိုယ်ကို မထိန်းနိုင်တော့ဘဲ ယိုင်သွားတော့၏။

''ဟော့...သား ဘာဖြစ်တာလဲ''

သူ ပြန်ဖြေနိုင်စွမ်း မရှိတော့ပါ။ အော်ဟစ်ပြေးလွှား လာကြသည်များကိုသာ နောက်ဆုံး သိလိုက်ပြီး သူ လုံးဝ သတိလစ်သွားတော့သည်။

သတိပြန်ရလာတော့...

သူ့အခန်းမွေ့ရာထဲမှာ သူ လဲလျောင်းရောက်ရှိနေသည်။ အိမ်သားများအားလုံး သူ့နံဘေးမှာ ဝိုင်းရံလျက်...။ ဖေဖေကလည်း အလုပ်မသွား။ သူတို့အိမ်၏ မိသားစုဆရာဝန် ဒေါက်တာဦးသီလလည်း ရောက်ရှိနေသည်။ ဖေဖေက သူ့ကို မေးသည်။

"သား…သတိရလာပြီလား"

"ဟုတ်ကဲ့"

မည်သို့ဖြစ်သည် မသိ။ သူ့ဖြေသံက အားမပါလှ။

"နားနားနေနေ နေလိုက်။ အခြေအနေက မစိုးရိမ်ရပါဘူး၊ ဒေါက်တာက ပြောတယ်။ သားက အအိပ်ပျက်၊ အစားပျက်၊ အပင်ပန်းခံပြီး အလုပ်လုပ်လွန်းလို့ အားနည်းနေတာတဲ့။ သက်သက်သာသာ ပြန်နားနေလိုက်နော်"

"ဟုတ်…"

●●●

[၁၅]

ထိုနေ့ နေ့လယ်ခင်းမှာပင် ကိုကျော်ဌေး၊ မိုးကေရီနှင့် လင်းနန္ဒာဦး တို့ သူ့ထံသို့ ရောက်လာသည်။ မိုးကေရီက စိုးရိမ်တကြီး မေးသည်။ လင်းနန္ဒာဦးက ဂရုဏာသက်သလိုကြည့်ပြီး ကိုကျော်ဌေးက လူမမာကို မိုက်ကြည့် ကြည့်နေ၏။

"ဘယ်လိုဖြစ်တာလဲ ဆရာရယ်..."

"အထွေထွေအားနည်းတာပါ။ ရောဂါဘယ မရှိပါဘူး"

"ဆရာက အလုပ်လုပ်လွန်းအားကြီးတာကိုး။ အခု နားနားနေနေ နေနော်"

"အင်းပါ...။ ဒေါက်တာကလည်း နားခိုင်းထားတယ်"

"ဘယ်လောက်ကြာကြာ နားခိုင်းလဲ"

"အနည်းဆုံး သုံးရက်၊ အများဆုံး ကိုးရက်တဲ့။ သုံးရက်ပဲ နားပါ့မယ်"

"သက်သာတဲ့အထိ နားပါ ဆရာရဲ့။ အေးအေးလူလူ နားပါ"

"အလုပ်တွေက ရှိသေးတယ်လေ"

"အဲဒီအလုပ်ကိစ္စတွေကို မေ့ထားလိုက်။ ဆေးမှန်မှန်စား၊ အားရှိ

မယ့် အစာတွေကိုစား။ ဒီမှာ ကေရီတို့လည်း ဆရာစားဖို့ ဓာတ်စာတွေ အများကြီးဝယ်လာတယ်''

''ဒုက္ခရှာလို့ကွယ်။ အိမ်မှာ အလုံအလောက် ရှိပါတယ်''

စကားပြောရင်း အနည်းငယ်မောလာသလို ရှိလာသဖြင့် မျက်လုံး အစုံ ပြန်မှိတ်ပြီး မှိန်းနေလိုက်သည်။ သူတို့ကလည်း အလိုက်တသိပင် ဘာမှဆက်မပြောကြတော့။ သူတို့ဝယ်လာသော ဓာတ်စာ အစား အသောက်များကို ကုတင်နံဘေးမှ စားပွဲတွင် စနစ်တကျ အစီအရင် တင်နေကြသည်။ ဒေါ်စိန် ဝင်လာသံကို ကြားရ၏။

''ထား...ထား...သမီးတို့။ ဒေါ်စိန် လုပ်လိုက်မယ်''

ဒေါ်စိန်က တစ်ယောက်တည်း ဝင်လာခြင်းမဟုတ်။

''ဟယ်...ကိုခေတ်ရယ်။ မျက်နှာတောင် ဖြူဖျော့နေတာပဲ။ ဒါကြောင့် ပြောတာပေါ့။ အလုပ်ကို သက်သက်သာသာ လုပ်ပါလို့''

ဖြိုးပြည့်ပြည့်ဇော်ပါ ပါလာခြင်းဖြစ်သည်။ သူ့လက်ကို ပိုင်စိုးပိုင်နင်း ဆွဲယူပြီး လက်ကောက်ဝတ်သွေးကြောကို စမ်းနေ၏။ လူမမာဆိုတော့ လည်း စိတ်လျှော့သည်းခံထားရသည်။

''ကိုခေတ်''

''ဟင်...''

''ကြက်စွတ်ပြုတ်ပူပူလေး ဖြိုးလုပ်လာတယ်။ သောက်လိုက်ပါ လား''

''ကိုယ့်ဘာသာ ပြန်သောက်''

''ဘာရယ်...''

''ခုနကပဲ ကြက်ပေါင်းရည် သောက်ထားတယ်''

''ဒါဆို ခဏကြာမှ ဆေးမသောက်ခင် သောက်လေ။ ဒေါ်စိန့်ကို ပြန်နွေးခိုင်းလိုက်...''

ထို့နောက် ဖြိုးပြည့်ပြည့်ဇော်က ကေရီ့ကို လှည့်ပြောသည်။

''အဟင်း...။ ကိုခေတ်က အဲဒီလိုပဲ။ ပေကပ်ကပ် ဂျစ်တစ်တစ်နဲ့ ပြောစကား၊ ဆိုစကားဆို နည်းနည်းမှ နားမထောင်ဘူး။ ဒ့ါထက်

ကေရီတို့က ရောက်တာကြာပြီလား''

သူမက ကေရီ့ကို သိလေသည်။ တွေ့တိုင်း မဏ္ဍပ်တိုင် တက်တက်ပြသည်။

''ခုနကပဲ ရောက်တာ ဖြိုး''

''အင်း…။ သူကကော ဘယ်သူလဲ''

သူမက လင်းနန္ဒာဦးကိုမူ မသိ။ ထို့ကြောင့် အကဲခတ်သလို မေးခြင်းဖြစ်သည်။

''ကေရီ့သူငယ်ချင်းပါ။ ဆရာနဲ့လည်း သိတယ်''

''လှတယ်နော်''

လင်းနန္ဒာဦး တွန့်ခနဲ ဖြစ်သွား၏။ မိုးကေရီကပဲ…

''ဟုတ်တယ်။ ကေရီကလွဲရင် အကုန်လှကြတယ် ဖြိုးရဲ့''

''အိုး…ကေရီလည်း လှတာပဲ။ ချစ်စရာမျက်နှာကလေးဟာကို…''

သူ နားကြားပြင်း ကပ်လာသည်။ မိန်းမတွေများ လူမမာနားလာပြီး ဒါတွေပြောနေရသေးသည်။ ပြီး…သူမတို့ ပြောနေကြတာ အကောင်းလည်း မဟုတ်။ ဟန်ဆောင်ပြုံးရယ်ပြီး တစ်ယောက်ကို တစ်ယောက် ရိသလို၊ ပညာစမ်းသလိုလို ပြောနေကြခြင်းဖြစ်သည်။ ကိုကျော်ဒွေးကပင် ခေါင်းကုတ်နေသည်။

ဖြိုးပြည့်ပြည့်ဇော်က ဆက်ပြောသည်။ နှင်ထုတ်ပြီး နေရာဝင်လုနေသလိုလည်း ဖြစ်နေသည်။

''ကေရီတို့ ကိစ္စရှိရင်၊ မအားရင် ပြန်ချင်ပြန်နော်။ ဖြိုးက အချိန်ရတယ်။ ကိုခေတ်ဘေးမှာ တောက်လျှောက်နေပေးလို့ ရတယ်။ ကေရီတို့ကို ကြည့်ရတာ သုံးယောက်သားချိန်းပြီး အချိန်လုလာရသလိုပဲ''

''ရပါတယ်…။ ကေရီတို့သုံးယောက်နဲ့ ဆရာက အမြဲတမ်း တတွဲတွဲနေတာ။ ကေရီတို့ ခုလို အနားမှာရှိတော့ ဆရာ အားရှိတာပေါ့။ ကြက်စွတ်ပြုတ်တောင် မလိုဘူး''

ဒုက္ခပါပဲ။ ကြာလျှင် လက်ခမောင်းခတ်ပြီး ထသတ်ကြတော့မည် ထင်သည်။ ကံကောင်းချင်တော့ ထိုအချိန်မှာပဲ ဒေါက်တာဦးသီလ

ရောက်လာသည်။ လှမမာ စိတ်သက်သာရသွားသည်။ ဒေါက်တာက…

"ဘယ်လိုနေသေးလဲ မောင်ခေတ်"

"နားပူတယ်"

"ဟင်…နားရွက်က ပူတယ်။ ဟုတ်လား…"

ကိုကျော်ဌေးက ဝင်ရှင်းပြပေးသည်။

"ဒီလိုပါ။ ကောင်မလေးတွေ စကားပြောနေကြတာ သူ နားငြီးတယ်လို့ ပြောတာ"

ထိုအခါကျမှ ဒေါက်တာဦးသီလက…

"ဪ…ဟုတ်လား။ ကဲ…သမီးတို့က လူနာဘေးမှာ နည်းနည်း တိတ်တိတ်နေပေးနော်။ ဆရာ လူနာအခြေအနေကို စမ်းသပ်လိုက်ဦးမယ်။ ကဲ…မောင်ခေတ် ခေါင်းမူးသေးလား"

"မမူးဘူး။ ဒါပေမဲ့ အင်အားဆုတ်ယုတ်နေတယ်"

"ဪ…ဒီ့အတွက် မပူပါနဲ့။ အားပြန်ပြည့်သွားမှာပါ"

ဒေါက်တာက လိုအပ်သော ဆေးဝါးကုသမှုများကို ပြုလုပ်ပေး၏။ နံဘေးရှိလူများက ငြိမ်ကြည့်နေသည်။ ဒေါက်တာခိုင်းလျှင် လုပ်ပေးရန် ဒေါ်စိန်ကလည်း တိတ်တိတ်ကလေးရပ်လျက် အဆင်သင့်…။ သို့သော် ဒေါက်တာက ဘာမှမခိုင်းပါ။ သူ့ကိုသာ…

"ကဲ…ကဲ…အားပြည့်သွားအောင် အိပ်လိုက်ဦး။ မအိပ်လို့လည်း မရဘူး။ အခုထိုးလိုက်တဲ့ဆေးက အိပ်တယ်။ လူနာကြည့်တဲ့ သူတွေကလည်း ပြန်လိုက်ကြဦးနော်။ လူနာအိပ်မရရင် သူ့အတွက် မကောင်းဘူး"

ထိုစကားကြောင့် အားလုံးက သူ့ကို အားပေးနှုတ်ဆက်စကား ဆိုပြီး အသီးသီးပြန်သွားကြသည်။ သူလည်း နှစ်နှစ်ခြိုက်ခြိုက်ပင် ပြန်လည် အိပ်ပျော်သွား၏။

အိမ်မှာ သုံးရက်နားနေပြီးနောက် သူ အားပြည့်လန်းဆန်းလာလေသည်။ အိမ်ထဲမှာ လှမမာလုပ်ရသည်ကို ပျင်းရိလွန်းသည့်အပြင် အလုပ်တွေကိုလည်း စိတ်မချသောကြောင့် သူ ရုံးပြန်ဝင်၏။

မိုးဇကရီ၏ အစီအစဉ်များ စနစ်ကျမှုကြောင့် သူ နားနားနေနေပဲ

အလုပ် လုပ်ရပါသည်။ ထို့အပြင် ကိုကျော်ဌေးနှင့် လင်းနန္ဒာဦးတို့က နေ့စဉ် လာရောက်ကူညီကြသောကြောင့် သူ သက်သာသည်။ ဆေးဝါး၊ အစားအသောက် စသည်တို့လည်း သူ့အချိန်နှင့်သူ အဆင်သင့်ပြင်ပြီး သား…။

ထိုအတောအတွင်း အိမ်မှာ သူ ဘာကိုမှ လက်တည့်မစမ်းရဲသေးဘဲ ငြိမ်နေရသည်။ ဖေဖေနှင့် မေမေကလည်း သူ့ကို အလုပ်ခန်းထဲ ပေးမဝင်။ ဒေါ်စိန်ကလည်း မျက်ခြည်မပြတ် စောင့်ကြည့်နေ၏။ သူ လှုပ်၍ပင် မရသော အနေအထားဖြစ်သည်။ သို့သော် ဤအတိုင်းကြီးလည်း သူ့စမ်းသပ်ချက်များကို ရေရှည်ပစ်မထားနိုင်။

လစ်ရင်လစ်သလို သူ့အလုပ်ခန်းထဲမှ ပစ္စည်းအချို့ကို သူ့အိပ်ခန်းထဲ ရွှေ့ထားလိုက်၏။ အလိုအပ်ဆုံးသော ပစ္စည်းများကိုသာ ဝှက်ထည့်ရခြင်း ဖြစ်၏။

တစ်နေ့…

ရုံးခန်းအလုပ်သိမ်းချိန်မှာ…

"ကိုကျော်ဌေး"

"ဟော…"

"ကျွန်တော် ကြောင်တစ်ကောင်လောက် လိုချင်တယ်ဗျာ"

"မင်း မွေးမလို့လား"

"ဘာလုပ်လုပ်ပေါ့ဗျာ"

"ဘယ်အရွယ်လောက်လဲ"

"သုံးပိဿာအရွယ်လောက်ဗျာ"

"မင်း…စားမလို့လား"

"ဘာလုပ်လုပ်ပေါ့ဗျာ"

ကိုကျော်ဌေး စိတ်ညစ်သွားပုံရ၏။ လင်းနန္ဒာဦးက ဝင်ပြောသည်။ (ပါးရည်နပ်ရည် ရှိလှသည်)

"ရှာပေးလိုက်ပါ ကိုကျော်ဌေးရယ်၊ အရောင်များတဲ့ ကြောင်ဖြစ်လေ ကောင်းလေ"

''ဘာဖြစ်လို့တုန်း''

''အဲဒီ့ကြောင်ကို ဆရာက အရောင်တွေပြောင်းပြီး ပြန်ပေးလိမ့်မယ်''

ထိုအခါကျမှ ကိုကျော်ဒွေး သဘောတွေ ကျသွားသည်။ စိတ်ဝင်တစားလည်း ဖြစ်သွားသည်။

''ဩော်...မဆိုးဘူး။ ဒါဆို ငါရှာပေးမယ်''

မိုးကေရီကတော့ ဘာမှ ဝင်မပြော။ သူမဘာသာ စားပွဲပေါ်မှ ဖိုင်တွဲများကို စီနေသည်။

''ဒါပေမဲ့ ချက်ချင်းကြီးတော့ မရဘူး လူလူရ။ သားပေါက်လေးတွေဆိုရင် နို့ခွဲပြီးကာစမှ တောင်းရလွယ်တယ်။ မင်းပြောတဲ့ အရွယ်ကျတော့ တစ်ဖက်က ပေးချင်ရင်တောင် ကိုယ့်လက်ထဲမှာ ဆက်မွေးထားဖို့ မလွယ်တော့ဘူး။ စိမ်းနေတော့ ထွက်ပြေးသွားမှာပဲ။ တော်တော် ရှာယူရမှာ...''

''ရှာကြည့်တာပေါ့ ကိုကျော်ဒွေးရယ်။ နန္ဒာလည်း ကူရှာပေးမှာပေါ့။ ရှာပေးမယ် ဆရာ''

''ကျေးဇူးပဲ''

ဖိုင်တွဲများ စီ၍ပြီးသွားသော မိုးကေရီက ဆူဆူအောင့်အောင့် ဝင်ပြောသည်။

''ဆရာကလည်းလေ...။ နေကောင်းခါစကို အေးအေးမနေဘူး။ ဘေးကလည်း မတားကြဘူး''

သူမကို မည်သို့မှ ခွန်းတုန့်မပြန်ဘဲ အားလုံးရယ်နေလိုက်ကြသည်။

တစ်ပတ်လောက်အကြာတွင် ကိုကျော်ဒွေးက ကြောင်တစ်ကောင် ယူလာပေးသည်။ သူလိုချင်သော ကြောင်အရွယ်အစားပင်ဖြစ်၍ အဆင်ပြေသည်။ ထို့အပြင် ကြောင်က မရိုင်းချေ၊ ယဉ်သည်။ အယဉ်လွန်ပြီး ပေါတောတောပင် ဖြစ်နေသေး၏။ ထိုကြောင်ကို သူ အိမ်သို့ ဝက်သယ်လာခဲ့လေသည်။

အိမ်ရောက်တော့ သူ့အခန်းထဲမှာပင် ပိတ်ထည့်ထားလိုက်၏။ မီးဖိုခန်းထဲမှာ အလုပ်ရှုပ်နေသော မေမေတို့က သူ့လုပ်ရပ်ကို သတိ

မထားမိကြ။ မေမေ ခြံထဲဆင်းပြီး သူမ၏ ပန်းပင်တွေကို အခုမှ မြင်ဘူးသလို လှည့်ပတ်ကြည့်ရှုနေကာမှ ဒေါ်စိန့်ဆီ သူ ချည်းကပ်သွားပြီး…

"ဒေါ်စိန်…။ အိမ်မှာ ငါးကြော်ရှိလား"

"မရှိဘူး။ ငါးရံ့ခြောက်တွေတော့ ရှိတယ်"

"အစိမ်းလား"

"အစိမ်းပေါ့"

သူ စဉ်းစားရကြပ်သွားသည်။ ကြောင်က ငါးရံ့ခြောက်အစိမ်းကို စား မစား သူ မသိချေ။ သူတို့အိမ်မှာက ဘယ်တိရစ္ဆာန်ကိုမှ မွေးလေ့မရှိ၊ တစ်မျိုးလှည့်မေးမိသည်။

"ကြက်ကြော်ကော ရှိလား"

"မရှိဘူး။ လူလေး…ဘာကြောင်နေတာလဲ"

ဒေါ်စိန့်စကားထဲမှာ 'ကြောင်'ဆိုသော စကားပါလာ၍ သူ မလုံမလဲဖြစ်သွားပြီး…

"ဘာကြောင်လို့လဲ"

"ဒီနေ့ တစ်အိမ်သားလုံး သက်သတ်လွတ် စားတဲ့နေ့လေ၊ အသားငါး ဘယ်ချက်မလဲ။ အသီးအနှံတွေပဲ ရှိတယ်။ အဲ့ဒါကို မေ့နေလို့လား။ ဒါမှမဟုတ် ဘာလုပ်မလို့လဲ"

"ဩော်…ဟုတ်သားပဲ။ မေ့လို့…မေ့လို့"

သူ မယောင်မလည်လုပ်နေတုန်း ဒေါ်စိန်က မေမေ့ကို ကူရန် ခြံထဲဆင်းသွား၏။ သူ စိတ်ကူးတစ်ချက်ရလိုက်ပြီး ပုစွန်ခြောက်ဘူးထဲမှ ပုစွန်ခြောက်တွေကို တစ်ဆုပ်ကြီး နှိုက်ယူကာ အခန်းထဲသို့ လှည့်ဝင်လာခဲ့လိုက်၏။

အခန်းထဲရောက်တော့ ကျေးဇူးရှင်က ဆီးအော်သည်။ (ထိုကြောင်ကို သူက 'ကျေးဇူးရှင်'ဟု နာမည်ပေးထားသည်)

"ညောင်…ညောင်…ဝမ်…ညောင်…"

"ဟော့ကောင်…ဟော့ကောင် မအော်နဲ့နော်။ ရော့…ဒီမှာစား"

ကျေးဖူးရှင်က ပုစွန်ခြောက်များကို တပျတ်ပျတ် စားနေချိန်မှာ သူ စဉ်းစားရ၏။ ဒီကောင့်ကို သူက လင်းနန္ဒာဦးထင်သလို အရောင်ပြောင်းပစ်မည် မဟုတ်။ အရောင်ဖျောက်ပစ်မည် ဖြစ်သည်။ ဆေးနှင့်မှုတ်ပြီး ကိုယ်ပျောက်ကြောင်အဖြစ် (၁၂)နာရီ ဖန်တီးပစ်ကြည့်ရန်ဖြစ်သည်။

သက်ရှိတိရစ္ဆာန်ကို ပထမဆုံး စမ်းသပ်ကြည့်ခြင်း။ နို့ခွဲကာစ ကြောင်လေးများကို မသုံးသည်က ကိုယ်ပျောက်နေချိန်တွင် တစ်ယောက်ယောက်က မမြင်ဘဲ တက်နင်းမိက သေသွားမည် စိုးသောကြောင့်ပင်…။ ထိုသို့ဖြစ်ခဲ့လျှင် သူ စိတ်ကောင်းလိမ့်မည် မဟုတ်။ ကိုယ့်ဘာသာ အကွက်ချ စီစဉ်နေတုန်း…

"ညောင်…ညောင်…"

"ဟာ…အော်ပြန်ပြီ။ မအော်နဲ့ဆို။ ဩော်…ပုစွန်ခြောက်က ကုန်သွားပြီလား။ မြန်လိုက်တာ"

မေမေနှင့် ဒေါ်စိန်က ခြံထဲမှာပဲ အလုပ်ရှုပ်နေတုန်းမို့ မီးဖိုခန်းထဲသို့ ခပ်သုတ်သုတ်ဝင်ပြီး ကြောင်စားမည်ထင်သမျှ စားစရာအားလုံးကို ဟိုနည်းနည်း သည်နည်းနည်း ယူလာကာ ကျေးဖူးရှင်ကို ချကျွေးရသည်။

ညဉ့်က မှောင်သထက်မှောင်လာပြီ။ ဖေဖေ ပြန်ရောက်လာသံကို လည်း ကြားရသည်။ သူကတော့ အိပ်ရာထက်မှာ လှဲရင်း အတွေးတွေ တွေဝေနေဆဲ…။ ကျေးဖူးရှင် ခဏတဖြုတ် အအိပ်ကို စောင့်နေတာလည်း ပါသည်။

ထိုကြောင်အိပ်မှ သူက ဆေးမှုတ်၍ ရမည်ဖြစ်၏။ ဤအတိုင်းတော့ ရမည်မဟုတ်။ သင်းက သိပ်အငြိမ်မနေ။ အခန်းထဲမှ ပစ္စည်းများကို တစ်ခုစီ လိုက်နမ်းရှုံ့နေတာ အတော်ကြာသည်။ ယခုမှ ကြမ်းခင်းပေါ်လှဲပြီး အိပ်ရန် ပြင်ဆင်နေပုံရသည်။ စားထားတာလဲ တစ်ဖြုန်းစ်ဖြု…။ ဘေးက ကြည့်နေသည့်လူကပင် သွားရည်ယိုရမလို…။

"ကလင်…ကလင်…ကလင်…"

ဖုန်းမြည်သံ ကြားရ၏။ မရေးမနှောင်းမှာပဲ ဒေါ်စိန်က သူ့ကို လာခေါ်တော့သည်။ တံခါးကို တွန်းမဖွင့်ဘဲ အပြင်မှပဲ အသံပြုခြင်းဖြစ်၍

တော်ပါသေး၏။ နို့မို့ဆို ကျေးဇူးရှင်ကို မြင်သွားဦးမည်။

"လူလေး…ဖုန်းလာနေတယ်"

"လာပြီ"

ကျေးဇူးရှင် အိပ်နေသည်ကို စောင်ဖြင့် ဖုံးအုပ်ခဲ့ပြီး တယ်လီဖုန်းရှိရာသို့ ထွက်လာခဲ့၏။ တစ်ဖက်မှ အမျိုးသမီးတစ်ယောက်၏ အသံကို ရှိုက်သံသဲ့သဲ့ရောယှက်ပြီး ကြားရ၏။

"ခွင့်လွှတ်ပါ ဆရာ။ ကျွန်မ ဆရာ့ဆီမှာ တိုကင်ယူထားတာ သဘက်ခါမှ လာတွေ့ဖို့ပါ။ ဒါပေမယ့် မစောင့်နိုင်တော့လို့ ဒီအချိန်ကြီးမှာပဲ ဆရာ့အိမ်ကို ဖုန်းဆက်မိပါတယ်။ ကျွန်မကို ကူညီပါ ဆရာ။ အခု ဆရာ့ဆီကို ကျွန်မ ဆေးရုံကနေ ဖုန်းဆက်နေတာပါ"

"ဟုတ်ကဲ့။ စိတ်အေးအေးထားပါ။ ကျွန်တော် ဘာကူညီရမလဲ ဆိုတာကို ပြောပါ"

"ကျွန်မအဖေဟာ ဆရာဝန်တွေက လက်လျှော့လိုက်ပြီဖြစ်တဲ့ လူနာတစ်ဦးပါ။ သူ့ရဲ့ နောက်ဆုံးရက်ကလည်း လုံးဝ မဝေးတော့ပါဘူး။ ဒါပေမယ့် အဲ့ဒီရက်မတိုင်မီမှာ သူ အလူးအလဲခံစားနေရတဲ့ ဝေဒနာကို ကျွန်မ မကြည့်ရက်ဘူး ဆရာ။ အဲ့ဒါ သူ ဝေဒနာသက်သာမယ့် နည်းလမ်းလေးများရှိရင် ညွှန်ကြားစေချင်ပါတယ်"

"လူနာရဲ့မျက်လုံးက အရောင်တွေကို ခွဲမြင်နိုင်သေးလား"

"ဟုတ်ကဲ့။ အဲ့ဒီလိုတော့ မြင်နိုင်ပါတယ်"

"ဒါဆိုရင် လူနာရဲ့ ကုတင်ခြေရင်းမှာ ကြိုးကလေးတွေ ချိတ်ဆွဲထားပေးလိုက်ပါ။ မျက်နှာကြက်မှာ တပ်နိုင်ရင် ပိုကောင်းပါတယ်။ ကြိုးခြောက်ကြိုး တပ်ရပါမယ်။ ကြိုးတွေက အတိုအရှည်ညီရမယ်။ အဖြူရောင်နဲ့ စပြီး အနက်ရောင်နဲ့ ဆုံးရမယ်။ စနစ်ကျနတဲ့ အဓိပ္ပါယ်တွေ ရှိပါတယ်"

"ဟုတ်…ဟုတ်ကဲ့ရှင့်"

"ကြိုးတွေရဲ့ အရောင်အစဉ်လိုက်ကို ကျွန်တော် ပြောပြမယ်။ သေသေချာချာမှတ်ထားနော်။ ဖြူ၊ နီ၊ ဝါ၊ ပြာ၊ စိမ်း၊ နက် အစဉ်

လိုက်ဖြစ်ရမယ်။ လူနာက အဲ့ဒီကြိုးလေးတွေကို ကြည့်နေပါစေ။ သူ ဝေဒနာ သက်သာလာပါလိမ့်မယ်။ ကြည့်ပါများရင် စိတ်ထဲမှာ စိမ့်စွဲနေပါလိမ့်မယ်။ အများကြီး သက်သာလာပါလိမ့်မယ်''

''ဟုတ်ကဲ့...။ ကျေးဇူးပါပဲ ဆရာ။ ဆရာ့ကျေးဇူးကို ကျွန်မ မမေ့ပါဘူး။ ကျွန်မနာမည် ယမင်းသူပါ ကျွန်မရဲ့ နေရပ်လိပ်စာက ........................ပါ၊ ကျွန်မကို ခွင့်ပြုပါဦးဆရာ။ ဆရာပြောတာတွေကို ကျွန်မ အမြန်ဆုံး သွားစီစဉ်ချင်လို့ပါ။ ကျွန်မ ဖုန်းချလိုက်တော့မယ်နော်''

တစ်ဖက်မှ ဖြုန်းဒိုင်းကြီး ဖုန်းချသွား၏။ သူ တွေငိုင်ပြီး ကျန်ရစ်ခဲ့၏။ ထိုအရပ်မှ 'ယမင်းသူ'ဆို သူသိသည်ပေါ့။ သူ့ရဲ့ တစ်ခါတုန်းက ယမင်းသူပဲ။ ယခု ဝေဒနာခံစားနေရသည့် လူမမာဆိုသူက သူ့ရဲ့ ဂျိုးဂျိုး ဂျက်ဂျက်ကြီးပေါ့။ စိတ်နွမ်းလျစွာ အခန်းထဲ ပြန်ဝင်ခဲ့သည်။

အိပ်ပျော်နေသော ကျေးဇူးရှင်ကိုလည်း ဘာစမ်းသပ်ချက်မှ မလုပ်ဖြစ်တော့...။

●●●

[၁၆]

မနက်ကျတော့ ကျေးဖူးရှင်ကို အခန်းထဲမှာပဲ စားစရာတွေနှင့် အတူ ပိတ်ထားခဲ့လိုက်သည်။ ရုံးကို ထွက်လာခါစက စိတ်တထင့်ထင့် ဖြစ်နေမိသော်လည်း ရုံးသို့ရောက်သောအခါ အလုပ်တွေထဲ အာရုံနစ်မျော ပြီး ထိုကိစ္စကို မေ့လျော့၍ပင် နေခဲ့သည်။ ညနေ အိမ်အပြန် ကားမောင်း နေရင်းကမှ ထိုကိစ္စကို သတိရ၏။ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။

ကျေးဖူးရှင်က သူ့အခန်းထဲမှနေ၍ ရပ်သိရွာသိ သောင်းကျန်းနေ လျှင် ခက်မည်…။

စိတ်လောပြီး ကားကို အမြန်မောင်းမိသည်။ အိမ်ရောက်တော့ ထင်သည့်အတိုင်း ကျေးဖူးရှင်၏ ရာဇဝင်က မရိုင်းတရိုင်း ဖြစ်နေပြီ…။ မေမေနှင့် ဒေါ်စိန်တို့ သူ့အခန်းရှေ့မှာ အလုပ်များနေကြလေသည်။ သူ့အခန်းတံခါးက ပွင့်နေပြီး အခန်းထဲမှာလည်း ရှုပ်ပွနေသည်။

''မေမေတို့ ဘာဖြစ်နေကြတာလဲ''

မေမေနှင့် ဒေါ်စိန်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ သည်။ သူက မေမေ့ကို မေးခြင်းဖြစ်သော်လည်း ဒေါ်စိန်က မေမေ မဟုတ်ဘဲ ဝင်ဖြေသည်။ (စာမေးပွဲမှာဆိုလျှင် ပယ်မည်)

''လူလေးအခန်းက ထူးခြားနေလို့''

''ဘာထူးခြားတာလဲ''

''အထဲက...အထဲက ကြောင်အော်သံ ကြားတယ်''

''မဟုတ်တာ...''

''ဟုတ်ပါတယ်ဆို''

''ဒီအိမ်မှာ ကြောင်မှ မမွေးတာ''

''အဲဒါကြောင့် ထူးခြားတယ်လို့ ပြောတာပေါ့''

''ကဲ...ကဲ...။ ဆက်ပြောပါဦး''

''ဒေါ်စိန် မသေချာလို့ တံခါးနားကပ်ပြီး နားထောင်တယ်။ သေချာ သွားတယ်။ အထဲကနေ ကြောင်အော်တယ်။ ကြောင်သိုးကြီး တစ်ကောင်ရဲ့ အော်သံမျိုး...''

''အဲဒီတော့...''

''အဲဒီတော့ ဆရာမကို သွားပြောတာပေါ့။ ဆရာမကလည်း လာနားထောင်တယ်။ ဆရာမ ကိုယ်တိုင်လည်း ကြားတယ်။ ကြောင်သိုး တစ်ကောင်ရဲ့ အော်သံတဲ့''

သူက မေမေ့ကို စေ့စေ့ကြည့်ပြီး... (ကြောင်ပေါက်ကြီးကိုများ ကြောင်သိုးတဲ့။ ထားပါတော့...)

''ဟုတ်လား...မေမေ''

''ဟုတ်တယ်။ မေမေကိုယ်တိုင် ကြားတယ်''

''အဲဒီတော့...''

သူ စကားထောက်ပေးမှ မေမေက ဆက်ပြောသည်။

''အဲဒီတော့ သော့သွားယူပြီး သားအခန်းကို ဖွင့်ကြည့်ရတာပေါ့''

သူက သူ့အခန်းကို သော့ပိတ်ပြီးမှ ထွက်သွားလေ့ရှိ၏။ သို့သော် မေမေဆီမှာ တစ်အိမ်လုံး၏သော့များက တစ်တွဲသပ်သပ်ရှိသည်။ သူခိုး ဓားပြတွေက မသိ၍ တော်သေးသည် ဆိုရမည်။ ထိုသော့တွဲဖြင့်ပင် မေမေက သူ့အခန်းကို ဖွင့်ခြင်းဖြစ်သည်။ တော်ရုံတန်ရုံတော့ ထိုသော့တွဲ ကို ထုတ်သုံးလေ့ မရှိပါ။

''အဲဒီလိုဖွင့်ကြည့်တော့ ဘာတွေ့လဲ''

''အိုး…။ သားအခန်းက တစ်ခန်းလုံး ကြောင်သေးစော်တွေကို နံ့နေတာပဲ။ ကြောင်တစ်ကောင်ရဲ့ စားကြွင်းစားကျန်တွေလည်း ပြန့်ကြလို့…။ ပြီး…မစိန်ကိုယ်တိုင်လည်း ကြောင်ချေးတစ်ပုံ တက်နင်းမိတယ်''

''ကြောင်က ဘယ်မှာလဲ''

''အဲဒါကြောင့် ထူးဆန်းတယ် ပြောတာပေါ့။ ကြောင်ကို ရှာမတွေ့ဘူး''

အင်း…။ ကျေးဇူးရှင် ဘယ်လို ဘယ်လို ထွက်သွားသည် မသိ။ ကျေးဇူးတင်ပါတယ် ကျေးဇူးရှင်ရယ်…။

''မေမေတို့ သေသေချာချာ ရှာပြီးပြီလား''

''ခု…သားမြင်တဲ့အတိုင်းပဲလေ။ သားအခန်း တစ်ခန်းလုံး ရှုပ်ပွနေအောင် ရှာပြီးပြီ၊ ဘာကြောင်ကိုမှ မတွေ့ဘူး။ သားအခန်းကို သန့်ရှင်းရေးလုပ်ရမယ်၊ ကြောင်သေးစော်နံ့နေတဲ့ အိပ်ရာခင်းကိုလည်း ထုတ်လျှော်ပြီး မွေ့ယာပါ လဲပစ်ရမယ်။ နေရင်းထိုင်ရင်း ဘာမှန်းလည်း မသိဘူးကွယ်''

''ကဲ…ဒါဖြင့်လည်း ဒေါ်စိန်က အခန်းကို မြန်မြန်ရှင်းပေးနော်။ ကျွန်တော် ပင်ပန်းလာလို့။ အခန်းထဲဝင်ပြီး နားနားနေနေ လှဲချင်ပြီ''

''အေး…အေး…လူလေး။ ဒေါ်စိန် အမြန်လုပ်လိုက်မယ်''

ဒေါ်စိန်က လုပ်လိုက်မည်ဆိုသော်လည်း ဒေါ်စိန်မဟုတ်သည့် မေမေကပါ ဝင်လုပ်ပါသည်။ သူ့အခန်းက အလျင်အမြန်ပင် သစ်လွင်မွှေးကြိုင်သွားသည်။ ကျေးဇူးရှင်ကို ကျေးဇူးထပ်တင်ရပါသည်။

''ကဲ…သား နားလို့ရပြီ''

''ဟုတ်ကဲ့…ဟုတ်ကဲ့''

အမှန်တကယ်ပင် ပင်ပန်းနွမ်းလျစွာ ကုတင်ပေါ် ပစ်လှဲပြီး နားနေ လိုက်သည်။ မှေးခနဲ အိပ်ပျော်သွား၏။ နိုးလာတော့ ညဉ့်ရှစ်နာရီပင် ထိုးတော့မည်။ ဗိုက်ဆာလာသဖြင့် ဒေါ်စိန့်ကိုပြောကာ ထမင်းစားခန်းထဲမှာ ထမင်းဝင်စားသည်။

"ဒေါ်စိန်...။ ဒါ ဘာသားလဲ"

"ဩော်...ဟုတ်ပါရဲ့။ ပြောဖို့တောင် မေ့နေတယ်။ အဲဒါ ရေဝမ်းဘဲ သား"

"ရေဝမ်းဘဲသား...။ ဘယ်ကရလဲ"

"လှည်းကူးက လူတွေ လာရောင်းကြတာပဲ။ ရပ်ကွက်ထဲ လှည့် အော်ရောင်းတာပေါ့။ သူတို့ကိုပဲ အမွေးနုတ်ခိုင်းပြီး ဒေါ်စိန် တစ်ကောင် ဝယ်ထားလိုက်တာ"

ရပါသည်။ စားလိုက်ရုံပေါ့။ ကြောင်သားမဟုတ်လျှင် ပြီးသည်ပဲ။ မေမေ ရောက်လာသည်။

"သား...။ အခန်းထဲမှာ ဘာထူးသေးလဲ"

"ဘာမှ မထူးပါဘူး"

"သတိဝိရိယနဲ့တော့ နေနော် သား"

"အာ...။ ကြောင်ဟုတ်တယ်ဆိုရင်လည်း ဘာဖြစ်လဲ မေမေရယ်။ ကြောက်စရာမှ မဟုတ်တာ"

"ဟဲ့...အဲဒီလို မဟုတ်ဘူး"

"ဘယ်လိုလဲ"

"အို...မင်း မသိပါဘူးကွယ်"

မေမေက ဆက်မပြော...။ သူကလည်း ဆက်မမေးတော့။ စားသောက်ပြီးပြီဖြစ်၍ သွားကြားထိုးတံ ပါးစပ်မှာခဲပြီး ပြန်ထွက်လာခဲ့သည်။ မေမေနှင့်ဒေါ်စိန်က ခေါင်းချင်းတွတ်ထိုးပြီး ကျန်ရစ်ခဲ့၏။

ကုတင်ပြန်လှဲကာ ဟိုရောက်သည်ရောက် စဉ်းစားနေခိုက်...

"ညောင်...ဝေါင်"

"ဟ...ကျားသားမိုးကြိုး"

"ညောင်း..."

ကျေးဇူးရှင်က ဘယ်ကရောက်လာမှန်း မသိဘဲ ကုတင်ပေါ် ခုန်တက်ကာ သူ့ခြေထောက်ကို ခေါင်းနှင့် ပွတ်သပ် တိုးဝှေ့နေ၏။ ကြောင်မဟုတ်သော 'သူ'က 'ကြောင်'နေရ၏။ ပြီးမှ...

"မင်းက ဘယ်က ပြန်ရောက်လာတာလဲ"

"ညောင်..."

"မေမေတို့ လိုက်ရှာတုန်းက ဘယ်ရောက်နေတာလဲ"

"ညောင်..."

"တော်ပြီ...တော်ပြီ...အော်မနေနဲ့တော့။ ငါလည်း မမေးတော့ဘူး။ မင်းပါးစပ်ကို ပိတ်ထား။ တော်ကြာ အပြင်က ကြားပြီး ဝင်လာကြဦးမယ်"

"ညောင်...ဝေါင်...ညောင်..."

သူ့ကို ပွတ်သီးပွတ်သပ်လုပ်ရင်းထပ်အော်နေပြန်သည်။ ဤသတ္တဝါ ဆာနေလောက်ပြီဖြစ်ကြောင်း ဖျတ်ခနဲ အသိဝင်၏။ စိတ်အိုက်သွားသည်။ မီးဖိုချောင်ထဲမှာ သွားခိုးလျှင်လည်း ရိပ်မိသွားတော့မည်။ မကောင်းတော့။ နောက်မှ...သူ စားရန်ဆိုပြီး လင်းနန္ဒာဦးထည့်ပေးလိုက်သည့် ငါးအရေခွံကြော်ထုပ်ကြီးကို သတိရကာ ထယူ ဖောက်ကျွေးလိုက်၏။ အားပါးတရ စားတော်မူလေသည်။ နှုတ်ခမ်းပါးနားကို လျှာဖြင့် သိမ်းသပ်ပုံကလည်း အောင်မြင်ခန့်ညားလှ၏။

ပြီး... အခန်းထောင့်မှ ဘီရိုပေါ် လွှားခနဲခုန်တက်ကာ လဲလျောင်းအိပ်စက်စံမြန်းသည်။ အရေးရယ် အကြောင်းရယ်ဆိုလျှင် ဒင်း အလွယ်တကူ ထွက်ပြေးနိုင်ရန် အနီးဆုံးတံခါးကို သွားဖွင့်ပေးထားလိုက်သည်။ ထိုနောက် သူကိုယ်တိုင်ကလည်း အဆင်သင့်ပြင်ထားရ၏။ အချိန်သိပ်မဆွဲချင်တော့။ ကျေးဖူးရှင် စက်တော်ခေါ်သည်နှင့် ဆေးမှုတ်ကာ စမ်းသပ်ချက်ကို အကောင်အထည် ဖော်တော့မည်။

သိပ်မစောင့်လိုက်ရပါ။ ကျေးဖူးရှင် အိပ်ပျော်သွားသည်၊ ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ ဆေးနှင့် ပယ်ပယ်နယ်နယ် မှုတ်ရတော့၏။ ယခုတော့ သူ ကျွမ်းကျင်နေပါပြီ။ သူ့ကိုလည်း ပြန်မထိ။ ဘေးမှ မဆိုင်ရာတွေကိုလည်း မထိအောင် ဆေးကို အသုံးပြုတတ်ပြီ။ မျက်စေ့ရှေ့ပင် စက်တော်ခေါ်နေသောကျေးဖူးရှင် 'ပျောက်'သွားသည်။

နာရီကို အတိအကျ မှတ်ထားလိုက်သည်။

နဖူးပေါ်လက်တင်ကာ အိပ်ရာထက်မှာ ပြန်လှဲနေရင်းက ဘာရယ် မဟုတ်ဘဲ မိုးကေရီ၊ လင်းနန္ဒာဦးနှင့် ဖြိုးပြည့်ပြည့်ဇော်တို့၏ အရိပ် သဏ္ဌာန်များကို အာရုံထဲ ရောက်လာသည်။ ထို့နောက် ဘာရယ်မဟုတ်ဘဲ လေပူတစ်ချက်ကို 'ဟူး'ခနဲ မှုတ်ထုတ်မိပြန်လေသည်။ ခေါင်းကို ခါယမ်း လိုက်၏။ (ဖေဖေပြန်ရောက်လာသံကို ကြားရ၏)

ယခု မိမိ၏တွေ့ရှိချက်ကို မည်သူအား ဖွင့်တိုင်ပင်လျှင် ကောင်းမည်နည်း။ တိုင်ပင်ခြင်းအားဖြင့် ကောင်းကျိုးဆိုးကျိုးပြစ် ဘာတွေ ရှိလာနိုင်သနည်း…။ ထိုဆေးကိုကော မည်သို့ ထပ်မံအားဖြည့် တိုးမြှင့်လျှင် ကောင်းမည်နည်း…။ ဥပမာ… (၁၂)နာရီခံသည်ထက် ပို၍ ရေရှည်ခံရန်(ယမင်းသူတို့ သားအဖထံ စိတ်တစ်ချက်ရောက်သည်)

ထို့အပြင် လိုအပ်ချက်တစ်ရပ် ရှိနေသေးသည်။ ဖြေဆေး…။ သူ့ဘာသာ ဓာတ်ပြယ်သည်ကို မစောင့်ဘဲ ကိုယ်လိုအပ်လျှင် လိုအပ်သလို ဖယ်ရှားပစ်နိုင်မည့် ဖြေဆေး။ ဘယ်လို ဖော်စပ်ရမည်နည်း။ အားလုံး တိကျ ပြည့်စုံပြီဆိုပါက… ကမ္ဘာကိုကြေငြာရန်၊ လိုအပ်လျှင် မိမိကိုယ်တိုင် နိုင်ငံခြားပြန်ထွက်ရန်…။ (ကိုကျော်ဌေး ဘီယာမူးနေပြီ ထင်သည်)

ဘယ်လူးညာလိမ့်နှင့် အိပ်လည်းမပျော်။ မှန်ရာပြောလျှင် အိပ်ရန်ကလည်း စောနေသေးသည်။ ညဥ့်ကိုးနာရီဟူသောအချိန်သည် သူ၏ပုံမှန် အိပ်ချိန်မဟုတ်။ (သူသာ ကမ္ဘာ့ဦးလူဆိုရင် ဘယ်အချိန်မှာ အိပ်မလဲ)

''ဒေါက်…ဒေါက်…ဒေါက်…''

အပြင်မှ တံခါးခေါက်သံ ကြားရ၏။ 'ဖေဖေ'ပါလားဟူသော အသိဖြင့် လူးလဲထလိုက်သည်။ မေမေနှင့် ဒေါ်စိန်ဆိုလျှင် ခေါ်သံပြုလေ့ရှိသည်။ ဖေဖေကတော့ တံခါးပဲခေါက်သည်။ ပြီး… ဖေဖေ့ တံခါးခေါက်သံကိုလည်း သူ မှတ်မိသည်။ 'လာပြီ'ဟုဆိုကာ တံခါးသွားဖွင့်ပေးလိုက်တော့…

''ဟင်…အစုံအညီပါလား''

ဖေဖေ့နောက်မှာ မေမေနှင့် ဒေါ်စိန်ပါ ပါလာသည်။ ဒါ အိမ်မှာရှိလူ အကုန်ပဲ ဖြစ်သည်။

"တစ်ပြုံတစ်မကြီးနဲ့ ဘယ်လိုဖြစ်လာကြတာလဲ"

ဖေဖေက အခန်းထဲဝင်ပြီး ခေါင်းရင်းကုလားထိုင်မှာ ထိုင်သည်။ ဖေဖေထိုင်သဖြင့် မေမေတို့ကလည်း ဝင်ထိုင်သည်။ ဖေဖေက သူ့တစ်ခန်းလုံးကို နှံ့နှံ့စပ်စပ် လျှောက်ကြည့်၏။ ဖေဖေကြည့်သဖြင့် မေမေတို့ကလည်း လိုက်ကြည့်၏။ သူ မလုံမလဲ ဖြစ်မိသည်။ သည်ကိစ္စထဲကို ဖေဖေ ဝင်ပါလာတာ မကောင်း…။

"ဘာဖြစ်လို့လဲ ဖေဖေရဲ့"

"သားရဲ့အခန်းမှာ ကြောင်စုန်းတစ်ကောင် ရှိနေတယ်ဆိုလို့"

စိတ်ညစ်သည့်ကြားမှ ရယ်ချင်သွားရပြန်သည်။ ကျေးဖူးရှင်က ရာထူးတိုးတိုးနေသည်။ ကြောင်ပေါ်မှသည် ကြောင်သိုး။ ကြောင်သိုးမှသည် ကြောင်စုန်း ဖြစ်ဖြစ်သွားရပြီ။

"မေမေတို့ ပြောကြတာပဲ"

"သားကကော ထူးခြားတာ မတွေ့ဘူးလား"

"ဟင့်အင်း"

သူတို့အခန်းကို သေသေချာချာ လေ့လာကြည့်ရှုပြန်သည်။ သူကိုတော့ သေသေချာချာ မလေ့လာသည့်အတွက် ရင်ပေါ့ရပါသည်။ အလိမ်ပေါ်ကိန်းမှ လွတ်မြောက်ရ၏။ ကျေးဖူးရှင်က မမြင်ရအောင် ပျောက်နေသဖြင့် မမြင်…။ ထို့အပြင် ဘီရိုပေါ်တက်အိပ်နေခြင်းဖြစ်၍ နင်းမိစရာအကြောင်း မရှိ။

ကြည့်လေ…။ ကြည့်ကြပေါ့။ ရှာလေ…။ ရှာကြပေါ့။ စိတ်ထဲမှာ ထိုသို့ ကြုံးဝါးနေမိဆဲ…

"ဟင်…။ ဟိုမှာ…ဟိုမှာ…"

တုန်ယင်ခြောက်ခြားစွာ ဒေါ်စိန်က ဗလုံးဗထွေး အော်ဟစ်။ တစ်နေရာသို့ လက်ညှိုးညွှန်ပြ၏။ သူညွှန်ပြရာသို့ အားလုံးက အလန့်တကြား လှမ်းကြည့်မိတော့…

"ဟာ…"

"ဟင်…"

''အမလေး...''

သူ့ခေါင်းထဲမှာ ပြာခနဲ ဖြစ်သွားသည်။ သွားပြီ...။

ကျေးဇူးရှင်က အိပ်မက်မှ နိုးထလာပုံ ရသည်။ ဘီရို၏အထက် တစ်တောင်ခန့်အမြင့်မှာ စိမ်းဖန့်ဖန့် မျက်လုံးကြီးနှစ်လုံး...။ ဘာ အထောက်အကူမှ မရှိဘဲ လေထဲမှာ ရပ်တန့်နေ၏။

သူ ဆေးမှုတ်စဉ်က ထိုသတ္တဝါက အိပ်ပျော်နေသည်။ ထို့ကြောင့် မျက်လုံးများ 'ကျန်' ခဲ့သည်။ ယခု နိုးထ၊ မတ်တပ်ရပ်ပြီး သူတို့ကို ကြည့် နေတော့...(ကြောင်ခန္ဓာကိုယ်ကို မမြင်ရဘဲ) လေထဲမှာ ရပ်တန့်နေသော အစိမ်းသရဲဆန်သည့် မျက်လုံးစိမ်းကြီးများသက်သက်ကိုသာ သူအပါ အဝင် အားလုံး မြင်နေကြရ၏။

''ဘာ...ဘာကြီးလဲ''

''ညောင်...ဝေါင်...''

''အောင်မလေးတော့''

ဒေါ်စိန် မေ့လဲကျသွားသည်။

''ကြောင်သရဲ...ကြောင်သရဲ...။ လုပ်ကြပါဦး''

မေမေပါ မေ့လဲကျသွား၏။

ထိုမျက်လုံးစိမ်းဖန့်ဖန့်ကြီးများက လေထဲမှာ ရိပ်ခနဲ ဝဲပျံပြီး ပြတင်း ပေါက်တစ်ဖက်မှာ ပျောက်ကွယ်သွား၏။ ဖေဖေက မျက်လုံးမှိတ်၊ ခေါင်းငုံ့ ပြီး သူ့နှဖူးကို လက်နှင့်ထောက် နှိပ်နေ၏။

သူကတော့ ချက်ချင်း ဘာလုပ်ရမည် မသိ။ နောက်မှ မေမေနှင့် ဒေါ်စိန်ကို ပြေးထူရ၏။ တစ်ယောက်တည်းမနိုင်သဖြင့် ဖေဖေ့ကို လှမ်း အကူအညီ တောင်းရ၏။

''ဖေဖေ လာကူပါဦး''

''ညောင်...ဝေါင်...ညောင်...''

ဖေဖေတင်မကဘဲ သူပါ ဆတ်ခနဲ တွန့်သွား၏။ ကျေးဇူးရှင် ပြန်လာပြီ ထင်သည်။ သို့သော် မဟုတ်ပါ...။ ကြောင်အော်သံက ဝေးသွားသည်။ စိတ်ချရသောအခါကျမှ ဖေဖေ့အကူအညီဖြင့် မေမေနှင့်

ဒေါ်စိန်ကို သတိရအောင် ပြန်လုပ်ရသည်။ သူတို့ သတိပြန်ရလာသော အခါကျတော့လည်း တစ်အိမ်လုံး ဆူညံပွတ်လောရိုက်သွားရပြန်သည်။

"ကြောင်သရဲကော…ကြောင်သရဲကော…"

"ရှိသေးလား။ ဘယ်မှာလဲ…"

"ဘယ်ရောက်သွားပြီလဲ။ ဘာဖြစ်သေးလဲ…"

သူတို့ကို စိတ်အေးအေးထားရန် ဖျောင်းဖျရ၏။ ဘုရားစင်ပေါ်မှ ပရိတ်ရေတွေ ဘာတွေ ယူတိုက်ရသည်။ အခြေအနေငြိမ်သက်ပြီးသွား ကာမှ ဖေဖေက…

"သား…။ မင်းအခန်းထဲက ပြတင်းပေါက်ကို သွားပြန်ပိတ်လိုက်"

"ဟုတ်ကဲ့"

ပြတင်းတံခါးကို ပိတ်ရင်း ကျေးဖူးရှင်ကို ဝေ့ဝိုက်ရှာဖွေကြည့် ရသေး၏။ မျက်လုံးစိမ်းကြီးများကို မတွေ့တော့ပါ။

"မင်းအခန်းတံခါးကိုပါ ပိတ်မယ်။ မင်း ဘုရားစင်ရှေ့မှာပဲ အိပ်ရာ ခင်းပြီး အိပ်"

"သား အလုပ်ခန်းထဲမှာပဲ အိပ်မယ်လေ"

"မဖြစ်ဘူး။ ဘုရားစင်ရှေ့မှာပဲ အိပ်။ ဒေါ်စိန်… သူ့ကို ဘုရားစင် ရှေ့မှာ အိပ်ရာခင်းပေးလိုက်။ ပြီးရင် ဒီညအဖို့ရာ ခင်ဗျားက ခင်ဗျား ဆရာမနဲ့ အတူအိပ်"

"ဟုတ်ကဲ့"

"အိပ်ခါနီးရင် တစ်အိမ်လုံးရဲ့တံခါးတွေကို အသေအချာစစ်။ ရေဆူပရိတ်တရားတော်ကို ဖွင့်ပြီးမှ အိပ်မယ်။ ပြောတာ နားလည်လား"

"ဟုတ်ကဲ့"

ထိုညက…

ဘုရားစင်ရှေ့ ကြမ်းပြင်မှာ သူ ခွေခွေလေး အိပ်ရပါတော့သည်။ မေမေက မအိပ်သေးဘဲ တစ်စုံတစ်ယောက်နှင့် ဖုန်းပြောနေသံကို သဲ့သဲ့ ကြားနေရ၏။ စိတ်မော လူမောနှင့် သူ အိပ်ပစ်လိုက်သည်။

ကျေးဖူးရှင် ကြောင်ပေါ(ခေါ်) ကြောင်သိုး (ခေါ်) ကြောင်စုန်း

(ခေါ်) ကြောင်သရဲအတွက်တော့ သူ စိတ်မပူပါ။ မနက်ဖြန် ဆေးပြယ်ပြီး ရုပ်သွင်ပြန်ပေါ်လာသောအခါ လုပသောကြောင်တစ်ကောင်အဖြစ် တစ်အိမ်အိမ်မှာ ချွဲနွဲ့ညာစားနေမှာကိုပင် မြင်ယောင်မိသေးတော့သည်။

●●●

[၁၇]

နောက်တစ်နေ့ကျတော့ ရုံးသို့ သူ စောစောထွက်လာခဲ့သည်။ ထို့ကြောင့် ရုံးသို့ သူ စောစောရောက်ပါသည်။ သို့သော် မိုးကေရီနှင့်အတူ လင်းနန္ဒာဦးတို့အုပ်စုက သူ့အရင် ကြိုရောက်နေသည်ကို တွေ့ရလေသည်။ လင်းနန္ဒာဦးတို့အုပ်စုဆိုသည်က တစ်ခါတုန်းက ပြခန်းမှ ပန်းချီဆရာများ...။

"ဟော...ဆရာရောက်လာပြီကိုး"

"ဟုတ်ကဲ့။ တစ်ပျော်တပါးကြီးပါလား"

"ဟုတ်တယ်။ ဆရာ့ရုံးခန်းကို ရောက်ဖူးအောင် လာလည်တာ"

မိုးကေရီက သူတို့အားလုံးကို နီးရာလက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်နှင့်မုန့်များကို မှာပြီး ညှော်ခံထားသည်။ ရုံးခန်းအပြင်မှာ သူတို့လူအုပ်နှင့်သာ စည်ကားနေတော့သည်။ သူနှင့် ဆွေးနွေးရန် ကြိုရောက်နှင့်နေသော ဧည့်သည်အချို့လည်း ရှိနေ၏။ ရုံးချိန်ကတော့ မတိုင်သေးပါ။ ထို့ကြောင့် သူ့ပန်းချီဆရာများနှင့် ခဏတဖြုတ် စကားပြောနေလိုက်သေးသည်။

တစ်ယောက်က ဆိုလေသည်။

''ဆရာအကြံပေးတာ ကောင်းတယ် ဆရာရဲ့။ ကျွန်တော် လုပ် ကြည့်တာ အဆင်ပြေတယ်''

''ဘာတုန်းဗျ''

''ဩော်...။ ကြက်တူရွေးကို စကားပြော သင်ပေးတာလေ။ 'အားနာစရာကြီး' လို့၊ ဒီကောင် တစ်နေကုန်အော်နေတာပဲ။ အိမ်ကိုလာတဲ့ ဧည့်သည်တွေက အရမ်းသဘောကျတာ...''

သူ ပြုံးနေမိသည်။ (မျက်လုံးဝေ့ကြည့်မိတော့) လင်းနန္ဒာဦးက ပန်းချီဆရာတစ်ယောက် ပြလာသော စေတီပုထိုးဓာတ်ပုံများကို ကြည့်နေသည်။ မိုးကေရီအပါးမှာ ဘိုဘိုထွန်းအမည်ရှိ ပန်းချီဆရာတစ်ဦးက တိုးတိုး တိုးတိုးနှင့် စကားတွေ တွတ်ထိုးနေသည်။ ကျယ်ကျယ် ကျယ်ကျယ် မပြောသာသော အကြောင်းအရာများ ဖြစ်ပုံရသည်။

ကေရီ့မျက်နှာ ရဲခနဲဖြစ်သွားပြီး...

''ရှင်...ဗလအားကိုးနဲ့ လာပြောမနေနဲ့''

တစ်ဆက်တည်း သူ့ကို အားကိုးတကြီးလှမ်းကြည့်ပြီး...

''ဆရာ ရုံးဖွင့်ပြီး အလုပ်စလိုက်ရအောင်...''

အချိန်ငါးမိနစ် လိုပါသေးသည်။ သို့သော် သူမ၏အခက်အခဲကို ကူညီသည့်အနေနှင့်...

''အေး...။ ကေရီ လုပ်စရာရှိတာကို လုပ်ထားနှင့်လေ''

မိုးကေရီက ဝမ်းမြောက်ဝမ်းသာနှင့် ဖိုင်တွဲများ၊ စာရွက်စာတမ်းများကို ခေါင်းငုံ့ မွှေနှောက်နေတော့၏။

ပန်းချီဆရာ ဘိုဘိုထွန်းကလည်း ဗလအားကိုးနှင့်ပင် သူမအပါးမှ အင်တင်တင် ထွက်ခွာသွားသည်။ ဝေးဝေးလံလံလည်း မဟုတ်၊ လင်းနန္ဒာ ဦးအနား...။ သူ့ကို မမြင်သလိုနှင့် လင်းနန္ဒာဦးက အားလုံးကို လှမ်း အော်သည်။

''ကဲ...။ ပရိသတ် သွားကြတော့၊ ပြန်ကြတော့။ ဒီမှာ ရုံးခန်းဖွင့် ပြီး အလုပ်လုပ်မယ်''

''ဟဲ့...။ ငါက အခုမှ ရောက်တာပါဟယ်''

ထိုသို့ပြောပြီး ဝင်လာသည်က ကိုကျော်ဌေး…။ မျက်နှာကလေး ငယ်သွားသယောင်ပြုပြီး ဆိုသည်။ လင်းနန္ဒာဦးက 'ခစ်'ခနဲ ရယ်လျက် 'ကိုကျော်ဌေး…။ ကေရီ့ကို သွားကူချေ'ဟု ဆိုသည်။ ပန်းချီဘိုဘိုထွန်း ခမျာ ဗလအားကိုးနှင့် အနိုင်နိုင်ပြုံးနေရှာသည်။ အားလုံးက သူ့ကို နှုတ်ဆက်ကာ ပြန်ကြ၏။ ပန်းချီဘိုဘိုထွန်းလည်း ဗလအားကိုးနှင့် လိုက်ပြန်သွားရလေသည်။ ထိုအခါကျမှ သူတို့လည်း အလုပ်ကို စဖြစ်၏။

လုပ်နေကျမို့ အခက်အခဲမတွေ့ပါ။ ကိုကျော်ဌေး၏ အသံကြီး အခန်းထဲ ဝင်ဝင်လာတာပဲ ဆိုးသည်။ သူ့အတွက် ပြဿနာက ထမင်းစား ချိန်မှာ ဖြစ်သည်။ သူကတော့ ထမင်းစားလျှင် စကားသိပ်မပြောတတ်။ ကိုကျော်ဌေးကတော့ ထုံးစံအတိုင်း နောက်ပြောင်အူမြူးလျက်…။ စကားတစ်လုံးမှ အငြိမ်မနေ…။ သူ့ခံတွင်းမှာ ထမင်းဟင်းပြည့်ပြီး ခေတ္တငြိမ်နေချိန်လေးမှာ ကျန်သူတွေက ပြောချင်တာ ပြောရ၏။

မိုးကေရီက မေးပြီး လင်းနန္ဒာဦးက ဖြေပုံ…။

"နန္ဒာတို့ ပန်းချီကားတွေကို ကေရီတော့ ဘယ်လိုနားလည်ရမလဲ မသိဘူး"

"ဘာဖြစ်လို့လဲ"

"ဟိုလေ…။ ပါဖောမန့်(စ်)ဆိုတာ…"

"အင်း…ပြောလေ။ ဘာဖြစ်လို့လဲ"

"သူက ကိုယ့်ကိုယ်ကိုပဲ ကြားခံပစ္စည်းတစ်ခုအနေ အသုံးပြု ဖျော်ဖြေတာ မဟုတ်လား"

"အင်း…ဟုတ်တယ်။ ကေရီ သိသားပဲ"

"ဒါပေမဲ့ ကေရီ တခြားမော်ဒန်အတ်နဲ့ ပတ်သက်တဲ့ စာအုပ် တစ်အုပ် ဖတ်ရသေးတယ်"

"အင်း…ပြောပါဦး"

"အဲဒီမှာကျတော့ မီဒီယမ်ဆိုတဲ့ ကြားခံပစ္စည်းတွေကို ဖျောက်ပစ်ဖို့ တိုက်တွန်းထားတယ်"

"အင်း…"

"အဲ့ဒါဆို ဘယ်လိုလုပ်ရမလဲ။ အဲ့ဒီ ပါဖောင်းမန့်စ်အတ်က..."

"ကိုယ်ပျောက်အောင် လုပ်လိုက်ပေါ့ဟာ။ ခစ်...ခစ်...ခစ်...။ အဆင့်မြင့် အနုပညာပေါ့"

သူ မျက်မှောင်ကြုတ်ကာ စဉ်းစားနေမိသည်။ ကောင်မလေး နှစ်ယောက်က အလေးအနက်မဟုတ်ဘဲ ပေါ့ပေါ့ပါးပါး ပြောနေကြခြင်း ဖြစ်၏။ သူ့အတွက်က တွေးစရာ ဖြစ်လာပြန်သည်။ ထမင်းကိုပင် ကောင်းကောင်း ဆက်မစားနိုင်တော့...။ နှုတ်ခမ်းသုတ်ပြီး ထိုင်ရာမှ ထတော့ အားလုံးကို သူ့ကို ဝိုင်းကြည့်ကြသည်။

"ဝပြီလား"

"အင်း"

"နည်းလှချည်လား"

"ဒီလောက်ပဲ"

ရုံးချိန်ပြီးတော့ အိမ်ကိုပဲ တန်းပြန်လာခဲ့၏။ ကိုကျော်ဌေးက ဘီယာသောက်ရန် မြူဆွယ်ဖျားယောင်းသည်ကိုပင် လက်မခံတော့။ နေအိမ်ကို ပြန်လာရသည်ကိုပင် စိတ်လှုပ်ရှားသလို ဖြစ်နေမိသည်။ အိမ်မှ လူတွေနှင့်လည်း ဟက်ဟက်ပက်ပက် စကားမပြောဖြစ်။ အိပ်ခန်းထဲ တန်းဝင်ပြီး အစီအစဉ်ဆွဲနေမိသည်။ ည အိပ်ချိန်ရောက်တော့မှ သူ့အကြံ ကို အကောင်အထည်ဖော်ရတော့သည်။

ကိုယ်လုံးပေါ်မှန်ရှေ့မှာရပ်ပြီး သူ့တစ်ကိုယ်လုံးကို ဆေးဖြင့် ပြန်မှုတ်မိခြင်းဖြစ်သည်။ ဝတ်လစ်စလစ်အနေအထားကို သူ့ဘာသာ အနေရ ခက်သည့်ကြားထဲ တစ်ကိုယ်လုံးကို ဆေးပြန်မှုတ်ရခြင်းကလည်း အနည်း ငယ် လက်ပေါက်ကပ်သည်။ မှန်ထဲမှ သူ့ပုံရိပ်က တဖြည်းဖြည်း ပျောက် သွားသည်။

မျက်လုံးရှေ့မှာ ဇာပုဝါလေး စည်းထားရသည်။ ပုဝါက ပျောက် သွားပြီဖြစ်သဖြင့် ပုဝါအောက်မှသူ့မျက်လုံးများကို မမြင်ရတော့။ သူကတော့ ပုဝါကိုဖောက်ပြီး အပြင်ကို မြင်ရပါသည်။ နောက်ဖေးတံခါးမှနေ ခြံအပြင်ကို တိတ်တဆိတ်ထွက်ရ၏။ ကျောထဲမှာ စိမ့်သွားသည်။

"သောက်ခွေးထဲမှပဲ...။ အေးလိုက်တာ"

လေပြေအေးက သူ့ဝတ်လစ်စလစ် ခန္ဓာကိုယ်ကို ဆော့ကစားလေသည်။ သူ့ကို မည်သူကမှ မမြင်ရသည့်တိုင် သူကတော့ လူရှင်းသောလမ်းများမှ ရွေးသွားနေမိသည်။ အင်္ကျီဘောင်းဘီ မပါသည်ကို စိတ်မလုံသောကြောင့် ဖြစ်သည်။ ကားမီးထိုးတိုင်း စိတ်ကသိကအောက်ဖြစ်မိသည်။

ကိုယ်ပျောက်နေသဖြင့် အတင့်ရဲချင်၍လည်း မရချေ။ သူ သတိနှင့်သာ သွားလာနေမိသည်။ တစ်ဖက်မှလည်း ပျော်သလိုလို လွတ်လပ်သလိုလို ခံစားရ၏။

"ပွဲတော်ကို...ပွဲတော်ကို..."

ဘတ်စ်ကားတစ်စီးက လူခေါ်နေသည်။ ထိုအခါကျမှ ပွဲတော်ရှိမှန်း သူ သတိရ၏။ ပွဲတော်မှာ ယခုပြနေသောဆပ်ကပ်က အတော်နာမည်ကြီးသည်။ ကောင်းသည်ဟုလည်း ပြောကြသည်။ သူကတော့ စိတ်ဝင်တစားသိပ်မရှိလှပါ။ မိုးကေရီတို့၊ လင်းနန္ဒာဦးတို့က သူ့အား လိုက်ပြခိုင်းသည်ကိုပင် သူ မသိကျိုးကျွံ ပြုနေခဲ့သည်။

သို့သော် ဘတ်စ်ကားက လူချောင်သဖြင့် သူ တက်လိုက်လေသည်။

"ဟိုးထား..."

သတိလက်လွတ် သူ အော်လိုက်မိသည်။ လူကို မမြင်ရဘဲ အသံကြီးထွက်လာသဖြင့် ဒရိုင်ဘာနှင့် စပယ်ယာလည်း ကြောင်သွားကြသည်။ တစ်ယောက်ကိုတစ်ယောက် နားမလည်သလို ကြည့်ကြ၏။ မည်သို့ပင်ဖြစ်စေ... သူကတော့ ကားပေါ်ကို ရောက်သွားပြီဖြစ်သည်။ အခက်ကြုံရသည်မှာ လူတွေက သူ့ကိုမမြင်ဘဲ သူ့ဆီ တိုးတိုးလာကြခြင်းဖြစ်သည်။ မနည်းလွတ်အောင် ရှောင်နေရသည်။

ပွဲတော်သို့အရောက်မှာ ခရီးသည် တော်တော်များများ ဆင်းကြသည်။ ကားပေါ်မှာလည်း ခုံလွတ် တော်တော်များများရှိလာသည်။ ပြူတင်းပေါက်နံဘေးမှာ ခုံလွတ်တစ်လုံးတွင် သူ ဝင်ထိုင်ပြီး အပြင်သို့

ဝေးနေလိုက်သည်။ ထိုအချိန် သူ သတိမထားလိုက်မိသည်က အသီဖြိုးဖြိုးနှင့် အန်တီကြီးတစ်ယောက် သူခုံမှာ လာထိုင်ခြင်းဖြစ်သည်။ သူ့ကို မမြင်ရသည့်အတွက် သူ့အပေါ်တည့်တည့်ကြီးကို ထိုင်ချခြင်းဖြစ်သည်။

သူ လန့်သွားသည်။ အန်တီကြီးက ပိုလန့်သွားသည်။

''အောင်မလေး...။ ဘာကြီးလဲ''

ဝုန်းခနဲ ပြန်ထရပ်သည်။ နံဘေးမှ ခရီးသည်အားလုံးလည်း လန့်သွားသည်။ စပယ်ယာက မျက်မှောင်ကြုတ်ကြည့်ပြီး 'ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'ဟု မေးသည်။ သူလည်း လွတ်ရာကို အမြန်ရှောင်ထွက်ရ၏။

''ထိုင်လိုက်တာ အောက်က ခုလုခုလုကြီး''

''ဘာမှ မရှိပါဘူး''

''ခုနကတော့ သေချာတယ်''

''အခု ထိုင်ကြည့်ပါဦး''

အန်တီကြီးက မရဲတရဲ ပြန်ထိုင်သည်။ ဘာမှမရှိတော့။ ဇဝေဇဝါဖြစ်သွားသည်။

''ခုနကတော့ ရှိတယ်''

''ဟာ...အန်တီကြီးကလည်းဗျာ၊ အလန့်ထညက်လုပ်တယ်''

ရှေ့မှတ်တိုင်မှာပဲ သူ ဆင်းလိုက်သည်။ အပြန်ကားကို သတိကြီးကြီးနှင့်စီးပြီး အိမ်ဖက်ပြန်ရောက်လာသည်။ အိမ်ထဲကိုလည်း သတိကြီးကြီးနှင့် ဝင်ရပါ၏။ 'ဒီအချိန်မှာသာ သူ့ကို အခန်းထဲမှာ တစ်ယောက်ယောက်က လာရှာလျှင် ခက်ဦးမည်'ဟုလည်း တွေးပြီး စိုးရိမ်မိသည်။

မနက်ကိုးနာရီမှာ သူ ဆေးတွေပြယ်သွား၏။ အဝတ်အစားတွေ ပြန်ဝတ်ပြီး အခုမှ အိပ်ရာကနိုးသည့်ပုံစံဖြင့် အခန်းပြင်သို့ ထွက်ခဲ့သည်။ ယုတ္တိရှိအောင် ညည်းရသေးသည်။

''အား...။ အိပ်ရေးကို ဝသွားတာပဲ''

●●●

[၁၈]

''မင်းကိုကြည့်ရတာ အိပ်ငိုက်နေသလိုပဲ''

''အင်း...''

ကိုကျော်ဌေးမေးပြီးတော့ မိုးကေရီက တစ်လှည့်မေးပြန်သည်။

''ပြီး...ဆရာ အအေးလည်း ပတ်လာသလိုပဲ''

''အင်း''

''ဘာဖြစ်လို့လဲ''

'ညဖက်မှာ ကိုယ်လုံးတီးကြီး လျှောက်သွားလို့ပေါ့' ဟုဖြေလိုက်လျှင်လည်း မကောင်းရှိတော့မည်။ မယုတ်မလွန်ဘဲ ဖြေလိုက်သည်။

''ညက အလုပ်နည်းနည်းများသွားလို့ပါ''

''ဆရာက လုပ်ပြန်ပြီ။ ကျန်မာရေးကို ဂရုစိုက်ပါဆို...''

''အင်း...''

''ငါ...ကြည့်ရတာလည်း မင်းက လက်ရှိအလုပ်ထက်စာရင် တခြားတစ်ခုခုကို စိတ်ဝင်စားနေသလိုပဲ''

''ဒီလိုပါပဲ''

''တော်ပြီ...။ မင်းကို ဘာမှမပြောတော့ဘူး''

'မပြောလည်း အေးတာပဲ'ဟု စိတ်ထဲမှတွေးမိသည်။ ကိုယ်က ညဘက်မှာ ကိုယ်ပျောက်ပြဇာတ်ကို ဘယ်လိုဆက်ကရင် ကောင်းမလဲ ဟု စဉ်းစားနေခြင်းဖြစ်သည်။

ဒီနေ့ရုံးခန်းမှာ လူမရှိ။ အရေးကြီးသော ညှိသည်သုံးယောက်နှင့်ပဲ ဆွေးနွေးကာ ရုံးခန်းကို အစောကြီး ပိတ်ပစ်လိုက်ခြင်းဖြစ်သည်။ အခု သူတို့အားလုံး ပြောနေသည်က အအေးဆိုင်မှာ။ သူက...

''ကဲ...ကဲ...ပြန်ကြရအောင်။ လူစုခွဲကြစို့။ ကျွန်တော်လည်း လုပ်စရာလေးတွေ ရှိသေးတယ်''

''မင်းက ဘာတွေ အလုပ်ရှုပ်နေတာလဲ''

''အချိန်တန်တော့ သိမှာပေါ့ဗျာ''

လူစုခွဲပြီး သူ လှည့်ပြန်လာသည်က ပိတ်ထားသော ရုံးခန်းဆီ။ ရုံးခန်းထဲမှာ သူ လျှို့ဝှက်သိမ်းထားသော ကိုယ်ပျောက်ဆေးများရှိသည်။ သူ့တစ်ကိုယ်လုံးကို သုတ်ဖြန်းလျက် ရုံးခန်းတံခါးကို ပိတ်ပြီး ခပ်တည်တည် ပြန်ဆင်းလာလိုက်သည်။ ခြေသံ အနည်းငယ်ကျယ်သွားသဖြင့် အချို့က မသင်္ကာသလို လှမ်းကြည့်ကြတာကိုလည်း ခံလိုက်ရသေးသည်။ ကိစ္စမရှိ၊ ဘာမှမတွေ့တော့ သူတို့ မျက်နှာပြန်လွှဲသွားကြသည်။

တစ်ယောက်စနှစ်ယောက်စကပဲ အကဲခပ်သလို အူကြောင်ကြောင် ဆက်ကြည့်ကြသည်။

ရုံးသို့အလာ ကားယူမလာခဲ့။ တမင်ထားခဲ့ခြင်းဖြစ်သည်။ ကားက အရိုင်ဘာမပါဘဲ မောင်းနေတာကိုတွေ့လျှင် လူပရိသတ်အပေါင်းတို့ အုတ်အော်သောင်းတင်း ဖြစ်သွားနိုင်သည်။ ဟိုကား ခိုးစီး၊ သည်ကား ခိုးစီးနှင့်ပဲ လိုရာကို ရောက်ခဲ့သည်။

ယခင် သူနေခဲ့သောရပ်ကွက်ကိုပဲ ဖြစ်သည်။ သိဟောင်း ကျွမ်းဟောင်းတွေကို တွေ့ရသဖြင့် ဟိုလူ့ကိုပြောင်၊ ဒီလူ့ကိုနောက်နှင့် ကြည့်ခြောက်လှန့်ခဲ့သေးသည်။ နောက်မှ ကိုယ့်တာသာ ကိုယ်မောပြီး ရုံးခန်းကို ပြန်လာသည်။ ဒီည ရုံးခန်းမှာပဲ အိပ်မည်ဆိုသည့်အကြောင်း အိမ်ကို ဖုန်းဆက်သည်။

အရေးထဲမှာ ဖြိုးပြည့်ပြည့်ဇော်က အိမ်ကို ရောက်နေသည်။ ဒေါ်စိန့်ဆီမှ ဖုန်းကို သူမက လုယူပြီး…

"ဟင်…ကိုခေတ်က ဒီည ပြန်မလာဘူး။ ဟုတ်လား…"

"အင်…"

"ဟာ…ဘာဖြစ်လို့ ကိုခေတ်ရဲ့"

"အလုပ်ကလေးတွေ ရှိနေလို့"

"ကွာ…။ ဖြိုးက ကိုခေတ်ကို ပွဲတော်လိုက်ပို့ခိုင်းမလို့…"

"ကိုယ့်ဘာကိုယ်သာ သွားလိုက်တော့…"

"ဟင့်…။ ကိုခေတ်က အဲဒီအတိုင်းကြီးပဲ"

"သိရဲ့သားနဲ့…"

ဖြိုးပြည့်ပြည့်ဇော် စိတ်လျှော့ပြီး ဖုန်းပြန်ချသွားသည်။ ဒါတောင် ရုံးခန်းသို့ လိုက်လာမည်တကဲကဲလုပ်နေ၍ အတင်းတားရသေးသည်။ လာလျှင်လည်း သူ့ကို မြင်ရမည်မှ မဟုတ်ဘဲ။

မြင်ရလျှင်လည်း…

ဟင်း…။ မပြောလိုက်ချင်ဘူး…။

ဖုန်းပြန်ချလိုက်ရုံ ရှိသေးသည်၊ ဖုန်းက မြည်လာပြန်သည်။

"ဆရာလား"

ခု တစ်ခါဆက်သူက လင်းနန္ဒာဦး။

"အင်း…ဟုတ်တယ်"

"ကေရီရှိလားဆရာ…"

"ပြန်သွားပြီ"

"ဟင်…။ အစောကြီးပြန်ပါလား"

"ဒီနေ့ ရုံးအစောကြီး ဆင်းတယ်"

"နန္ဒာက သူ့ကို ဒီည ဆပ်ကပ်ကြည့်ဖို့ ချိန်းမလို့"

ဟင်…တစ်ယောက်လုပ်လာပြန်ပြီ။

"သူ့အိမ်ကိုပဲ ဖုန်းလှမ်းဆက်လိုက်လေ"

"အင်းပေါ့…။ ဆရာက လိုက်မပို့တော့ သူ့ကိုပဲ ခေါ်သွားရ

တော့မှာပေါ့...''

''ကိုကျော်ဒွေးကိုပါ ခေါ်သွားပေါ့။ သူပါရင် မြိုင်တယ်''

''အင်းလေ...။ ရရင် ခေါ်သွားတာပေါ့''

လင်းနန္ဒာဦး ဖုန်းချသွားတော့ ကိုယ်ဘာသာ တစ်ယောက်တည်း စဉ်းစားချင်သည်။ စဉ်းစားရင်းလည်း ပြုံးစိစိဖြစ်မိသည်။ ဟုတ်ပြီ...။ ဒီည ဆပ်ကပ်ပွဲကို သွားနောက်မည်။

သူတို့တွေ ဆပ်ကပ်ကစားနေသည်ကို ကိုယ်က ပါဝင်ဆော့နေရလျှင် ပျော်စရာကောင်းလိမ့်မည်။ ကမောက်ကမနှင့် ရယ်စရာလည်း ကောင်းလိမ့်မည် ထင်သည်။

မှောင်စပျိုးချိန်တွင် သူ့ကိုယ်ပျောက်ဝတ်ရုံနှင့် သူ ထွက်လာခဲ့၏။ လောကကြီးသည် လွတ်လပ်လွန်းလှပေစွ။ ဘတ်စ်ကားခလည်း မပေးရ။ ဆိုက်ကားတစ်စီးကိုပင် ပိုင်စိုးပိုင်နင်း နောက်မှ တက်ထိုင်လိုက်ခဲ့သေးသည်။ ရှေ့မှ ခရီးသည်ကို ဆိုက်ကားသမားက ပြော၏။

''ဆိုက်ကားက လေးသွားသလိုပဲ''

''အင်း...။ ဟုတ်တယ်''

သူ ညင်ညင်သာသာ ပြန်ဆင်းပေးလိုက်၏။

''ဟော...ပေါ့သွားပြီ''

''ဟုတ်တယ်...။ ခု ပြန်ပေါ့သွားပြီ။ ဘယ်လိုဖြစ်တာလဲ မသိဘူး''

''ကုန်းတက်မို့လို့ ထင်တယ်''

သူတို့ ကြောင်တက်တက်ဖြင့် ခရီးဆက်ထွက်သွားကြလေသည်။ သူလည်း ပျော်ပျော်မြူးမြူး ကိုယ့်လမ်းကိုယ် ဆက်ထွက်ခဲ့၏။ မဟာန်နိုင်တော့၍ လမ်းမလျှောက်နိုင်တော့သော အမူးသမားတစ်ယောက်ကိုပင် ဝင်တွဲပေးခဲ့သေးသည်။ သူ့ကို မမြင်ရမှန်းလည်း လူမှန်းသူမှန်းမသိသော အမူးသမားက မသိ။

''ကျွန်တော်ငယ်ငယ်ကပေါ့ဗျာ...''

လျှာလေးအာလေးကြီးဖြင့် သူ့ကိုပင် စကားဆိုလိုက်သေးသည်။

''ဟုတ်ကဲ့...။ ပြောပါဦး''

"မဟော်သဓာနဲ့ အနော်ရထာကို ညီအစ်ကို အောက်မေ့နေတာ"

သူ့မှာ ရယ်ရသေးတော့၏။ အသံကျယ်ကျယ်လည်း မထွက်ရဲ၊ ခုလောက်နှင့်တောင် လမ်းတစ်လျှောက်မှလူများက တစ်ယောက်တစ်ပေါက် မှတ်ချက်ပေးနေကြပြီ။

"ဟိုလူလမ်းလျှောက်လာတာက ဘယ်လိုကြီးလဲ"

"အေးလေ…။ လက်တစ်ဖက် မြှောက်ကားကားကြီးနဲ့"

"ပုံမှန်ဆို လဲကျသွားရမှာနော်"

"အင်းလေ…။ တော်တော်ထူးဆန်းတဲ့ အမူးသမားပဲ"

"ဘေးကနေ တစ်ယောက်ယောက် ထိန်းပေးထားတဲ့ ပုံစံမျိုးကြီးနော်"

"ဟုတ်ပ။ ဘီလူးသရဲ စီးလာတာလား မသိဘူး"

လမ်းကွေ့မှောင်ရိပ်တစ်ခုမှာ သူလည်း လွှတ်ပေးလိုက်ရော အမူးသမားက ပုံကျပြီး တရှူးရှူးတရှဲရှဲ အိပ်ပျော်သွားသည်။ အန္တရာယ်မရှိနိုင်ဟု ယူဆကာ ဤအတိုင်းပင် ထားခဲ့ရသည်။

ပွဲတော်ဆီ သူက သွားရဦးမည်လေ…။ ရောက်လုပါပြီ၊ တွေးရင်းငေးရင်းနှင့်ပင် ရောက်သွား၏။ သူရောက်တော့ ပွဲတော်က စည်ကားနေပြီ။

စျေးဆိုင်ကြီးငယ်များ၊ ကြည့်ချင်ပွဲများ၊ ဇာတ်သဘင်အဖွဲ့များ၊ လူသူပရိသတ်များဖြင့် မြိုင်ဆိုင်ဆူညံနေသည်။ မျက်လှည့်ရုံနှင့် ဆက်ကပ်ရုံရှေ့မှာလည်း ပွဲတော်လာ ပရိသတ်များက အပုံအပင်။ သူက ဘာမှဝတ်မထားရသဖြင့် လူကြားထဲကိုလည်း သိပ်မတိုးရဲ၊ သူ့ဆီ တိုးလာလျှင်လည်း ခုန်ပျံရှောင်လွှားနေရသည်။ သူ့အဖြစ်နှင့် သူဖြစ်နေပြီး ရယ်ရခက် ငိုရခက်။

"ဟော…"

လင်းနန္ဒာဦးတို့သုံးယောက်ကို ဆက်ကပ်ရုံ ဝင်ပေါက်အနားမှာ တွေ့ရသည်။ ကိုကျော်ဌေးသာ ပါမလာလျှင် အခက်။ မချောလေး

နှစ်ယောက်ကို ကာလသားတွေက ရစ်သီ…ရစ်သီ။

"သွား…ကိုကျော်ဌေးကြီးက လက်မှတ်သွားဝယ်"

"ဟဲ့…။ ငါမရှိရင် နင်တို့ကို ဘယ်သူက စောင့်ရှောက်မလဲ"

"ရပါတယ်…။ ကိုယ်စောင့်နတ်တွေ ရှိတာပဲ"

"နင်တို့ကိုယ်စောင့်နတ်ကျတော့ အထီးလား၊ အစ်မလား"

"ကပ်သီးကပ်သပ်ကတော့ လုပ်လာပြီ"

"အေးလေ…။ ငါပြောတာက ငါတို့ယောကျ်ားလေးတွေဆိုရင် ကိုယ်စောင့်နတ်က နတ်သားဖြစ်ဖို့ များတယ်။ နင်တို့မိန်းမလေးတွေကျတော့ နတ်သမီးလား…"

ကိုကျော်ဌေးနှင့် မိုးကေရီတို့ ပတ်ရှုပ်နေကြသည်။ လင်းနန္ဒာဦးက စကားဝင်ဖြတ်သည်။

"ကိုယ်စောင့်နတ်က နတ်သားကော နတ်သမီးကော ရှိတယ်။ ဆယ့်တစ်ပါးဆိုလား၊ ဆယ့်နှစ်ပါးဆိုလား မမှတ်မိတော့ဘူး။ ကဲ…အဲ့ဒါတွေထားပါ။ ကိုကျော်ဌေး လက်မှတ်သွားဝယ်ချည်။ မြန်မြန်သွား။ မြန်မြန်လာ"

ကိုကျော်ဌေးက စိတ်မဖြောင့်ဟန်နှင့် ထွက်သွား၏။ စိတ်မဖြောင့်တာလည်း မှန်ပါသည်။

ကိုကျော်ဌေး မရှိတော့သည်နှင့် သူမတို့အပါးသို့ ကာလသားတွေ ချည်းကပ်လာကြတော့သည်။ ခေါင်းဆောင်ဖြစ်ဟန်တူသူက…

"ဟိုလေ…ညီမလေးတို့"

သူမတို့က မကြားချင်ယောင် ဆောင်နေသည်။ ထိုလူက ပြီတီတီမျက်နှာနှင့်…

"ညီမလေးတို့က အရမ်းလှတာပဲနော်…"

" "

"ဟဲ…ဟဲ…။ ညီမလေးတို့ရဲ့အလှကို ခံစားရတာ အစ်ကိုမြီးညောင်းရိုးထဲမှာ ယားလိုက်တာ"

ထိုလူ့နောက်သို့ သူ အရောက်သွားလိုက်၏။ ယားသည်ဆိုသော

မြီးညှောင်းရှိုးကို ကုတ်ပေးလိုက်၏။ ထိုလူ ဆတ်ခနဲတွန့်ပြီး ဖင်မြှောက် တက်သွား၏။ လန့်ဖျတ်ပြီး နောက်သို့ လှည့်ကြည့်သည်။ မည်သူ့ကိုမှ မတွေ့တော့ သူ့လူတွေကို မသင်္ကာသလို လှည့်ကြည့်သည်။ သူ့လူတွေ ကလည်း ခပ်လှမ်းလှမ်းမှာ…။

အားမလျှော့သေးဘဲ ဆက်ပြောပြန်၏။

''ညီမလေးတို့အတွေ့ပဲလေ…။ မြီးညှောင်းရှိုးက တကယ်ကို ယားတာ''

ထပ်ကုတ်ပေးလိုက်ပြန်တော့…

''အား…''

တွန့်လိမ်ခုန်မြောက်သွားသည်။ နောက်သို့ ထိတ်လန့်တကြား လှည့်ကြည့်ပြန်သည်။ သူ့လူတွေဆီ တစ်ချိုးတည်း ပြန်ပြေးတော့၏။ ကမူးရှူးထိုး ပြောသည်။

''တစ်မျိုးပဲကွ..။ ဘာတွေလည်း မသိဘူး။ ဉစ္စာစောင့်တွေ ထင် တယ်။ ခုနကလည်း သူတို့တွေ နတ်အကြောင်းပြောနေတာ ငါ မထင် မရှား ကြားလိုက်တယ်။ လာ…လာ…သွားကြမယ်''

သူတို့အုပ်စု ရှောင်ထွက်သွားပြီးနောက်မှ ကိုကျော်ဌေး ပြန်ရောက် လာသည်။

''ခုံနေရာကောင်းကောင်း ရခဲ့တယ်။ ဝင်တော့မလား…။ စတော့ မစသေးဘူး''

''မဝင်သေးဘူးလေ…။ ပွဲခင်းထဲ လျှောက်ကြည့်ကြသေးတာပေါ့''

''ကောင်းတယ်…''

သူတို့တွေ ပွဲခင်းထဲ တိုးဝင်သည်။ သူတို့နောက်သို့ သူ မလိုက်တော့ပါ။ သူ့ဘာသာ ဟိုဟိုသည်သည် လျှောက်ကြည့် သွားလာ နေလိုက်၏။ ပွဲခင်းထဲမှာ သူ့အသိအကျွမ်း တော်တော်များများကို တွေ့ရ၏။ ဒေါ်သန်းစိန်ကြီးပင်လျှင် ဘူသီးကြော်ရောင်းနေသည်ကို တွေ့သဖြင့် တစ်ခုနှိုက်စား လာခဲ့သေးသည်။ ဘူသီးကြော်ကြီး လေထဲမှာ တပျပ်ပျပ် ကုန်သွားတာကို တွေ့လျှင် သူမ တက်သေသွားနိုင်သည်။

ထိုကြောင့် ဘယ်သူမှ မမြင်အောင် စေတနာ၊ မေတ္တာ ရှေ့ထားပြီး သူ ခိုးစားခဲ့ခြင်းဖြစ်သည်။

ထိုသို့မှ မစားလျှင် မဖြစ်၊ ဗိုက်နည်းနည်းဆာသည်၊ သူ့ကိုယ်ပေါ်မှာ ဘာမှမပါသဖြင့် ပိုက်ဆံက ထည့်ယူလာ၍ မရဘဲကို။ **(တကယ့်ကို ပစ္စည်းမဲ့လူတန်းစား ဖြစ်နေသည်။)**

ဆက်ကပ်ရုံဘက်သို့ တစ်ပတ်ပြန်လည်ရောက်လာသည်။ ဆက်ကပ်ပွဲက စနေပြီ။ ရုံထဲမှာလည်း လူစုံသလောက် ရှိနေပြီ။ တီးလုံးနှင့် နောက်ခံစကားပြောများအရ ဂျွမ်းဘားပြကွက်ဖြစ်ကြောင်း သူ သိလိုက်သည်။ ဂျွမ်းဘားမောင်မယ်ကလေးများကို ဖျော်ဖြေခိုင်းထားသည့် အပျိုးပြကွက် ဖြစ်ပါလိမ့်မည်။

သူ ရုံနောက်ဘက်မှ ပတ်ဝင်လာလိုက်သည်။ ပရိသတ်ဝင်ပေါက်မှ ဝင်လျှင်လည်း ရပါသည်။ သို့သော် သူက စင်နောက်သို့ သွားလိုခြင်းဖြစ်သည်။ စင်နောက်မှ လှုပ်ရှားမှုများကို ကြည့်လိုသည်။ ပြီး… စင်ပေါ်သို့ တက်ပြီး သူ ဝင်ရောက် နှောက်ပြောင်လိုခြင်းဖြစ်၏။(လျှာထုတ်ပြမည် မျိုးတော့ မဟုတ်။ မြင်ကြရမည် မဟုတ်)

စင်နောက်ဘက်က အတော်ကျယ်ဝန်းသည်၊ ဆက်ကပ်အဖွဲ့သားများ အသီးသီးလေ့ကျင့်နေကြ၏။ သူ ခေတ္တ ငေးကြည့်နေမိသေးသည်။ အားလုံးက အလုပ်ရှုပ်နေကြ၏။ သူပဲ လူပိုကြီးဖြစ်နေသည်။ လူပိုကြီးတော့ အဖြစ်မခံနိုင်ပါ။ ထိုကြောင့် သူ့မှာ ဝင်ရှုပ်ရမည့်ဝတ္တရား ရှိလာသည်။

လူတစ်ယောက်…

တုတ်ဖျားထိပ်မှ ပန်းကန်ပြားကို လည်မွှတ်အောင် လှည့်နေသည်။ ငြိမ်ငြိမ်ကလေးရပ်၍ လှည့်နေခြင်းမျိုး မဟုတ်။ ခြေထောက်ကို ကကွက်တစ်ခုနှင့်အတူ လှုပ်ရှားရင်း လှည့်နေခြင်းဖြစ်သည်။ ကြည့်၍တော့ ကောင်းသည်၊ သို့သော်…ကြာတော့လည်း ကြည့်ရင်းနှင့် ပျင်းလာသည်။

ထိုကြောင့်…

ထိုပန်းကန်ပြားကို လက်ညှိုးနှင့် လှမ်းထိုးလိုက်သည်။

"ခွမ်း"

ပန်းကန်ပြား ကျကွဲသွားသည်။ ထိုလူလည်း နှာခေါင်းကို
လက်နှင့် ပွတ်ရင်း ကြောင်စီစီဖြစ်နေသည်။ မယုံကြည်နိုင်တော့သလို။
ပြီး… ရှက်စရာကြီး။

အခြားဆက်ကပ်သမားများက ဟိုလူ့အဖြစ်ကို ကြည့်ရင်း ပြုံးကြ
၏။ ထိုလူက ငြိမ်မခံပါ။ အားလုံးကို ဘုကြည့် ပြန်ကြည့်၏။ ထို့နောက်
ထိုနေရာမှ လှည့်ထွက်သွားသည်။ နောက်ထပ် ပန်းကန်ပြားအသစ်ကို
သွားရှာပုံ ရသည်။

အခြားလူတစ်ယောက်ကကျတော့ လက်လှည့်ဆရာ ဖြစ်ပုံရသည်။
ဘောလုံးကလေးများ အဆက်မပြတ် မြှောက်တင် ကစားပြနေသည်။
ကိုယ်ပေါ်မှာလည်း ဘောလုံးတွေက ဘယ်ကဘယ်လို ထွက်ထွက်လာ
သည်မသိ။ တစ်လုံးပြီးတစ်လုံး ထွက်ထွက်လာသည်။ မကြည့်ဘဲနှင့်
ထုတ်၊ မကြည့်ဘဲနှင့် မြှောက်၊ မကြည့်ဘဲနှင့် ပြန်ဖမ်းပြနေခြင်းဖြစ်သည်။
သူ ကလိချင်လာပြန်သည်။

ထိုကြောင့် ထိုလူ ပစ်မြှောက်ထားသော လေထဲမှ ဘောလုံးများ
အနက် နှစ်လုံးကို လက်နှစ်ဖက်နှင့် ဖမ်းဆုပ်ထားလိုက်သည်၊ သူ့လက်ဖဝါး
ထဲတွင် မြုပ်အောင် ဆုပ်ထားလိုက်ခြင်းဖြစ်သောကြောင့် ဘောလုံးနှစ်လုံး
က လေထဲမှာ ပျောက်သွားသလို ဖြစ်သွားသည်။

လက်လှည့်ဝိဇ္ဇာကြီးကတော့ ထိုသည်ကို မမြင်လိုက်ပါ။ သို့သော်
ဘောလုံးနှစ်လုံး ပြန်မကျလာသည့်အတွက် လက်ကားယား ခြေကားယား
ဖြစ်ပြီး အတော်ရုပ်ပျက်ဆင်းပျက် နိုင်သွားသည်။ နားဝေတိမ်တောင်
ဦးစားနေပုံရသော မျက်နှာကြီးက လက်ညှိုးထိုးပြီး ရယ်ချင်စရာ။

ထိုသို့ ဆက်ကပ်သမားများကို ကြံသလို လျှောက်နောက်
ပြောင်ပြီး သူ ဇာတ်ရုံနောက်မှာ နေရာအနှံ့ လျှောက်သွားနေတော့၏။
တစ်နေရာအရောက်မှာ…

"ခွီး… " .

မျောက်လိမ္မာတစ်ကောင်က မာန်ဖီခြင်းဖြစ်သည်။ သူ့ကို မာန်ဖီ
ခြင်းဖြစ်၍ သူ လန့်သွားသည်။

ထိုအတူ…

“ဝုတ်…ဝုတ်”

လှောင်အိမ်ထဲမှ ခွေးများကလည်း ဝိုင်းဟောင်သည်။ သူ့ကို ဟောင်တာ သေချာသည်။ မြင်းလိမ္မာကလည်း ခွာရုပ်ပြီး ‘ဟီ’သည်။ ဆင်လိမ္မာကြီးက မျက်လုံးဖွင့်ပြီး သူ့ကို လိုက်ကြည့်သည်။

“ဟာ…ဒုက္ခပဲ”

သူ့အနေအထားကို သူ သိလိုက်သည်။ ဆက်ကပ်သမားများ ကတော့ မသိသေး…။

“ဒီကောင်တွေ ဘာဖြစ်တာလဲ”

“အေးလေ…။ ဘာအနံ့ ရလို့ပါလိမ့်…”

“တစ်ခုခုတော့ တစ်ခုခုပဲ”

“ဟုတ်တယ်…။ တစ်ကောင်ကောင် ရောက်လာလို့ ဖြစ်မယ်”

သူ့ဆေးက “လူ့မျက်လုံးဖြင့်” မမြင်နိုင်သော ဆေးသာဖြစ်သည်။ အချို့တိရစ္ဆာန်တွေရှေ့မှာ ကိုယ်တော့ အနေခက်ပြီ။ အခြေအနေကို သည့်ထက်ပိုပြီး ရုတ်ရုတ်သည်းသည်း မဖြစ်အောင် ထိန်းသိမ်းရလိမ့်မည်။ သို့သော် ဘယ်လိုထိန်းသိမ်းရမည်မှန်းလည်း မသိ။

မှင်မပျက် ဣန္ဒြေကလေးနှင့် ရွှေ့ရှားရသည်။ ဒီကောင်တွေ မျက်စေ့ နောက်၍ မဖြစ်။ ပြောမည့်သာ ပြောရသည်။ အဝတ်အစား မပါလာသော သူ့ကို ဒီကောင်တွေ အတော်သည်းခံပြီး စောင့်ကြည့်နေရခြင်းဖြစ်မည်။ (သူတို့ကျတော့လည်း အဝတ်အစားပါတာ မဟုတ်ဘဲနဲ့)

သူတို့မျက်စေ့ရှေ့မှောက်မှ မြန်မြန်လွတ်အောင် သူ တဖြည်းဖြည်း ရွှေ့ရှားနေရ၏။

ထိုစဉ်မှာပဲ…

“ဒီည ပရိသတ် အတော်များတာပဲ”

စကားသံနှင့်အတူ ပွဲကံထရိုက်ဖြစ်ဟန်တူသော လူတစ်ယောက် ဝင်လာသည်။ သားသားနားနား ဝတ်စားဆင်ယင်ထားသည်။ သူ့ဘာသာ သားနားတာ မသားနားတာက ကိုယ်နှင့်မဆိုင်သလို အရေးလည်း မကြီးပါ။

ကိုယ်နှင့်ဆိုင်ပြီး အရေးကြီးသည်က သူ့နောက်မှ ပါလာသော အယ်ဖေး ရှင်းခွေးကြီးဖြစ်၏။

'သောက်ဂွပဲ'

ထိုခွေးကြီးကို ထိုလူ ကြိုးနှင့်ဆွဲထားခြင်းလည်း မဟုတ်ချေ။ ထိုခွေးကြီးမှာ ကြိုးလည်းမရှိ၊ တရှုံ့ရှုံ့နှင့် အနံ့ခံ စပ်စုရင်း လှောင်အိမ်ထဲမှ ခွေးများနှင့် အပြန်အလှန်ဟောင်သည်။ နောက်တော့ ဒင်းကြီးကလည်း သူ့ကို မြင်သွားလေသည်။ 'ဒီလိုလူမျိုးကို ငါ တစ်ခါမှ မမြင်ဖူးပါဘူး' ဟုသော အကြည့်မျိုးဖြင့် တွေဝေပြီး ကြည့်နေသေး၏။

သူ့ရင်တွေ တဒိတ်ဒိတ် ခုန်နေမိသည်။ ဘာမှ မတတ်နိုင်တော့ နောက်ဆုံး...

''ဝုတ်...ဝေါင်း''

ခွေးကြီးက သူ့ဆီသို့ တဟုန်ထိုးပြေးဝင်လာ၏။ မည်သို့မှ စဉ်းစား နေချိန်မရတော့ဘဲ လှည့်ပြေးရင်း လူအချို့ကို ဝင်တိုက်မိ၏။

''ဝုန်း...ဒိုင်း...''

''ဟ...။ ဘာတုန်းဟ''

ဆက်ကပ်သမားတွေ အတုံးအရုံး လဲကုန်ကြသလို ပစ္စည်းတွေ ကလည်း ဝရုန်းသုန်းကား ပြိုကျကုန်၏။ အဖြစ်အပျက်ကို လူတွေက နားမလည်ကြ၊ တိရစ္ဆာန်တွေကသာ နားလည်သဖြင့် အော်သံ၊ ဟောင်သံ၊ ဟီသံတွေ ဆူညံသွားတော့သည်။

''ရှောင်ကြဟေ့...ရှောင်ကြ။ ဘာကြီးလဲ မသိဘူး''

အားလုံးက ထွက်ပေါက်ကို ဖွင့်ပေးကြသည်။ ပျာပျာသလဲ ဘေး ရှောင်ထွက်ပေးကြသည်။ ထိုကြောင့် သူ လွတ်မြောက်ရန် လမ်းပွင့်သွား သည်။ သူ့နောက် လိုက်လာသော (ကံထရိုက်၏)ခွေးကြီးကိုလည်း သူတို့လူတွေကပဲ ပြန်ဖမ်းချုပ်ထားကြ၏။ သူ့လို ဘာမှန်းမသိသော သတ္တဝါနှင့် မပတ်သက်စေလိုသော သဘောဖြင့်ဖြစ်သည်။ စိတ်ပေါ့သလို အသက်ပြင်းပြင်းရှူမိချိန်မှာပဲ...

''ဟင်''

သူ့ကိုယ်ကို ကြိုးကွင်းတစ်ကွင်း လာစွပ်သည်။ ဆပ်ကပ်သမားတစ်ဦး ပစ်လွှင့်လေ့ကျင့်နေသော ကြိုးကွင်းက သူ့ကို တိုက်တိုက်ဆိုင်ဆိုင် လာစွပ်မိခြင်းဖြစ်သည်။ သူ အခက်တွေ့သွားသလို ကြိုးကွင်ပစ်သူလည်း ကြက်သေ သေသွားသည်။ သို့သော် ထိုလူက လျှင်မြန်လေသည်။

ကြိုးကို တင်းနေအောင် တုံ့ဆွဲလိုက်ပြီး သူ့ကို ထိုကြိုးနှင့်ပင် အထပ်ထပ် ပတ်ရစ်လိုက်၏။ ထွက်ပြေးဖို့နေနေသာသာ သူ လှုပ်လို့ပင် မရတော့ချေ။

ထိုအခါကျမှ ကျန်လူများက သူ့ကို ဝိုင်းအုံလာကြသည်။ ကြိုးကွင်းစွပ်သမားကို...

''ဘာကြီးလဲ...ဘာကြီးလဲ''

''မသိပါဘူး...။ အခု ကြိုးကွင်းထဲ စွပ်မိနေပြီ''

သို့သော်... သူ့ကို မည်သူကမှ မတို့ မထိရဲကြ။ သူ့ကို ထိုးဟောင်ရင်း ရုန်းကန်နေသော ခွေးကြီးကို လွှတ်မပေးစေဘဲ ကံထရိုက်က သူကိုယ်တိုင် လာကာ...

''တုတ်နဲ့ ထိုးကြည့်ကြစမ်း''

သူ့ကို တုတ်နှင့် ဝိုင်းထိုးကြလေသည်။ ဘဝမှာ ဒါမျိုးကို တစ်ခါမှ မကြုံဘူးချေ။

''လေအစိုင်အခဲကြီးဟ''

''ဟုတ်တယ်...။ လူပုံစံ လေစိုင်ခဲကြီး''

နှိုက်နှိုက်ချွတ်ချွတ် စမ်းသပ်သူတစ်ဦးက ဖြည့်ပြောပြန်သည်။ ရှာရှာဖွေဖွေနှင့်...။

''ယောကျ်ားအင်္ဂါ အပြည့်အစုံပါတဲ့ လေစိုင်ခဲကြီးဟေး...''

''ဟာ...ဟုတ်တယ်...ဟုတ်တယ်။ အတော်ထူးဆန်းတာပဲ''

သူ ငိုချင်မိလေသည်။ သူတို့ချင်းကတော့ ခေါင်းချင်းဆိုင်ကြ၏။

''ဒါကြီးကို စင်ပေါ်တင်ပြလိုက်ရင် ကောင်းမယ်''

''ဟာ...သိပ်ကောင်းတာပေါ့။ ဒီထက်ကောင်းတဲ့ပြကွက် မရှိတော့ဘူး''

သူ့ကို စင်ထောင့်သို့ ဝန်းရံ ဆွဲခေါ်သွားကြလေသည်။ သူ ဘုရားတ နေမိ၏။ ကယ်တော်မူကြပါ။ ဘယ်လိုလုပ်ရပါ့မလဲ။ ဆက်ကပ် သမားတစ်ယောက်၏ လက်မှ နာရီကို လှမ်းကြည့်မိ၏။ ဆယ့်တစ်နာရီခွဲ ကျော်နေပြီ။ ၁၂ နာရီထိုးလျှင် ဆေးပြယ်ပြီး သူ၏ လုံးတီးခန္ဓာက ပေါ်တော့မည်။ ထွက်ပြေးနိုင်သော လမ်းစကလည်း ဘယ်လိုမှ မရှိတော့။ သွားပြီး…။ သူ့ဘဝက ဘာဖြစ်လာမှန်းကို မသိဘဲ တစ်ခုခုတော့ ဖြစ် သွားပြီ။

စင်ပေါ်မှ လက်ရှိဖျော်ဖြေမှု ဆုံးသွားချိန်မှာ အစီအစဉ်ကြေငြာသူ၏ အသံသာ ထွက်လာသည်။

"ချစ်လှစွာသော ရွှေပွဲလာ ညှော့ပရိသတ်အပေါင်းတို့ခင်ဗျာ…။ ခုအချိန်မှာ အထူးအဆန်းဆုံး ပြကွက်တစ်ခုကို ကျွန်တော်တို့ တင်ဆက်ပါ တော့မယ်။ ကျွန်တော်တို့ဟာ ယောကျ်ားအင်္ကျီအပြည့်အစုံပါတဲ့ လေစိုင်ခဲ ကြီးတစ်ခုကို ထိန်းချုပ်ရမိထားပါတယ်။ ကြိုးပတ်နေမိတဲ့ပုံစံကို ကြည့်ရုံနဲ့ ဒီလေစိုင်ခဲကြီးရဲ့ အသွင်သဏ္ဌာန်ကို မှန်းလို့ ရပါတယ်။ စင်အောက်က လှမ်းကြည့်ရုံနဲ့ မြင်သာပါတယ်။ ဒါပေမဲ့ ဘဝင်မကျသူတွေ ရှိခဲ့ရင်လည်း စင်ပေါ်တက်ပြီး ဒီလေစိုင်ခဲကြီးကို ကိုင်တွယ်စမ်းသပ် ကြည့်နိုင်ပါတယ်"

လေဆင်နှာမောင်းက သူ့နားစည်ကို ခွဲပြီး ဝင်လာသလို ခံစား လိုက်ရသည်။ ရင်ထဲမှာလည်း မိုင်းဗုံးတွေ တစ်လုံးပြီးတစ်လုံး ထပေါက် သလို အမေရေ…။

သူ့ကို စင်ပေါ်သို့ ဆွဲခေါ်သွားကြ၏။ ပရိတ်သတ်က အံ့ဩတကြီး ငေးကြည့်နေကြသည်။ သူကလည်း ပရိသတ်ကို ငူငူကြီး ပြန်ကြည့်နေမိ သည်။ ပရိသတ်က သူ့ကို မမြင်။ သူကတော့ ပရိသတ်ကို မြင်သည်ပေါ့။ မိုးကေရီတို့သုံးယောက်ကိုလည်း မြင်သည်။ ဖြိုးပြည့်ပြည့်ဖော်နှင့် သူ့အဒေါ် အပျိုကြီးကိုလည်း မြင်သည်။ သိဟောင်းကျွမ်းဟောင်းတွေကိုလည်း မြင်သည်။ သူ့ရုံးခန်းမှာ လာဆွေးနွေးဘူးသော ညှော့သည်အချို့ပင် ပါသေး။

"လက်တွေ့မှ ယုံလိုသူများရှိရင် ဒီလေစိုင်ခဲကြီးကို စင်ပေါ်တက်

ပြီး စမ်းသပ်ကြည့်နိုင်ပါတယ် ခင်ဗျား။ ယောက်ျားအင်္ဂါ အပြည့်အစုံပါတဲ့ လေစိုင်ခဲကြီးပါ''

အစမှာတော့ ဘယ်သူမှ တက်မလာ။ နောက်တော့ (ရပ်ကွက်ထဲမှာ စပ်စပ်စုစု အတင်းပြောလေ့ရှိသူ မိန်းမကြီးများပုံစံ) အန်တီကြီးနှစ်ယောက် ပါတိတ်ဝမ်းဆက်ကိုယ်စီဖြင့် တက်လာသည်။ သူ့ကို စေ့စေ့စပ်စပ် စမ်းသပ်ကြည့်ကြတော့၏။ သူ အငွေ့ပျံ ပျောက်ကွယ်သွားချင်တော့သည်။

''ဟယ်…ဟုတ်တယ်တော့။ တကယ့်လေစိုင်ခဲကြီးပဲ''

''လူပုံစံပဲနော်''

''ဟုတ်တယ်။ ယောက်ျား…ယောက်ျား…''

တောက်…။ ဘဝက ဆိုးလှပါတော့သည်။ သူတို့နှစ်ယောက်ဆင်းသွားပြီးနောက်ပိုင်းမှာ တစ်ယောက်ပြီးတစ်ယောက်၊ တစ်စုပြီးတစ်စု တက်လာပြီး သူ့ကို စမ်းသပ်ကြည့်ကြတော့သည်။

''ဒီလောက် ထူးဆန်းတာကို တစ်ခါမှ မကြုံဖူးဘူး''

''ယောက်ျားစစ်စစ် ကေန်ဖြစ်ပါတော့သည် ခင်ဗျား''

ခေါင်းတညိတ်ညိတ် ခေါင်းတခါခါဖြင့် အားလုံး ရင်သပ်ရှုမောဖြစ်ကြသည်။ 'ဘယ်လိုလုပ်ထားတာလဲ မသိဘူး'ဟု အမေးမှ မှတ်ချက်ချသူကလည်း ချ၏။ အစီအစဉ်ကြေငြာသူက…

''ဘယ်လိုမှ လုပ်ထားတာ မဟုတ်ပါဘူး ခင်ဗျား။ သဘာဝအရဖြစ်ပေါ်လာတဲ့ လေစိုင်ခဲကြီးပါ။ ဖြည်းဖြည်းပါ ခင်ဗျား။ ဖြည်းဖြည်း…ဖြည်းဖြည်း စမ်းကြပါ။ လေစိုင်ခဲလုလင်ကြီးက ယားတတ်တယ်ခင်ဗျ။ ရှက်တတ်ပုံလည်း ရတယ်။ တစ်ချက်တစ်ချက်မှာ လွန်းထိုးယိမ်းခါသွားတယ်။ လူသားအစစ်ဆိုရင်တော့ တွန့်…တွန့်သွားတယ် ဆိုပါတော့ ခင်ဗျာ။ လိုအပ်တာကိုပဲ စမ်းသပ်ကြပါ''

ဘယ်သူ့ကိုရယ်တော့ မဟုတ်၊ စိတ်ထဲမှ ပျစ်ပျစ်နစ်နစ်ဆဲနေမိ၏။ သူ့ကို လာစမ်းသပ်သူတစ်ယောက်၏ လက်မှနာရီကိုကြည့်မိတော့ ၁၂နာရီ ထိုးတော့မည်။

"တော်တော်ထူးဆန်းတဲ့ လေစိုင်ခဲကြီးပဲနော်။ ခစ်...ခစ်..."

"အေးနော်။ အဟိ...။ ဒါနဲ့တင် တန်တယ်"

ဘာနဲ့တင် တန်တာလဲ။ ငါလေ...။ တယ်...ပြောလိုက်ရ...။ သူက (မျက်စေ့မှိတ်ထားမိသည့်အချိန်က များသဖြင့်) သူ့ကို လာရောက် စမ်းသပ်ကြည့်ရှုသူများထဲတွင် မိုးကေရီ၊ လင်းနန္ဒာဦးနှင့် ဖြိုးပြည့်ပြည့် ဇော်တို့ ပါမပါ မသိ။ လောလောဆယ် သူသိသည်ကတော့ ၁၂နာရီ ထိုးတော့မည်။ ခပ်သီသီပဲ လိုတော့သည်။ စင်မြင့်အလယ်၊ လူပုံအလယ်၊ မီးရောင်စုံများအလယ်တွင် သူ အရှက်မဲ့ ခန္ဓာက ဘွားဘွားကြီး ပေါ်တော့ မည်။ အတတ်ဆန်း၍ ရှက်ပန်းပွင့်ခဲ့ရလေတော့မည်။

●●●

(အမှန်တော့ ဝတ္ထုကို ဤနေရာမှာ ရပ်တန့်ပစ်ရန် ဖြစ်သည်။ သို့သော်...)

အဖြစ်ဆိုးကြီး ကြုံရမည့်ဇာတ်ကောင် သနားမိလို့ စာရေးဆရာက ဝင်ရောက်ကယ်တင်ပေးပါတယ်...။

ဒါပေမယ့်...

အပြည့်အဝ ကယ်တင်ပေးနိုင်စွမ်း မရှိပါဘူး။

တစ်စိတ်တစ်ပိုင်းမျှကိုသာ ကယ်တင်ပေးနိုင်ပါတယ်။

စာရေးဆရာက ဝတ္ထုထဲကို ဘယ်လို ဝင်ပါလာတာလဲလို့ မမေးကြပါနဲ့။

ဒီလိုပဲ ဝင်ပါလိုက်ပါတယ်။

ဆက်ဖတ်လိုက်ကြပါ။

"ဟော့…ဟော့…။ ခင်ဗျားတို့ ဒီကိစ္စကို ရပ်လိုက်ကြစမ်း"

သူ့ကို လက်ရှိစမ်းသပ်နေသူ(သို့မဟုတ်)နောက်ဆုံးစမ်းသပ်နေသူက ထိတ်လန့်တကြား အော်ဟစ်လိုက်သည်။

အားလုံးကြောင်အမ်းပြီး ထိုပုဂ္ဂိုလ်ကို ဝိုင်းကြည့်ကြသည်။

ဆက်ကပ်စီစဉ်သူများကလည်း နားမလည်နိုင်သလို ဖြစ်သွားသည်။

ထိုပုဂ္ဂိုလ်က အားလုံး သိမ်းကျုံးအော်သည်။

"ဒါ…လူပုံစံလေစိုင်ခဲ မဟုတ်ဘူး။ လူအစစ်ကြီး"

"ဘာ…"

"ဟုတ်တယ်။ ဘယ်လိုဖန်တီးထားတာလဲ မသိပေမဲ့ ဒါ လူအစစ်ကြီး"

"ခင်ဗျား ဘာကြောင့် ပြောနိုင်တာလဲ"

"သူ့ လက်ကောက်ဝတ်သွေးကြောလည်း ခုန်တယ်။ နှလုံးကလည်း ခုန်တယ်။ နှာခေါင်းကလည်း အသက်ရှူတယ်"

ထိုပုဂ္ဂိုလ်က တစ်ဆက်တည်း ဆက်ပြော၏။

"လူတစ်ယောက်ကို မမြင်ရအောင် ဖန်တီးနိုင်တယ်ဆိုတာ… မရိုးသားစိတ်ရှိရင် ရာဇဝတ်မှုကို ဦးတည်နိုင်တယ်။ ဒီပြကွက်ကို ရပ်ပါ။ လိုက်ကာကို ခုချက်ချင်း ချပါ။ ကျုပ် ဒေါက်တာဦးသီလပါ"

လိုက်ကာကြီး ကျလာ၏။ ပရိသတ်ရှေ့မှာ သူ အကာအကွယ်ရသွား၏။

ထိုအချိန်မှာပဲ ၁၂နာရီထိုးလေ၏။ (နည်းနည်းတော့ တော်ပါသေးသည်)

မည်သို့ပင်ဖြစ်စေ…ဤကိစ္စကို ဖုံးကွယ်ထား၍ ရမည်မဟုတ်ပါ။ တာဝန်ရှိသူများက စုံစမ်းပြီး အဖြစ်မှန်ကို ဖော်ထုတ်လိမ့်မည် ဖြစ်သည်။

ထို ယောကျ်ားအင်္ဂါအပြည့်အစုံပါသော လေစိုင်ခဲကြီးသည် 'သူ' ဖြစ်ကြောင်း…

အားလုံးက သိသွားကြဦးမည် ဖြစ်သည်။

သူ့ကို စမ်းသပ်ကြည့်ရှုခဲ့သူများကို သူက မျက်နှာပူရမည်။

သူ့ကို စမ်းသပ်ကြည့်ရှုခဲ့သူများကလည်း သူ့ကို မျက်နှာပူဦးမည်။

●

ခက်တော့ ခက်လှပြီ…။

ရန်ကုန်မြို့တွင်းမှ ကြက်တူရွေးတစ်ကောင်က တစ်ခွန်းတည်းသော စကားကို ထပ်ခါထပ်ခါ အော်သည်။

"အားနာစရာကြီး"

"အားနာစရာကြီး"

"အားနာစရာကြီး"

**တာရာမင်းဝေ**